ဆရာအတွက်အမှာစာ

ဤအမှာစာတွင် ဆရာလမ်းညွှန်စာအုပ်မိတ်ဆက် (Introduction)၊ သင်ခန်းစာအစီအစဉ်များ (Lesson Plans) နှင့် ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words) ဟူ၍ အဓိက အပိုင်း ၃ ပိုင်းပါရှိသည်။ လိုအပ်ပါက

၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက် (Introduction)

(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းကိုခြုံငုံတင်ပြခြင်း

(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ

(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)

(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ

(င) စာသင်ခန်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း

(စ) ၂၁ ရာစုကျွမ်းကျင်မှုများ (21st Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)

(ဆ) အလယ်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း

(ဇ) သင်ရိုးမာတိကာ(Syllabus)နှင့် စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ်(Year Plan)

(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းကိုခြုံငုံတင်ပြခြင်း - ကျောင်းသားဗဟိုပြုသင်ကြားသည့် အလယ်တန်းအဆင့် စာသင်ခန်းများတွင်အောက်ဖော်ပြပါ အဓိကအချက်များကို လေ့လာတွေ့ရှိနိုင်ပါသည်။

- သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ရှိသည်။
- ကျောင်းသားများသည် တက်ကြွစွာသင်ယူကြပြီး အတန်းဖော်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။
- ဆရာများသည် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် တွေ့ကြုံရမည့် အခက်အခဲပြဿနာများကို ဖြေရှင်းရသည့်အခြေအနေများနှင့် စိန်ခေါ်မှုများ ဖန်တီးပေးသည်။
- ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်း (Problem Solving)နှင့်အဆင့်မြင့်ဆန်းစစ်တွေးခေါ်ခြင်း (Higher Level Critical Thinking) ဆိုင်ရာကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာသည်။
- ဆရာက ကျောင်းသားများအား ရှင်းပြသည်၊ မေးခွန်းများမေးသည်၊ နားထောင်သည်။ ကျောင်းသားများက ဆွေးနွေးကြသည်၊ မေးခွန်းများမေးကြသည်၊ နားထောင်ကြသည်။

(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ - ထိရောက်သော သင်ကြား သင်ယူမှုတွင် ဆရာနှင့် ကျောင်းသားများ အတူတကွ အောက်ပါတို့ကိုဆောင်ရွက်ကြသည်။

- ✔ ကျောင်းသားများအတွက် ဆရာက သင်ယူမှုကို ရှင်းလင်းအောင်ဆောင်ရွက်ပေးသည်။ ⇨ **သင်ခန်းစာအကြောင်းအရာနှင့် အသိပညာ**
- ✔ ဆရာနှင့် ကျောင်းသားများသည် သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းမျိုးစုံအသုံးပြုကြသည်။ ⇨ **သင်ကြားနည်း**
- ✔ ပုံမှန်အားဖြင့် ဆရာနှင့် ကျောင်းသားများသည် တိကျရှင်းလင်းသော အကြံပြုချက် (Feedback)များကို အပြန်အလှန်ပေးကြသည်။ ⇨ **စစ်ဆေးအကဲဖြတ်ခြင်း**

သင်ယူမှုရလဒ်များ (Learning Outcomes)- သင်ယူမှုအချိန်ကာလတစ်ခုအဆုံး၌ ကျောင်းသားများအား မည်သည့်အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်နေသဘောထား၊ တန်ဖိုးထားမှုများကိုသိရှိသွားစေရန်၊ နားလည်သွားစေရန်၊ ပြုလုပ်နိုင်စေရန် မျှော်မှန်းထားသည်ကို ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသော ဖော်ပြချက်များ ပါရှိသည်။ (သင်ခန်းစာအစီအစဉ်များ (lesson plans) ကို ကြည့်ပါ)

(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း(Bloom's Taxonomy)-အလယ်တန်းအဆင့် ကျောင်းသားများတွင် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များ (Higher Order Thinking Skills) ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ခန်းစာအစီအစဉ်များ (Lesson Plans) နှင့် သင်ယူမှုလုပ်ငန်းများ (Activities)တွင် ဘလွန်းမ်၏ သင်ယူမှုအဆင့်များထည့်သွင်းထားသည်။ သင်ခန်းစာအစီအစဉ်များတွင် ယင်းအဆင့်များကိုဖော်ပြသည့် အဓိကစကားလုံးများ (မှတ်မိသည်၊ နားလည်သည်၊ အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်သည်၊ တီထွင်ဖန်တီးသည် အစရှိသည်)ကို ရှာဖွေကြည့်ပါ။



ဘလွန်းမ်၏သင်ယူမှုအဆင့်များပြပုံ

DBE BOX

(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင်မေးမြန်းနိုင်သောမေးခွန်းများ- ဆရာသည် သင်ခန်းစာ၏အစ၊ အလယ်၊ အဆုံးအဆင့်များတွင် အောက်ဖော်ပြပါ မေးခွန်းများကို မေးမြန်းဆန်းစစ်သင့်ပါသည်။

သင်ခန်းစာအစတွင်

- ✔ ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများသည် မည်သည့်ကျွမ်းကျင်မှုများနှင့် အသိပညာများကို သင်ယူရရှိသွားမည်နည်း။
- ✔ စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသားများကို မည်သို့စုစည်းမည်နည်း။
- ✔ ဆရာအတွက် မည်သည့်သတင်းအချက်အလက်များ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့်သတင်းအချက်အလက်များ လိုအပ်သနည်း။
- ✔ ဆရာအတွက် မည်သည့်ကိရိယာ၊ သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့်ကိရိယာ၊ သင်ထောက်ကူပစ္စည်းများလိုအပ်သနည်း။
- ✔ သင်ထောက်ကူပစ္စည်းများကို မည်သို့ရရှိစုစည်းပြီး အသုံးပြုမည်နည်း။
- ✔ မည်သည့် ရလဒ်ရလိမ့်မည်ဟု သင်ထင်သနည်း။

သင်ခန်းစာအလယ်တွင်–

- ✔ သင်ခန်းစာ၊ သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ၊ မရှိ။
- ✔ ကျောင်းသားများက သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာအနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ ရှိ၊မရှိ။

သင်ခန်းစာအဆုံးတွင်–

- ✔ မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ၊ မရှိ။
- ✔ သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်စေသည့် အခြားမေးခွန်းများထွက်ပေါ်စေခဲ့ခြင်း ရှိ၊ မရှိ။
- ✔ အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်ခဲ့ခြင်း ရှိ၊ မရှိ။
- ✔ ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူနိုင်ခဲ့ကြသနည်း။
- ✔ ဆရာ၏ သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါ သဘောတရားများနားလည်မှုကိုစစ်ဆေးရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ၊ မရှိ။
- ✔ ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမိုကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

DBE Box

(ဂ)စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကိုခြုံငုံတင်ပြခြင်း– သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှု အားလုံး၏ ၉၀%ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားနှင့် ဆရာတို့အား အကြံပြုချက်များ (Feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့်စစ်ဆေး အကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက် အောင်မြင်စွာ သင်ယူလိုပါက နောင်တွင် မည်သို့သင်ယူရန် လိုအပ်သည်ကို ခွဲခြားသိရှိနိုင်စေရန်ကူညီပေးသည်။ ဆရာများသည် ထိရောက်သော သင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

(၁) စာသင်ခန်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်းတွင်အောက်ပါနည်းလမ်းများပါဝင်သည်–

- **ကျောင်းသားဗဟိုပြုမှု** – ဆရာနှင့်ကျောင်းသားများသည် သင်ကြားရေးထက် သင်ယူမှုကို လေ့လာကြည့်ရှုရေးနှင့် သင်ယူမှုပိုမိုကောင်းမွန်ရေးကိုပိုမိုအလေးထားကြသည်။ ကျောင်းသားများသည် (ဆရာက မည်သည်ကို လုပ်ဆောင်ရန်ပြော၍မဟုတ်ဘဲ)မည်သည်ကို သင်ယူရန်နားလည်ကြသည်။
- **ဆရာ၏ဆုံးဖြတ်စီစဉ်မှု** – ဆရာအသီးသီးသည် မည်သည်ကို မည်သို့စစ်ဆေးအကဲဖြတ်ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။
- **ကျောင်းသားများ၏တက်ကြွသောပါဝင်ဆောင်ရွက်မှု** – ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ပါဝင်သောကြောင့် မိမိတို့မည်သည့်အရာကို သင်ယူသင့်သည်ကို ပိုမိုနားလည်ကြသည်။ ထို့အပြင် မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း (Self-assessment) တွင်လည်း ပိုမိုကျွမ်းကျင်လာသည်။ ကျောင်းသားများသည် ဆရာက ၎င်းတို့ကို သင်ယူသူအဖြစ် စိတ်ဝင်စားမှုရှိကြောင်း သတိပြုမိသောအခါ သင်ယူလိုစိတ် မြင့်မားလာသည်။
- **သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment)** – သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသား၏ သင်ယူမှုတိုးတက်မှု အခြေအနေအကြောင်းကို ဆရာ သိရှိစေသော အထောက်အထားများဖြစ်သည်။ သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှသာ ဆရာက ကျောင်းသားများ၏ သင်ယူမှုတိုးတက်စေရန် ကူညီပေးနိုင်မည်ဖြစ်သည်။ ဆရာက ကျောင်းသားများ၏ သင်ယူမှုဆိုင်ရာအထောက်အထားကို အကောင်းဆုံး မည်သို့မှတ်သားမည်ကို ဆုံးဖြတ်ရန်လိုအပ်သည်။ သို့မှသာ ရရှိသည့်အထောက်အထားအပေါ်မူတည်၍ ဆရာသည် ကျောင်းသား၏ သင်ယူမှုတိုးတက်စေရန်

မိမိ၏သင်ကြားမှုကို ကိုက်ညီနိုင်သည်။ ဆရာများ၏ သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုစွမ်းရည်နှင့် နည်းလမ်းများ ပိုမိုကောင်းမွန်စေရေးအတွက် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများ (Soft Skills: C - ၅ လုံး) ဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ရန်အရေးကြီးသည်။ ဆရာတိုင်းတွင် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများရှိလျှင် သင်ခန်းစာတိုင်းတွင် ကျောင်းသားများ၏ သင်ယူမှုကို မြှင့်တင်အားပေးနိုင်မည်ဖြစ်သည်။

(၂) စာသင်ခန်းအဆင့်သင်ကြားစဉ်စစ်ဆေးအကဲဖြတ်ခြင်းအတွက်နည်းဗျူဟာများ–

- **လေ့လာကြည့်ရှုခြင်း (Observation)** - လက်တွေ့လုပ်ငန်းများ၊ သရုပ်ပြလှုပ်ရှားဆောင်ရွက်မှုများအတွက် ပြင်ဆင်ဆောင်ရွက်နေကြစဉ် အုပ်စုလိုက် ဆောင်ရွက်ကြပုံများကို ဆရာက တိုက်ရိုက်လေ့လာကြည့်ရှုခြင်းနှင့် တွေ့ရှိချက်များကို မှတ်တမ်းထားခြင်းဖြစ်သည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများ (Soft Skills: C - ၅ လုံး) ကိုလည်း လေ့လာကြည့်ရှုပါ။
- **မေးခွန်းများမေးခြင်း (Questioning) -** ဆရာသည် ကျောင်းသားများ၏ သိနားလည်မှု (ဘလွန်းမ်၏ သင်ယူမှုအဆင့်ခွဲခြင်း)ကို ဆုံးဖြတ်ရန် မေးခွန်းများမေး၍ ရရှိသော ရလဒ်အရ ၎င်း၏ သင်ကြားမှုကို ချိန်ဆသည်။ ဤသို့ဆောင်ရွက်ခြင်းသည် သင်ခန်းစာများ သို့မဟုတ် သင်ခန်းစာတစ်ခု၏ နောက်ဆုံးအဆင့်ဖြစ်သော ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတွင်သာမက စာသင်ကြားစဉ် အချိန်မရွေးဖြစ်ပေါ်နိုင်သည်။
- **ကျောင်းသားများ၏သင်ယူမှုဂျာနယ် (Student Learning Journal) -** ဆရာသည် စဉ်းစားဖြေဆိုရသည့် မေးခွန်းများ (Open-ended Questions) (ဥပမာ- မည်သည်ကို သင်ယူခဲ့ပြီးဖြစ်သည်၊ မည်သည်ကို သင်ယူရန်လိုအပ်နေသေးသည်) ကိုပေး၍ ကျောင်းသားများအား လေ့ကျင့်ခန်းစာအုပ်တွင် အဖြေများရေးသားစေခြင်းဖြစ်သည်။ ဤကဲ့သို့ သင်ယူမှုဂျာနယ်ရေးခြင်းကို သင်ခန်းစာပြီးဆုံးသောအခါ ပြန်လည်သုံးသပ်ခြင်းအဖြစ် သုံးနိုင်သည်။ ထို့ပြင် နောက်သင်ကြားမည့် သင်ခန်းစာရည်ရွယ်ချက်နှင့် ပတ်သက်ပြီး ကျောင်းသားများအား ၎င်းတို့သိရှိပြီးသော အကြောင်းအရာများကို ရေးသားစေပြီး သင်ခန်းစာ၏အစတွင် ကျောင်းသားများ၏ ယခင်ရှိပြီးသား ဗဟုသုတကို ဆုံးဖြတ်ရန် အသုံးပြုနိုင်သည်။ ဆရာသည် ကျောင်းသားများ၏ သင်ယူမှုဂျာနယ်များကို နမူနာ (ဥပမာ- ၁၀ အုပ်) ကောက်ယူကြည့်၍ တစ်တန်းလုံး၏ တတ်မြောက်မှုအခြေအနေ သို့မဟုတ် ယခင်ရှိပြီးသား ဗဟုသုတကို ခြုံငုံအကဲဖြတ်ခြင်းနှင့် တွေ့ရှိချက်အပေါ်မူတည်၍ သင်ကြားမှုကိုက်ညီခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(စ) ၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills) နှင့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills) - လူငယ်များသည် ရှုပ်ထွေးသော ကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစုကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများလိုအပ်ပါသည်။ C - ၅ လုံး သို့မဟုတ် သင်ယူမှုအတွက်အရေးကြီးသောကျွမ်းကျင်မှုများမှာ -

- ✔ **ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)** -အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း (Group work)-ကျောင်းသားများအား အုပ်စုဖြင့် လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များ မျှဝေခြင်းနှင့် ပြဿနာအခက်အခဲများကို ပူးပေါင်းအဖြေရှာတတ်ရန် အားပေးသည်။
- ✔ **ဆက်သွယ်ပြောဆိုခြင်း (Communication)** - နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာ အားဖြင့် ဆက်သွယ်ခြင်း - စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။
- ✔ **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)** - ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။
- ✔ **တီထွင်ဖန်တီးခြင်း (Creativity and Innovation)**- အတွေးအခေါ်အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကိုဖြေရှင်းခြင်းတို့ပြုလုပ်ရန် သတ်မှတ်ထားသည့်စည်းဘောင် အတွင်းမှ ပြင်ပသို့ထွက်၍ တွေးခေါ်စေခြင်းဖြစ်သည်။
- ✔ **နိုင်ငံသားကောင်းဖြစ်ခြင်း (Citizenship)** - ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းစသည့် စိတ်ဓာတ်များ ရှိခြင်းတို့ဖြစ်သည်။

(ဆ) အလယ်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရွှေထောင့်များကို ဖြုံဖုံတင်ပြခြင်း (ကျား–မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု) – အမျိုးသားပညာရေးဥပဒေ (၂၀၁၄)၌ သင်ရိုးညွှန်းတမ်းသည် မတူကွဲပြားခြားနားခြင်း (diversity)ကို နားလည်လက်ခံသော၊ တန်းတူညီမျှမှု (equality)ကို အလေးထားသော၊ ဒီမိုကရေစီအလေ့အကျင့်နှင့် လူ့အခွင့်အရေး (human rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော တိုင်းရင်းသားမျိုးနွယ်စု အသီးသီး၏ ကြွယ်ဝသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသည့်အပြင် နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေ ရှိရမည်ဟု ဖော်ပြထားသည်။

အခြေခံစည်းမျဉ်းအနေဖြင့် အခြေခံပညာအဆင့် စာသင်ခန်းများသည် ကျား-မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှုတို့ကို မခွဲခြားဘဲ ကျောင်းသားအားလုံး အကျုံးဝင် (inclusive)

စေရန်ဖြစ်သည်။ အားလုံးအကျုံးဝင်ပြီး သာတူညီမျှမှု (equity) ရှိသော ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသားတစ်ဦးချင်းစီ၏ ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှုကိုထိန်းသိမ်းပြီး အခြားသူများနှင့်မတူကွဲပြားခြားနားမှုကို နားလည်အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာသင်ကြားခွင့် ရစေမည်ဖြစ်သည်။

ဆရာသည် နိုင်ငံသားကောင်းဖြစ်စေရန် စေ့ဆော်ပေးသည့် လိုလားဖွယ်ရာ အပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများပါသော မိမိ၏လှုပ်ရှားဆောင်ရွက်မှုများကို နမူနာကောင်းများအဖြစ် ကျောင်းသားများအား ပြသရန်လိုအပ်ပါသည်။ ယင်းအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများသည် ကျောင်းသားများတွင် နိုင်ငံသားကောင်းစိတ်ဓာတ်များ ပေါက်ဖွားလာစေမည်ဖြစ်သည်။

ထို့ပြင် ဆရာသည် မိမိ၏စာသင်ခန်းအတွင်း လူမှုရေးဘက်လိုက်မှုများကို သတိပြုရှောင်ကြဉ်ရမည်။ ယင်းတို့မှာ တရားသေစွဲမှတ်ထားသောအခန်းကဏ္ဍများ (stereotyped roles)၊ မတူညီသော ယဉ်ကျေးမှု၊ မတူညီသော လူမျိုးစုနိုင်ငံသားများအကြား ခွဲခြားဆက်ဆံမှုများ၊ လူမှုရေးအဆင့်အတန်းအရ ဘက်လိုက်မှုများ၊ ရိုးရာဓလေ့ ထုံးစံများနှင့် တန်ဖိုးထားမှုများကို လျစ်လျူရှုခြင်းတို့ဖြစ်သည်။

ဆရာသည် မိမိ၏ စာသင်ခန်း၊ သင်ခန်းစာများ၊ ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှမှုနှင့် အားလုံး အကျုံးဝင်မှုကို အားကောင်းစေသည့်အခြားဥပမာများ၊ အခွင့်အလမ်းများကိုရှာဖွေပါ။ ကျောင်းသား၊ ကျောင်းသူအားလုံးကို တန်ဖိုးထား လေးစားရေးအတွက် ကျောင်းရှိ အခြားဆရာများနှင့်လည်း မိမိ၏စိတ်ကူးများကို မျှဝေဆွေးနွေးနိုင်သည်။

(၈) သင်ရိုးမာတိကာ (Syllabus)နှင့် စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan) - သတ္တမတန်း၊ သမိုင်းဘာသာရပ် သင်ရိုးမာတိကာ၊ စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာခေါင်းစဉ်အလိုက် အချိန်ခွဲဝေမှုတို့ကို ဇယားများဖြင့် ဖော်ပြထားသည်။

DEB BOX

(၁) သတ္တမတန်း (Grade 7) သမိုင်းဘာသာရပ် သင်ရိုးမာတိကာ (Syllabus)

နယ်ပယ် (Strand)	သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives)	သင်ယူမှုရလဒ်များ (Learning Outcomes)	တတ်မြောက်မှု အဆွန်းကိန်းများ (Achievement Indicators)
ပုဂံခေတ်နောက်ပိုင်းပဒေသရာဇ်မင်းနိုင်ငံများပေါ်ပေါက်လာခြင်း	- ပုဂံခေတ်နောက်ပိုင်းပဒေသရာဇ်မင်းနိုင်ငံများပေါ်ပေါက်လာရခြင်း အခြေအနေကို ရှင်းပြတတ်ရန်	- ပုဂံခေတ်နောက်ပိုင်းစည်းလုံးမှုလျော့နည်းနေသည့်မြန်မာ့နိုင်ငံရေးအခြေအနေကို ရှင်းပြတတ်မည်။ - ပဒေသရာဇ် မင်းနိုင်ငံငယ် အချင်းချင်း အားပြိုင်မှုပြင်းထန်ခြင်းအကြောင်းကို ဆွေးနွေးတတ်မည်။	- ပုဂံခေတ်နောက်ပိုင်းစည်းလုံးမှုလျော့နည်းနေသည့်မြန်မာ့နိုင်ငံရေးအခြေအနေကို ရှင်းပြတတ်ခြင်း။ - အချင်းချင်း အားပြိုင်မှုပြင်းထန်ခြင်းကြောင့် ဖြစ်ပေါ်လာသောဆိုးကျိုးများကိုဆွေးနွေးတတ်ခြင်း။ - မိမိတို့နိုင်ငံတည်တံ့ခိုင်မြဲစေရန်မည်ကဲ့သို့ ဆောင်ရွက်မည်ကို ရှင်းပြတတ်ခြင်း။
တောင်ငူခေတ် (ပထမပိုင်း)	- တောင်ငူခေတ် စတင်ခြင်း၊ ဟံသာဝတီတည်ထောင်ခြင်း၊ ဘုရင့်နောင်၏နိုင်ငံစည်းရုံးရေးဆောင်ရွက်ချက်များနှင့် ဗမာ၊ မွန် နှင့် ရှမ်းဆက်ဆံရေးကို ဆန်းစစ်တတ်ရန်	- လူဦးရေပြောင်းရွှေ့မှုများကြောင့် နိုင်ငံတော်သစ်ပေါ်ထွန်းလာခြင်းအကြောင်းရင်းများကို ဆွေးနွေးတတ်မည်။ - ပဒေသရာဇ်တို့ နယ်ချဲ့ခြင်းသဘောသဘာဝကို ဆန်းစစ်တတ်မည်။	- လူဦးရေပြောင်းရွှေ့မှုများကြောင့် နိုင်ငံတော်သစ်ပေါ်ထွန်းလာသည့် အကြောင်းရင်းများကို ဆွေးနွေးတတ်ခြင်း။ - ပဒေသရာဇ်တို့၏ နယ်ချဲ့ခြင်းသဘောသဘာဝကိုဆန်းစစ်တတ်ခြင်း။

DRAFT

နယ်ပယ် (Strand)	သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives)	သင်ယူမှုရလဒ်များ (Learning Outcomes)	တတ်မြောက်မှု အဆွန်းကိန်းများ (Achievement Indicators)
ညောင်ရမ်းခေတ် (တောင်ငူခေတ်-ဒုတိယပိုင်း)	- ညောင်ရမ်းခေတ်တွင် အင်းဝပြန်လည် ထူထောင်ခြင်း၊ ပေါ်တူဂီ၊ ဒတ်ခ်ျ တို့နှင့် ဆက်ဆံရေး၊ သာလွန်မင်း၏အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲခြင်းနှင့် အင်အားကျဆင်းလာခြင်း အကြောင်းရင်းများကို သုံးသပ်တတ်ရန်	- အင်းဝကိုပြန်လည် ထူထောင်ရာတွင် လုပ်ဆောင်သည့် လုပ်ဆောင်ချက်များကို သုံးသပ်တတ်မည်။ - ပေါ်တူဂီ၊ဒတ်ခ်ျ တို့နှင့် ဆက်ဆံရေး၏ အရေးပါမှုကို ဆန်းစစ်တတ်မည်။ - လူမှုစီးပွားရေးကျဆင်းမှုသည် နိုင်ငံတော်အင်အားကိုထိခိုက်စေနိုင်ကြောင်း လေ့လာဆွေးနွေးတတ်မည်။	- အင်းဝ ထူထောင်ရာတွင် လုပ်ဆောင်ရသည့် လုပ်ဆောင်ချက်များကို သုံးသပ်တတ်ခြင်း။ - ပေါ်တူဂီ၊ ဒတ်ခ်ျတို့နှင့် ဆက်ဆံရေး၏ အရေးပါမှုကို ဆန်းစစ်တတ်ခြင်း။ - လူမှုစီးပွားရေးကျဆင်းမှုသည်နိုင်ငံတော်အင်အားကိုထိခိုက်စေနိုင်ကြောင်း လေ့လာဆွေးနွေးတတ်ခြင်း။
ဥရောပ၌ ပြောင်းလဲမှုများ ပေါ်ပေါက်လာခြင်း	- ဥရောပ၌ ပြောင်းလဲမှုများ ပေါ်ပေါက်စေသည့် အကြောင်းအရာများနှင့်သဘောသဘာဝကိုဆွေးနွေးတတ်ရန် - နည်းပညာတိုးတက်လာခြင်းနှင့်အီတလီမြို့ပြနိုင်ငံများ ပေါ်ပေါက်လာခြင်း အကြောင်းရင်းများကို ဆန်းစစ်တတ်ရန်	- အမျိုးသားနိုင်ငံများ ပေါ်ပေါက်လာခြင်း အကြောင်းရင်းများကိုရှင်းပြတတ်မည်။ - နည်းပညာတိုးတက်ခြင်းကို သုံးသပ်ခြင်းမှတစ်ဆင့် တီထွင်ကြံဆလာနိုင်သည့် စွမ်းရည်မြင့်တက်လာမည်။	- ဥရောပ၌ပြောင်းလဲမှု ဖြစ်ပေါ်စေသည့် အကြောင်းအရာများနှင့်သဘောသဘာဝကိုဆွေးနွေးတတ်ခြင်း။ - နည်းပညာတိုးတက်လာခြင်းသည်အင်အားကြီးမားမှုအတွက်အရေးကြီးကြောင်းဆွေးနွေးတတ်ခြင်း။
ဥရောပတိုက်သားတို့၏ ပထမအဆင့် နယ်ချဲ့ခြင်း	- ဥရောပတိုက်သားတို့ ပထမအဆင့် နယ်ချဲ့ခြင်း၏ အခြေခံအကြောင်းရင်း၊ ပေါ်တူဂီတို့ အာရှတွင် နယ်ချဲ့ခြင်းနှင့် စပိန်တို့	- ဥရောပတိုက်သားတို့၏ လက်နက်၊ရေကြောင်းသွားလာရေးတိုးတက်လာခြင်းသည်နယ်ချဲ့စနစ်ကိုတွန်းအားပေးသည့်အချက်ဖြစ်ကြောင်း	- ဥရောပသားတို့ လက်နက်၊ ရေကြောင်းသွားလာရေး တိုးတက်လာခြင်းသည်နယ်ချဲ့စနစ်ကိုတွန်းအားပေးသည့် အချက်ဖြစ်ကြောင်း

နယ်ပယ် (Strand)	သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives)	သင်ယူမှုရလဒ်များ (Learning Outcomes)	တတ်မြောက်မှု အဆွန်းကိန်းများ (Achievement Indicators)
ဥရောပတိုက် သားတို့၏ ပထမအဆင့် နယ်ချဲ့ခြင်း	အမေရိကတိုက်တွင် နယ်ချဲ့ခြင်း အကြောင်းကို သုံးသပ်တတ်ရန်	သုံးသပ်တတ်မည်။ - နယ်ချဲ့ခြင်းနှင့် နိုင်ငံရေး၊ ကုန်သွယ်ရေး၊ ဘာသာရေးတို့သည် ဆက်နွယ်လျက်ရှိကြောင်းရှင်းပြတတ်မည်။	သုံးသပ်တတ်ခြင်း။ - နယ်ချဲ့ခြင်းနှင့် နိုင်ငံရေး၊ ကုန်သွယ်ရေး၊ ဘာသာရေးတို့သည် ဆက်နွယ်လျက်ရှိကြောင်း ရှင်းပြတတ်ခြင်း။ - ထိုခေတ်ကထွန်းကား ခဲ့သောနည်းပညာများ နှင့်မျက်မှောက်ခေတ် နည်းပညာများကို နှိုင်းယှဉ်တတ်ခြင်း။
ဥရောပတိုက်သား တို့၏ ဒုတိယ အဆင့် နယ်ချဲ့ခြင်း	- ဥရောပတိုက်သားတို့ ဒုတိယအဆင့် နယ်ချဲ့ခြင်း၏အခြေခံ အကြောင်းရင်းတွင် အင်အားကြီးနိုင်ငံများ၏အပြိုင်အဆိုင် နယ်ချဲ့မှုကို ရှင်းပြတတ်ရန် - ကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်ရန် ကြိုးပမ်းမှုသည် နယ်ချဲ့စနစ်၏ တွန်းအားတစ်ရပ် ဖြစ်ကြောင်း သုံးသပ်တတ်ရန်	- ဥရောပတိုက်သားများ ဖြစ်သည့် ဒတ်ချ်၊ အင်္ဂလိပ် နှင့် ပြင်သစ်တို့ နယ်ချဲ့ခြင်းအကြောင်းရင်းကို သုံးသပ်တတ်မည်။	- ဥရောပသားတို့ ဒုတိယ အဆင့် နယ်ချဲ့ခြင်းတွင် အင်အားကြီးနိုင်ငံများ၏ ယှဉ်ပြိုင် နယ်ချဲ့မှုကို ရှင်းပြတတ်ခြင်း။ - ဥရောပတိုက်သားများ ဖြစ်သည့်ဒတ်ချ်တို့ အရှေ့အိန္ဒိယ၊ အင်္ဂလိပ်တို့အိန္ဒိယတွင်နယ်ချဲ့ခြင်း နှင့်ပြင်သစ်တို့ မြောက်အမေရိကတိုက်တွင်နယ်ချဲ့ခြင်းအကြောင်းကိုသုံးသပ်တတ်ခြင်း။ - လူ့သမိုင်း၏တိုးတက်မှုတွင် စီးပွားရေးသည် အရေးပါကြောင်း ရှင်းပြတတ်ခြင်း။

(၂) စာသင်နှစ် တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာအလိုက် အချိန်ခွဲဝေမှု

လအမည်	သီတင်းပတ်	အချိန်	အခန်းခေါင်းစဉ်	သင်ခန်းစာခေါင်းစဉ်
ဇွန်	၁	၁	မြန်မာ့သမိုင်း အခန်း-၁ ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ ၁. ၁။ ပုဂံခေတ်နောက်ပိုင်းပဒေသရာဇ် မင်းနိုင်ငံများပေါ် ပေါက်လာခြင်း	၁. ၁. ၁။ ပင်းယ၊ စစ်ကိုင်း
		၁		၁. ၁. ၂။ မောရှမ်း
		၁		၁. ၁. ၃။ အင်းဝ
	၂	၁	မြန်မာ့သမိုင်း အခန်း-၁ ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ ၁. ၁။ ပုဂံခေတ်နောက်ပိုင်းပဒေသရာဇ် မင်းနိုင်ငံများပေါ် ပေါက်လာခြင်း	၁. ၁. ၃။ အင်းဝ
		၁		၁. ၁. ၃။ အင်းဝ
		၁		၁. ၁. ၄။ ပဲခူး (ဟံသာဝတီ)
	၃	၁	ကမ္ဘာ့သမိုင်း အခန်း-၂ ဥရောပ၏နယ်ချဲ့စနစ် ၂. ၁။ ဥရောပ၌ပြောင်းလဲမှုများ ပေါ် ပေါက်လာခြင်း	၂. ၁. ၁။ အမျိုးသားနိုင်ငံများ ပေါ် ပေါက်လာခြင်း
		၁		၂. ၁. ၁။ အမျိုးသားနိုင်ငံများ ပေါ် ပေါက်လာခြင်း
		၁		၂. ၁. ၁။ အမျိုးသားနိုင်ငံများ ပေါ် ပေါက်လာခြင်း
	၄	၁	ကမ္ဘာ့သမိုင်း အခန်း-၂ ဥရောပ၏နယ်ချဲ့စနစ် ၂. ၁။ ဥရောပ၌ပြောင်းလဲမှုများ ပေါ် ပေါက်လာခြင်း	၂. ၁. ၁။ အမျိုးသားနိုင်ငံများ ပေါ် ပေါက်လာခြင်း
		၁		၂. ၁. ၁။ အမျိုးသားနိုင်ငံများ ပေါ် ပေါက်လာခြင်း
		၁		၂. ၁. ၁။ အမျိုးသားနိုင်ငံများ ပေါ် ပေါက်လာခြင်း

DBE BOX

လအမည်	သီတင်းပတ်	အချိန်	အခန်းခေါင်းစဉ်	သင်ခန်းစာခေါင်းစဉ်
ဇူလိုင်	၅	၁	မြန်မာ့သမိုင်း အခန်း-၁ ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ ၁. ၁။ ပုဂံခေတ်နောက်ပိုင်းပဒေသရာဇ် မင်းနိုင်ငံများပေါ် ပေါက်လာခြင်း	၁. ၁. ၄။ ပဲခူး (ဟံသာဝတီ)
		၁		၁. ၁. ၅။ ရှမ်းပဒေသရာဇ် ပြည်ထောင်ငယ်များ ပေါ် ပေါက်လာခြင်း
		၁		ပြန်လှန်သင်ကြားခြင်း
	၆	၁	မြန်မာ့သမိုင်း အခန်း-၁ ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ ၁. ၂။ တောင်ငူခေတ် (ပထမပိုင်း)	၁. ၂. ၁။ တောင်ငူခေတ်စတင်ခြင်း
		၁		၁. ၂. ၂။ ဟံသာဝတီတည်ထောင် ခြင်း
		၁		၁. ၂. ၂။ ဟံသာဝတီတည်ထောင် ခြင်း
	၇	၁	ကမ္ဘာ့သမိုင်း အခန်း-၂ ဥရောပ၏နယ်ချဲ့စနစ် ၂. ၁။ ဥရောပ၌ပြောင်းလဲမှုများ ပေါ် ပေါက်လာခြင်း	၂. ၁. ၁။ အမျိုးသားနိုင်ငံများ ပေါ် ပေါက်လာခြင်း
		၁		၂. ၁. ၂။ နည်းပညာတိုးတက်လာ ခြင်း
		၁		၂. ၁. ၂။ နည်းပညာတိုးတက်လာ ခြင်း
	၈	၁	ကမ္ဘာ့သမိုင်း အခန်း-၂ ဥရောပ၏နယ်ချဲ့စနစ် ၂. ၁။ ဥရောပ၌ပြောင်းလဲမှုများ ပေါ် ပေါက်လာခြင်း	၂. ၁. ၂။ နည်းပညာတိုးတက်လာ ခြင်း
		၁		၂. ၁. ၂။ နည်းပညာတိုးတက်လာ ခြင်း
		၁		၂. ၁. ၂။ နည်းပညာတိုးတက်လာ ခြင်း
သြဂုတ်	၉	၁	မြန်မာ့သမိုင်း အခန်း-၁ ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ ၁. ၂။ တောင်ငူခေတ် (ပထမပိုင်း)	၁. ၂. ၃။ ဘုရင့်နောင်၏နိုင်ငံ စည်းရုံးရေး ဆောင်ရွက်ချက်များ
		၁		၁. ၂. ၃။ ဘုရင့်နောင်၏နိုင်ငံ စည်းရုံးရေး ဆောင်ရွက်ချက်များ
		၁		၁. ၂. ၃။ ဘုရင့်နောင်၏နိုင်ငံ စည်းရုံးရေး ဆောင်ရွက်ချက်များ

DBE BOX

လအမည်	သီတင်းပတ်	အချိန်	အခန်းခေါင်းစဉ်	သင်ခန်းစာခေါင်းစဉ်
ဩဂုတ်	၁၀	၁	မြန်မာ့သမိုင်း အခန်း-၁ ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ ၁. ၂။ တောင်ငူခေတ် (ပထမပိုင်း)	၁. ၂. ၃။ ဘုရင့်နောင်၏နိုင်ငံစည်းရုံးရေး ဆောင်ရွက်ချက်များ
		၁		၁. ၂. ၃။ ဘုရင့်နောင်၏နိုင်ငံစည်းရုံးရေး ဆောင်ရွက်ချက်များ
		၁		၁. ၂. ၄။ ဗမာ၊ မွန်၊ ရှမ်း ဆက်ဆံရေး
	၁၁	၁	ကမ္ဘာ့သမိုင်း အခန်း-၂ ဥရောပ၏နယ်ချဲ့စနစ် ၂. ၁။ ဥရောပ၌ပြောင်းလဲမှုများ ပေါ်ပေါက်လာခြင်း	၂. ၁. ၃။ အီတလီမြို့ပြနိုင်ငံများပေါ်ပေါက်လာခြင်း
		၁		၂. ၁. ၃။ အီတလီမြို့ပြနိုင်ငံများပေါ်ပေါက်လာခြင်း
		၁		၂. ၁. ၃။ အီတလီမြို့ပြနိုင်ငံများပေါ်ပေါက်လာခြင်း
	၁၂	၁	ကမ္ဘာ့သမိုင်း အခန်း-၂ ဥရောပ၏နယ်ချဲ့စနစ် ၂. ၂။ ဥရောပတိုက်သားတို့၏ ပထမအဆင့်နယ်ချဲ့ခြင်း	၂. ၂. ၁။ ဥရောပတိုက်သားတို့၏ပထမအဆင့်နယ်ချဲ့ခြင်း၏အခြေခံအကြောင်းရင်း
		၁		၂. ၂. ၁။ ဥရောပတိုက်သားတို့၏ပထမအဆင့်နယ်ချဲ့ခြင်း၏အခြေခံအကြောင်းရင်း
		၁		၂. ၂. ၁။ ဥရောပတိုက်သားတို့၏ပထမအဆင့်နယ်ချဲ့ခြင်း၏အခြေခံအကြောင်းရင်း
စက်တင်ဘာ	၁၃	၁	မြန်မာ့သမိုင်း အခန်း-၁ ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ ၁. ၂။ တောင်ငူခေတ် (ပထမပိုင်း)	၁. ၂. ၄။ ဗမာ၊ မွန်၊ ရှမ်း ဆက်ဆံရေး
		၁		၁. ၂. ၄။ ဗမာ၊ မွန်၊ ရှမ်း ဆက်ဆံရေး
		၁		၁. ၂. ၄။ ဗမာ၊ မွန်၊ ရှမ်း ဆက်ဆံရေး
	၁၄	၃	စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း (သင်ကြားပြီးသမျှသင်ခန်းစာများ)	ပြန်လှန်သင်ကြားခြင်း
	၁၅	၃	ပထမနှစ်ဝက်စာမေးပွဲ (First Exam)	

DBE BOX

လအမည်	သီတင်းပတ်	အချိန်	အခန်းခေါင်းစဉ်	သင်ခန်းစာခေါင်းစဉ်
စက်တင်ဘာ	၁၆	၁	မြန်မာ့သမိုင်း အခန်း-၁ ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ ၁. ၃။ ညောင်ရမ်းခေတ် (တောင်ငူခေတ် - ဒုတိယပိုင်း)	၁. ၃. ၁။ အင်းဝပြန်လည်ထူထောင်ခြင်း
		၁		၁. ၃. ၁။ အင်းဝပြန်လည်ထူထောင်ခြင်း
		၁		၁. ၃. ၂။ ပေါ်တူဂီတို့နှင့်ဆက်ဆံရေး
အောက်တိုဘာ	၁၇	၁	ကမ္ဘာ့သမိုင်း အခန်း-၂ ဥရောပ၏နယ်ချဲ့စနစ် ၂. ၂။ ဥရောပတိုက်သားတို့၏ ပထမအဆင့်နယ်ချဲ့ခြင်း	၂. ၂. ၁။ ဥရောပတိုက်သားတို့၏ပထမအဆင့်နယ်ချဲ့ခြင်း၏အခြေခံအကြောင်းရင်း
		၁		၂. ၂. ၁။ ဥရောပတိုက်သားတို့၏ပထမအဆင့်နယ်ချဲ့ခြင်း၏အခြေခံအကြောင်းရင်း
		၁		၂. ၂. ၂။ ပေါ်တူဂီတို့ အာရှတိုက်တွင် နယ်ချဲ့ခြင်း
	၁၈	၁	ကမ္ဘာ့သမိုင်း အခန်း-၂ ဥရောပ၏နယ်ချဲ့စနစ် ၂. ၂။ ဥရောပတိုက်သားတို့၏ ပထမအဆင့်နယ်ချဲ့ခြင်း	၂. ၂. ၂။ ပေါ်တူဂီတို့ အာရှတိုက်တွင် နယ်ချဲ့ခြင်း
		၁		၂. ၂. ၂။ ပေါ်တူဂီတို့ အာရှတိုက်တွင် နယ်ချဲ့ခြင်း
		၁		၂. ၂. ၂။ ပေါ်တူဂီတို့ အာရှတိုက်တွင် နယ်ချဲ့ခြင်း
	၁၉	၁	မြန်မာ့သမိုင်း အခန်း-၁ ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ ၁. ၃။ ညောင်ရမ်းခေတ် (တောင်ငူခေတ် - ဒုတိယပိုင်း)	၁. ၃. ၂။ ပေါ်တူဂီတို့နှင့် ဆက်ဆံရေး
		၁		၁. ၃. ၂။ ပေါ်တူဂီတို့နှင့် ဆက်ဆံရေး
		၁		၁. ၃. ၃။ ဒတ်ချ်တို့နှင့် ဆက်ဆံရေး
	၂၀	၁	မြန်မာ့သမိုင်း အခန်း-၁ ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ ၁. ၃။ ညောင်ရမ်းခေတ် (တောင်ငူခေတ် - ဒုတိယပိုင်း)	၁. ၃. ၃။ ဒတ်ချ်တို့နှင့် ဆက်ဆံရေး
		၁		၁. ၃. ၃။ ဒတ်ချ်တို့နှင့် ဆက်ဆံရေး
		၁		၁. ၃. ၃။ ဒတ်ချ်တို့နှင့် ဆက်ဆံရေး

DBE BOX

လအမည်	သီတင်းပတ်	အချိန်	အခန်းခေါင်းစဉ်	သင်ခန်းစာခေါင်းစဉ်
နိုဝင်ဘာ	၂၁	၁	ကမ္ဘာ့သမိုင်း အခန်း-၂ ဥရောပ၏နယ်ချဲ့စနစ် ၂. ၂။ ဥရောပတိုက်သားတို့၏ ပထမအဆင့်နယ်ချဲ့ခြင်း	၂. ၂. ၂။ ပေါ်တူဂီတို့ အာရှတိုက်တွင် နယ်ချဲ့ခြင်း
		၁		၂. ၂. ၃။ စပိန်တို့ အမေရိကတိုက်တွင် နယ်ချဲ့ခြင်း
		၁		၂. ၂. ၃။ စပိန်တို့ အမေရိကတိုက်တွင် နယ်ချဲ့ခြင်း
	၂၂	၁	ကမ္ဘာ့သမိုင်း အခန်း-၂ ဥရောပ၏နယ်ချဲ့စနစ် ၂. ၂။ ဥရောပတိုက်သားတို့၏ ပထမအဆင့်နယ်ချဲ့ခြင်း	၂. ၂. ၃။ စပိန်တို့ အမေရိကတိုက်တွင် နယ်ချဲ့ခြင်း
		၁		၂. ၂. ၃။ စပိန်တို့ အမေရိကတိုက်တွင် နယ်ချဲ့ခြင်း
		၁		၂. ၂. ၃။ စပိန်တို့ အမေရိကတိုက်တွင် နယ်ချဲ့ခြင်း
	၂၃	၁	မြန်မာ့သမိုင်း အခန်း-၁ ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ ၁. ၃။ ညောင်ရမ်းခေတ် (တောင်ငူခေတ် - ဒုတိယပိုင်း)	၁. ၃. ၃။ ဒတ်ချ်တို့နှင့်ဆက်ဆံရေး
		၁		၁. ၃. ၄။ သာလွန်မင်း၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲခြင်း
		၁		၁. ၃. ၄။ သာလွန်မင်း၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲခြင်း
	၂၄	၁	မြန်မာ့သမိုင်း အခန်း-၁ ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ ၁. ၃။ ညောင်ရမ်းခေတ် (တောင်ငူခေတ် - ဒုတိယပိုင်း)	၁. ၃. ၄။ သာလွန်မင်း၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲခြင်း
		၁		၁. ၃. ၅။ အင်အားကျဆင်းလာခြင်း
		၁		၁. ၃. ၅။ အင်အားကျဆင်းလာခြင်း

DBE BOX

လအမည်	သီတင်းပတ်	အချိန်	အခန်းခေါင်းစဉ်	သင်ခန်းစာခေါင်းစဉ်
ဒီဇင်ဘာ	၂၅	၁	ကမ္ဘာ့သမိုင်း အခန်း-၂ ဥရောပ၏နယ်ချဲ့စနစ် ၂. ၃။ ဥရောပတိုက်သားတို့၏ ဒုတိယအဆင့်နယ်ချဲ့ခြင်း	၂. ၃. ၁။ ဥရောပတိုက်သားတို့၏ ဒုတိယအဆင့်နယ်ချဲ့ခြင်း၏အခြေခံ အကြောင်းရင်း
		၁		၂. ၃. ၂။ ဒတ်ချ်တို့ အရှေ့အိန္ဒိယ ကျွန်းစုတွင် နယ်ချဲ့ခြင်း
		၁		၂. ၃. ၂။ ဒတ်ချ်တို့ အရှေ့အိန္ဒိယ ကျွန်းစုတွင် နယ်ချဲ့ခြင်း
	၂၆	၃	စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း (သင်ကြားပြီးသမျှသင်ခန်းစာများ)	ပြန်လှန်သင်ကြားခြင်း
	၂၇	၃	ဒုတိယနှစ်ဝက်စာမေးပွဲ (Second Exam)	
	၂၈	၁	ကမ္ဘာ့သမိုင်း အခန်း-၂ ဥရောပ၏နယ်ချဲ့စနစ် ၂. ၃။ ဥရောပတိုက်သားတို့၏ ဒုတိယအဆင့်နယ်ချဲ့ခြင်း	၂. ၃. ၂။ ဒတ်ချ်တို့ အရှေ့အိန္ဒိယ ကျွန်းစုတွင် နယ်ချဲ့ခြင်း
		၁		၂. ၃. ၂။ ဒတ်ချ်တို့ အရှေ့အိန္ဒိယ ကျွန်းစုတွင် နယ်ချဲ့ခြင်း
		၁		၂. ၃. ၃။ အင်္ဂလိပ်တို့ အိန္ဒိယတွင် နယ်ချဲ့ခြင်း
ဇန်နဝါရီ	၂၉	၁	ကမ္ဘာ့သမိုင်း အခန်း-၂ ဥရောပ၏နယ်ချဲ့စနစ် ၂. ၃။ ဥရောပတိုက်သားတို့၏ ဒုတိယအဆင့်နယ်ချဲ့ခြင်း	၂. ၃. ၃။ အင်္ဂလိပ်တို့ အိန္ဒိယတွင် နယ်ချဲ့ခြင်း
		၁		၂. ၃. ၃။ အင်္ဂလိပ်တို့ အိန္ဒိယတွင် နယ်ချဲ့ခြင်း
		၁		၂. ၃. ၃။ အင်္ဂလိပ်တို့ အိန္ဒိယတွင် နယ်ချဲ့ခြင်း

DBE BOX

လအမည်	သီတင်းပတ်	အချိန်	အခန်းခေါင်းစဉ်	သင်ခန်းစာခေါင်းစဉ်
ဇန်နဝါရီ	၃၀	၁	ကမ္ဘာ့သမိုင်း အခန်း-၂ ဥရောပ၏နယ်ချဲ့စနစ် ၂. ၃။ ဥရောပတိုက်သားတို့၏ ဒုတိယအဆင့်နယ်ချဲ့ခြင်း	၂. ၃. ၄။ ပြင်သစ်တို့ မြောက်အမေရိကတိုက်တွင် နယ်ချဲ့ ခြင်း
		၁		၂. ၃. ၄။ ပြင်သစ်တို့ မြောက်အမေရိကတိုက်တွင် နယ်ချဲ့ ခြင်း
		၁		၂. ၃. ၄။ ပြင်သစ်တို့ မြောက်အမေရိကတိုက်တွင် နယ်ချဲ့ ခြင်း
	၃၁	၁	မြန်မာ့သမိုင်း အခန်း-၁ ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ ၁. ၃။ ညောင်ရမ်းခေတ် (တောင်ငူခေတ် - ဒုတိယပိုင်း)	ပြန်လှန်သင်ကြားခြင်း
		၁		ပြန်လှန်သင်ကြားခြင်း
		၁		ပြန်လှန်သင်ကြားခြင်း
	၃၂	၁	ကမ္ဘာ့သမိုင်း အခန်း-၂ ဥရောပ၏နယ်ချဲ့စနစ် ၂. ၃။ ဥရောပတိုက်သားတို့၏ ဒုတိယအဆင့်နယ်ချဲ့ခြင်း	ပြန်လှန်သင်ကြားခြင်း
		၁		ပြန်လှန်သင်ကြားခြင်း
		၁		ပြန်လှန်သင်ကြားခြင်း
ဖေဖော်ဝါရီ	၃၃	၁	မြန်မာ့သမိုင်း အခန်း-၁ ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ ၁. ၃။ ညောင်ရမ်းခေတ် (တောင်ငူခေတ် - ဒုတိယပိုင်း)	ပြန်လှန်သင်ကြားခြင်း
		၁		ပြန်လှန်သင်ကြားခြင်း
		၁		ပြန်လှန်သင်ကြားခြင်း

DBE BOX

လအမည်	သီတင်းပတ်	အချိန်	အခန်းခေါင်းစဉ်	သင်ခန်းစာခေါင်းစဉ်
ဖေဖော်ဝါရီ	၃၄	၁	ကမ္ဘာ့သမိုင်း အခန်း-၂ ဥရောပ၏နယ်ချဲ့စနစ် ၂. ၃။ ဥရောပတိုက်သားတို့၏ ဒုတိယအဆင့်နယ်ချဲ့ခြင်း	ပြန်လှန်သင်ကြားခြင်း
		၁		ပြန်လှန်သင်ကြားခြင်း
		၁		ပြန်လှန်သင်ကြားခြင်း
	၃၅	၃	စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း (သင်ကြားပြီးသမျှသင်ခန်းစာများ)	ပြန်လှန်သင်ကြားခြင်း
	၃၆	၃	နှစ်ဆုံးစာမေးပွဲ (Year End Exam)	

၂။ သင်ခန်းစာအစီအစဉ်များ (Lesson Plans)

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည် ကိုယ်သွေး ကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း (I-T-P-R)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာမှတ်စု) ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း၊ နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့်ပါရှိမည်။ (သင်ခန်းစာကိုလိုက်၍ အနည်းငယ်ကွဲပြားနိုင်သည်။)

I သင်ခန်းစာမိတ်ဆက်ခြင်း၊ နိဒါန်းပျိုးခြင်း (Introduction)

T သင်ကြားခြင်း (Teach)၊ သင်ကြားမှုလုပ်ငန်း၊ နမူနာပြခြင်းတို့နှင့် ဆက်စပ်သည့် စကားလုံး

P လေ့ကျင့်ခြင်း (Practice)

R ပြန်လည်သုံးသပ်ခြင်း (Review) (နောက်ဆက်တွဲ လုပ်ငန်းများပါဝင်နိုင်သည်။)

UBB BOX

I	သင်ခန်းစာမိတ်ဆက်ခြင်း၊ နိဒါန်းပျိုးခြင်း (Introduction)	ယခင်သင်ယူပြီး အသိပညာကို စစ်ဆေးခြင်း၊ ဥပမာ "အဝင်-အထွက်" (ENTRY - EXIT)နည်းလမ်းကို သုံးခြင်း။ အဝင်(မသင်ကြားမီ)-ယခင်က သင်ယူခဲ့သော ပုဂံဧကရာဇ်နိုင်ငံနှင့်ပတ်သက်၍ မည်သည့်အကြောင်းအရာ ၃ ခုကို သင်ပြန်လည်မှတ်မိသနည်း။ အထွက်(သင်ကြားပြီး)-သင်သည် ပုဂံခေတ်နောက်ပိုင်း ပဒေသရာဇ်မင်းနိုင်ငံများ ပေါ်ပေါက်လာခြင်းနှင့် ပတ်သက်၍ မည်သည့်အကြောင်းအရာအသစ် ၃ ခုကို သင်ယူခဲ့သနည်း။
T	သင်ကြားခြင်း (Teach)	ဤအပိုင်းတွင်အများစုသည် ဆရာဗဟိုပြု ဖြစ်မည်။
P	လေ့ကျင့်ခြင်း (Practice)	ဤအပိုင်းတွင် အများစုသည် ကျောင်းသားဗဟိုပြု ဖြစ်မည်။
R	ပြန်လည်သုံးသပ်ခြင်း (Review)	ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်သုံးသပ်သည့် မေးခွန်းများ ပါဝင်မည်။

သင်ကြားခြင်း-လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ကာထပ်ကာဖြစ်နိုင်သည်။ ဥပမာ-



၃။ ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words)

ကျောင်းသားများက သင်ခန်းစာပါသဘောတရားများကို ပိုမိုနားလည်စေရန်အတွက် လိုအပ်ပါက ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များတွင် ဝေါဟာရအဓိပ္ပာယ် ရှင်းလင်းချက်များကို ထည့်သွင်း ဖော်ပြထားသည်။ ဝေါဟာရအဓိပ္ပာယ် ရှင်းလင်းချက်များတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြသော အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် ပညာရပ်ဆိုင်ရာ အဓိကဝေါဟာရများ ပါဝင်သည်။

DBE BOX

အခန်း–၁
ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ
၁.၁။ ပုဂံခေတ်နောက်ပိုင်း ပဒေသရာဇ် မင်းနိုင်ငံများ ပေါ်ပေါက်လာခြင်း

စုစုပေါင်းစာသင်ချိန် (၈) ချိန်၊ တစ်ချိန်(၄၅)မိနစ်

သင်ယူမှုရလဒ်များ

- ဤအခန်းကို သင်ယူပြီးပါက ကျောင်းသားများသည် ပုဂံခေတ်နောက်ပိုင်း စည်းလုံးမှု လျော့နည်းနေသည့် မြန်မာ့နိုင်ငံရေး အခြေအနေကို ရှင်းပြတတ်ခြင်းနှင့် ပဒေသရာဇ်နိုင်ငံငယ် အချင်းချင်း အားပြိုင်မှု ပြင်းထန်ခြင်းအကြောင်းကို ဆွေးနွေးတတ်မည်ဖြစ်သည်။

သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

- ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ဟံသာဝတီ၊ မြောက်ဦး မင်းနိုင်ငံများပြမြေပုံ၊ မြစ်ကြီးများသာ ဖော်ပြထားသည့် မြန်မာနိုင်ငံမြေပုံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့ကြီးများသာ ဖော်ပြထားသည့် မြန်မာနိုင်ငံမြေပုံနှင့် ရှမ်းပြည်နယ်မြေပုံ။

ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ

- ပုဂံခေတ်နောက်ပိုင်း ပဒေသရာဇ် မင်းနိုင်ငံများ ပေါ်ပေါက်လာခြင်း သင်ခန်းစာကို သင်ယူရာတွင် အုပ်စုဖွဲ့ဆွေးနွေးခြင်းမှတစ်ဆင့် အများနှင့် ပူးပေါင်းဆောင်ရွက်တတ်လာမည်။
- အချင်းချင်း အပြန်အလှန်ဆွေးနွေးခြင်းမှတစ်ဆင့် ဆက်သွယ်မှုစွမ်းရည် တိုးတက်လာမည်။
- သမိုင်းသင်ခန်းစာများကို သင်ခန်းစာယူ၍ မျက်မှောက်ခေတ်ကို ဆန်းစစ်လေ့လာခြင်းဖြင့် ပြဿနာများကို ဖြေရှင်းနိုင်မည့် စွမ်းရည်များ ရရှိလာမည်။

၁.၁.၁။ ပင်းယ၊ စစ်ကိုင်း — စာသင်ချိန် (၁)

သင်ခန်းစာရည်ရွယ်ချက်

- ပုဂံအင်အားကျဆင်းပြီး ရှမ်းညီနောင် သုံးဦးတို့ အင်အားကောင်းလာပုံကို ရှင်းပြတတ်ရန်။
- ပင်းယ၊ စစ်ကိုင်း မင်းနိုင်ငံများပေါ်ပေါက်ခဲ့ပုံကို ဆွေးနွေးတတ်ရန်။

DBE Box

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ကျောင်းသားများအား "ပုဂံဧကရာဇ်နိုင်ငံကို ကြားဖူးပါသလား"ဟု ဆရာက မေးပါ။ ကျောင်းသားအချို့ ဖြေဆို၍ လိုအပ်လျှင် ဆရာက ရှင်းပြပြီးနောက် ယခုစာသင်ချိန်တွင် ပုဂံခေတ် နောက်ပိုင်း ပေါ်ပေါက်လာသည့် ပဒေသရာဇ်နိုင်ငံငယ်များအနက် ပင်းယ၊ စစ်ကိုင်း မင်းနိုင်ငံများ ပေါ်ပေါက်ခဲ့ပုံကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ကျောင်းသားများအား ဆရာက ပင်းယ၊ စစ်ကိုင်းသင်ခန်းစာ အကြောင်းအရာများကို လေ့လာပါစေ။ ပင်းယ၊ စစ်ကိုင်း မင်းနိုင်ငံများ ပေါ်ပေါက်ခဲ့ပုံကို နှစ်ယောက်တစ်တွဲ ဆွေးနွေးပါစေ။ ပင်းယမင်းဆက်ပါရှိသော ကားချပ်၊ စစ်ကိုင်းမင်းဆက်ပါရှိသော ကားချပ်နှင့် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ဟံသာဝတီ၊ မြောက်ဦး တည်နေရာပြ မြေပုံကို အတန်းရှေ့တွင် ချိတ်ဆွဲပြသထားပါ။ ထို့နောက် ပုဂံခေတ်တွင် နရသီဟပတေ့မင်း နတ်ရွာမစံမီကပင် ရှမ်းညီနောင် သုံးဦးတို့ အင်အား ကောင်းလာခဲ့ကြောင်း၊ ရှမ်းညီနောင်တို့တွင် သီဟသူသည် ပင်းယကို ၁၃၁၂ ခုနှစ်တွင်တည်ထောင်ခဲ့ကြောင်းနှင့် အသခ်ယာစောယွန်းသည် စစ်ကိုင်းတွင် နန်းတည်ခဲ့ကြောင်း၊ ဤသို့ဖြင့် ပုဂံနှင့်အပြိုင် ပင်းယနှင့် စစ်ကိုင်း မင်းနိုင်ငံများ ပေါ်ပေါက်လာကြောင်းကို ကျောင်းသားများအား ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ပင်းယနှင့် စစ်ကိုင်း မင်းနိုင်ငံများ မည်ကဲ့သို့ ပေါ်ပေါက်ခဲ့ပုံကို အဖွဲ့အလိုက် ဆွေးနွေးရေးသားပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းများကို မေးမြန်း၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ပင်းယမင်းနိုင်ငံ အဘယ်ကြောင့် ပေါ်ပေါက်ခဲ့သနည်း။ (၁. ၁. ၁)

၂။ စစ်ကိုင်းမင်းနိုင်ငံ ပေါ်ပေါက်ခဲ့ပုံကို ရှင်းပြပါ။ (၁. ၁. ၁)

ထို့နောက် အောက်ပါအဓိကအချက်များကို ကျောင်းသားများနှင့် အပြန်အလှန် ဆွေးနွေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ပုဂံခေတ်နှောင်းပိုင်း အသခ်ၤယာ၊ ရာဇသင်္ကြံ၊ သီဟသူ စသည့် ရှမ်းညီနောင် သုံးဦးတို့သည် အင်အားကောင်းလာခဲ့သည်။
- သီဟသူသည် ၁၃၁၂ ခုနှစ်တွင် ပင်းယကို တည်ထောင်ခဲ့သည်။
- အသခ်ၤယာစောယွန်းသည် စစ်ကိုင်းတွင် သီးခြားမြို့နန်းတည်၍ စိုးစံသည်။
- ပင်းယတွင် မင်းဆက် ၆ ဆက်၊ စစ်ကိုင်းတွင် မင်းဆက် ၇ ဆက် နန်းစံခဲ့သည်။

၁.၁.၂။ မောရှမ်း **စာသင်ချိန် (၂)**

သင်ခန်းစာရည်ရွယ်ချက်

- မောရှမ်းနှင့် ပင်းယ၊ စစ်ကိုင်း မင်းနိုင်ငံများ၏ ဆက်နွယ်မှုကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက ပင်းယနှင့် စစ်ကိုင်းမင်း နှစ်ပါးတို့၏ ပြိုင်ဆိုင်မှုသည် အထွတ်အထိပ်သို့ ရောက်ရှိခဲ့ကြောင်းကို ပင်းယ၊ စစ်ကိုင်း သင်ခန်းစာတွင် လေ့လာသင်ယူပြီးဖြစ်၍ ယခုစာသင်ချိန်တွင် ပင်းယ၊ စစ်ကိုင်း မင်းနိုင်ငံများနှင့် မောရှမ်း၏ ဆက်နွယ်မှုကို သင်ယူကြရမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ကျောင်းသားများအား ပင်းယ၊ စစ်ကိုင်းမင်းများ အုပ်ချုပ်နေစဉ် မြောက်ဘက်တစ်လွှားမှ ရှမ်းပဒေသရာဇ်တို့ အင်အားကြီးထွားလာကြောင်း၊ ပင်းယမင်းဖြစ်သူ နရသူက စစ်ကိုင်းကို တိုက်ခိုက်ရန် မောရှမ်းတို့၏ အကူအညီကို တောင်းခံခဲ့ကြောင်း၊ မောရှမ်းတို့က စစ်ကိုင်းကို တိုက်ခိုက်ခဲ့သော်လည်း မောရှမ်းတို့ဘက်မှ ပင်းယက မကူညီသဖြင့် ပင်းယကိုပါ ဆက်လက်တိုက်ခိုက် အောင်မြင်ခဲ့ကြောင်း၊ မောရှမ်းတို့က ၎င်းတို့နေရပ်သို့ ပြန်လည်ဆုတ်ခွာခဲ့ကြောင်းကို ဆရာက ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ဆက်လက်ပြီး အဖွဲ့အလိုက် မောရှမ်းနှင့် ပင်းယ၊ စစ်ကိုင်း မင်းနိုင်ငံများ၏ ဆက်နွယ်မှုကို ဆွေးနွေးပါစေ။ ဆွေးနွေးနေစဉ် ဆရာက ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

DBE Box

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းများကို မေးမြန်း၍ ကျောင်းသားများ၏ တတ်မြောက်မှုကို တစ်ဦးချင်း စစ်ဆေးပါ။

၁။ ပင်းယ၊ စစ်ကိုင်းမင်းများ အုပ်ချုပ်နေစဉ် မြောက်ဘက်တစ်လွှားမှ မည်သူတို့ အင်အား ကြီးထွားလာသနည်း။ (၁.၁.၂)

၂။ မောရှမ်းတို့သည် အဘယ်ကြောင့် ပင်းယကို တိုက်ခိုက်ခဲ့ကြသနည်း။ (၁.၁.၂)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ပင်းယ၊ စစ်ကိုင်းမင်းများ အုပ်ချုပ်နေစဉ် မြောက်ဘက်တစ်လွှားမှ ရှမ်းပဒေသရာဇ်တို့ အင်အားကြီးထွားလာသည်။
- မောရှမ်းတို့သည် နမ်းခမ်းအနီးတွင် မြို့တော်တည်ထောင်၍ နေထိုင်ခဲ့ကြသည်။
- ပင်းယမင်း၏ သစ္စာဖောက်ခြင်းကို မခံမရပ်နိုင်ဖြစ်၍ မောရှမ်းတို့ ပင်းယကို တိုက်ခိုက်ခဲ့သည်။

၁.၁.၃။ အင်းဝ **စာသင်ချိန် (၃)**

သင်ခန်းစာရည်ရွယ်ချက်

- အင်းဝ ပေါ်ပေါက်ခဲ့ပုံကို ရှင်းပြတတ်ရန်။
- နှစ်လေးဆယ်စစ်ပွဲ ဖြစ်ပွားရခြင်းအကြောင်းရင်းကို ဝေဖန်သုံးသပ်တတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ကျောင်းသားများအား ပဒေသရာဇ်နိုင်ငံငယ်၏ အဓိပ္ပာယ်ကို ဆရာက မေး၍ မောရှမ်းနှင့် ပင်းယ၊ စစ်ကိုင်းမင်းနိုင်ငံများ ဆက်နွယ်မှုကို လေ့လာသင်ယူပြီးဖြစ်ကြောင်း ယခုစာသင်ချိန်တွင် ပင်းယနှင့် စစ်ကိုင်းကို ဖျက်သိမ်း၍ အင်းဝမင်းနိုင်ငံပေါ်ပေါက်ခဲ့ပုံနှင့် နှစ်လေးဆယ်စစ်ပွဲအကြောင်းကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း ပြောပြပါ။

DBE BOX

သင်ကြားခြင်း **(၁၅)မိနစ်**

ဆရာက ကျောင်းသားများအား သတိုးမင်းဖျားက ပင်းယနှင့် စစ်ကိုင်းကို ဖျက်သိမ်း၍ အင်းဝကို ၁၃၆၅ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း၊ အင်းဝသည် အင်အားကောင်းသော ပဒေသရာဇ်နိုင်ငံဖြစ်လာခဲ့ပြီး တောင်ငူကို စိုးမိုးနိုင်ရန် ကြိုးပမ်းချိန်တွင် သတိုးမင်းဖျား နတ်ရွာစံခဲ့ကြောင်း၊ မင်းကြီးစွာစော်ကဲနှင့် သီဟသူ ဆက်လက်အုပ်ချုပ်ခဲ့ကြောင်းကို ဆရာက ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ဟံသာဝတီ၊ မြောက်ဦး မင်းနိုင်ငံများပြ မြေပုံကို ပြသ၍ သင်ခန်းစာကို ရှင်းလင်းသင်ကြားပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ အဖွဲ့အလိုက် အကျဉ်းချုပ်တင်ပြနိုင်ရန် အင်းဝမင်းများ၏ဆောင်ရွက်ချက်များနှင့် အဘယ်ကြောင့် နှစ်လေးဆယ်စစ်ပွဲ ဖြစ်ပွားရကြောင်း ဆွေးနွေးပါစေ။ ဆွေးနွေးနေစဉ် ကျောင်းသားတိုင်းပါဝင်ဆောင်ရွက်စေရန် ဆရာက ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက ကျောင်းသားများ၏ တတ်မြောက်မှုကို အောက်ပါ နှုတ်မေးခွန်းများဖြင့် တစ်ဦးချင်းစစ်ဆေးပါ။

၁။ အင်းဝကို မည်သူက မည်သည့်နေရာ၌ မည်သည့်ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်းပြောပြပါ။ (၁. ၁. ၃)

၂။ မင်းကြီးစွာစော်ကဲ၏ ဆောင်ရွက်ချက်များကို ရှင်းပြပါ။ (၁. ၁. ၃)

၃။ နှစ်လေးဆယ်စစ်ပွဲ ဖြစ်ပွားရခြင်း အကြောင်းရင်းကို ဝေဖန်သုံးသပ်ပါ။ (၁. ၁. ၃)

ထို့နောက် အောက်ပါအဓိကအချက်များကို ပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ၁၃၆၅ ခုနှစ်တွင် သတိုးမင်းဖျားသည် အင်းဝကို တည်ထောင်ခဲ့သည်။
- မင်းကြီးစွာစော်ကဲသည် ရှမ်းညီနောင်များမှ ဆင်းသက်လာသူဖြစ်သော်လည်း အုပ်ချုပ်ရေးတွင် မြန်မာ့ထုံးတမ်းအစဉ်အလာအတိုင်း အုပ်ချုပ်ခဲ့သည်။
- အင်းဝဘုရင် မင်းခေါင် လက်ထက်တွင် ဟံသာဝတီဘုရင် ရာဇာဓိရာဇ်နှင့် ၃၆ နှစ်ကြာ စစ်ဖြစ်ပွားခဲ့ပြီး နှစ်လေးဆယ်စစ်ပွဲဟု ခေါ်သည်။

DBE BOX

၁.၁.၃။ အင်းဝ (သင်ခန်းစာအဆက်) **စာသင်ချိန် (၄)**

သင်ခန်းစာရည်ရွယ်ချက်

- အင်းဝ အင်အားကျဆင်းရခြင်း အကြောင်းရင်းကို ဆွေးနွေးတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက ကျောင်းသားများအား အင်းဝပေါ်ပေါက်လာပုံနှင့် နှစ်လေးဆယ်စစ်ပွဲ ဖြစ်ပွားရခြင်းကို လေ့လာသင်ယူပြီးဖြစ်၍ အင်းဝမြို့၏ တည်နေရာကို မြန်မာနိုင်ငံမြေပုံပေါ်တွင် ထောက်ပြပါစေ။ ယခုစာသင်ချိန်တွင် အင်းဝ အင်အားကျဆင်းရခြင်း အကြောင်းရင်းကို လေ့လာကြမည်ဖြစ်ကြောင်း ဆရာက ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဆရာက ကျောင်းသားများအား အင်းဝသင်ခန်းစာကို လေ့လာရန် ညွှန်ကြားပါ။ ထို့နောက် ကျောင်းသားအချို့အား ၎င်းတို့ နားလည်သလို ရှင်းပြပါစေ။ ပြီးနောက် ဆရာက အင်းဝ အင်အားကျဆင်းရခြင်း အကြောင်းရင်းဖြစ်သည့် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းနှင့် ပြည်တွင်းမည်မည္ဆတ်ဖြစ်ခြင်းတို့ကို ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအား အဖွဲ့အလိုက် ပုဂံအင်အားကျဆင်းခဲ့ရခြင်း၏ အကြောင်းရင်းများနှင့် အင်းဝ အင်အားကျဆင်းခဲ့ရသည့် အကြောင်းရင်းများကို နှိုင်းယှဉ်ဆွေးနွေးပါစေ။ ဆွေးနွေးချက် ရလဒ်များကို မှတ်တမ်းတင်ရေးသားပြီး မတူညီသော အချက်များကိုသာ အတန်းသို့ တင်ပြပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းများဖြင့် ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ အင်းဝ အင်အားကျဆင်းရခြင်း အကြောင်းရင်းကို ဆွေးနွေးပါ။ (၁.၁.၃)

၂။ မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးပါ။ (၁.၁.၃)

ထို့နောက် အောက်ပါအဓိကအချက်များကို ပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- အင်းဝတွင် နှစ်ပေါင်း ၁၀၀ ခန့် ပြည်တွင်း မည်မည္ဆတ်ဖြစ်ခဲ့ခြင်းကြောင့် တိုင်းပြည်ယိုယွင်းပျက်စီးခဲ့ရသည်။
- အင်းဝတွင် သဘာဝဘေးအန္တရာယ်များဖြစ်သည့် မီးဘေး၊ ရေဘေးများ ကြုံတွေ့ခဲ့ရပြီး ရောဂါဘယများ ထူပြောခဲ့သည်။

၁.၁.၃။ အင်းဝ (သင်ခန်းစာအဆက်) **စာသင်ချိန် (၅)**

သင်ခန်းစာရည်ရွယ်ချက်

- အင်အားကျဆင်းခဲ့ရသည့် အင်းဝကို ပြန်လည်ထူထောင်ခဲ့ပုံကို ဆွေးနွေးတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ကျောင်းသားများအား "မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေရန် မည်သည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ကြမည်နည်း"ဟု ဆရာက မေးပါ။ ကျောင်းသားအချို့ ဖြေဆိုပြီးနောက် လိုအပ်လျှင် အောက်ပါအချက်များ ကောင်းမွန်စေရန် ဦးစားပေးဆောင်ရွက်ရမည်ဟု ဆရာက ရှင်းပြပါ။

- ❖ စီးပွားရေး
- ❖ ပညာရေး
- ❖ လမ်းပန်းဆက်သွယ်ရေး

ဆက်လက်ပြီး ယခုစာသင်ချိန်တွင် နှစ်ပေါင်း ၁၀၀ ခန့်အတွင်း အင်အားကျဆင်းခဲ့ရသည့် အင်းဝကို ပြန်လည်ထူထောင်ခဲ့သည့်အကြောင်းကို လေ့လာသင်ယူရမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဆရာက ကျောင်းသားများအား အင်းဝတွင် နှစ်ပေါင်း ၁၀၀ ခန့်အတွင်း အင်အားကျဆင်းခဲ့ရသဖြင့် ငြိမ်းချမ်းသာယာရေးနှင့် ဆန်စပါး တိုးပွားရေးတို့ကို ဦးစွာအားပေးဆောင်ရွက်ခဲ့ကြောင်း၊ အင်းဝ-ဟံသာဝတီစစ်ကြောင့် ပျက်စီးယိုယွင်းခဲ့သည်များကိုလည်း ပြန်လည်ပြင်ဆင်နိုင်ခဲ့ကြောင်း၊ ၁၅၀၀ ပြည့်နှစ်တွင် သံဃရာဇာ (ရဟန်းအကြီးအကဲ)ဦးဆောင်သည့် တောကျောင်းရဟန်းများက သာသနာရေးအပြင် ကာကွယ်ရေး၊ အေးချမ်းသာယာရေး၊ လယ်ယာစိုက်ပျိုးရေး စသည့် နိုင်ငံထူထောင်ရေးလုပ်ငန်းများတွင် ရှေ့ဆောင်လမ်းပြ ဆောင်ရွက်ခဲ့ကြကြောင်း ရှင်းပြပါ။

DBE Box

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအား အင်အားကျဆင်းခဲ့ရသည့် အင်းဝကို ပြန်လည်ထူထောင်ပုံအား သင်ကြားခြင်းဖြင့် မည်သည့်သင်ခန်းစာများ ရရှိကြောင်းကို အုပ်စုလိုက် ဆွေးနွေးဖော်ထုတ်ပါစေ။ ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ကျောင်းသားများ ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းများကို မေးမြန်း၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ အင်းဝကို မည်သို့ပြန်လည်ထူထောင်ခဲ့ပုံကို ဆွေးနွေးပါ။ (၁.၁.၃)

၂။ မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆန်းစစ်ပါ။(၁.၁.၃)

ထို့နောက် အောက်ပါအဓိကအချက်များကို ပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ငြိမ်းချမ်းသာယာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း တိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။
- တောကျောင်းရဟန်းများက နိုင်ငံထူထောင်ရေးလုပ်ငန်းများတွင် ရှေ့ဆောင်လမ်းပြခဲ့ကြသည်။
- စစ်လမ်းကြောင်းမှ ကင်းလွတ်သော တောင်ငူသည် မြန်မာတို့ ခိုလှုံစုဝေးရာ နေရာဖြစ်ကာ အင်အားကောင်းလာခဲ့သည်။

၁.၁.၄။ ပဲခူး (ဟံသာဝတီ) **စာသင်ချိန် (၆)**

သင်ခန်းစာရည်ရွယ်ချက်

♦ ပဲခူး(ဟံသာဝတီ) မွန်ပဒေသရာဇဓိနိုင်ငံ ပေါ်ပေါက်ခဲ့ပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ကျောင်းသားများအား "ပဲခူး (ဟံသာဝတီ)ကို ကြားဖူးကြပါသလား။ ယခုခေတ် မည်သည့် နေရာတွင်ရှိသနည်း"ဟု ဆရာက မေးပါ။ ထို့နောက် ယခုစာသင်ချိန်တွင် ပဲခူး (ဟံသာဝတီ) မွန်ပဒေသရာဇနိုင်ငံ ပေါ်ပေါက်ခဲ့ပုံနှင့် ဝါရီရူ၏ နယ်ပယ်ချဲ့ထွင် သိမ်းပိုက်မှုများအကြောင်းကို သင်ကြားရမည်ဖြစ်ကြောင်း ဆရာက ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ပဲခူး (ဟံသာဝတီ)သင်ခန်းစာကို ကျောင်းသားများအား လေ့လာပါစေ။ ဆရာက အင်းဝ တည်ထောင်ချိန်တွင် တောင်ပိုင်း မုတ္တမတွင်လည်း အင်အားသစ်တစ်ရပ် ပေါ်ပေါက်ခဲ့ပြီး ဝါရီရူ၏ မြန်မာနိုင်ငံအောက်ပိုင်းဒေသ သိမ်းပိုက်မှုများအကြောင်းကို ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ဟံသာဝတီ၊ မြောက်ဦး မင်းနိုင်ငံများပြ မြေပုံကို အသုံးပြု၍ ဆရာက ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ပဲခူး (ဟံသာဝတီ)သင်ခန်းစာကို ကျောင်းသားများအား လေ့လာပါစေ။ အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ဝါရီရူအစပြုခဲ့သော မုတ္တမမှစ၍ ပဲခူး (ဟံသာဝတီ) မင်းနိုင်ငံ တည်ထောင်ခဲ့ပုံကို မြေပုံနှင့်တကွ လေ့ကျင့်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းကို မေးမြန်း၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ဝါရီရူ၏ မြန်မာနိုင်ငံ တောင်ပိုင်း၌ ပဲခူး (ဟံသာဝတီ) မွန်ပဒေသရာဇနိုင်ငံ တည်ထောင်ခဲ့သည့်အကြောင်းကို ရှင်းပြပါ။ (၁. ၁. ၄)

ထို့နောက် အောက်ပါအဓိကအချက်များကို ပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဝါရီရူသည် ပဲခူးမြို့စား တရဖျားနှင့် မဟာမိတ် ဖွဲ့ခဲ့သည်။
- ၁၃၆၉ ခုနှစ်တွင် ဝါရီရူသည် မြို့တော်ကို မုတ္တမမှ ပဲခူးသို့ ပြောင်းရွှေ့ခဲ့သည်။

DBE BOX

၁.၁.၄။ ပဲခူး (ဟံသာဝတီ) (သင်ခန်းစာအဆက်) **စာသင်ချိန် (၇)**

သင်ခန်းစာရည်ရွယ်ချက်

- ဘုရင်မကြီး ရှင်စောပုလက်ထက် ပဲခူး (ဟံသာဝတီ)အခြေအနေကို ရှင်းပြတတ်ရန်နှင့် ဓမ္မစေတီမင်းလက်ထက် ဗုဒ္ဓသာသနာ ထွန်းကားရန် ဆောင်ရွက်ခဲ့ပုံကို ဆွေးနွေးတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

❖ ဆရာက ကျောင်းသားများအား အောက်ပါမေးခွန်းများကို မေးမြန်း၍ သင်ခန်းစာနှင့် မိတ်ဆက်ပေးပါ။

(၁) ရှင်စောပု ဟူသော အမည်ကို ကြားဖူးပါသလား။

(၂) ဘယ်လိုပုဂ္ဂိုလ်မျိုး ဖြစ်ပါသလဲ။

ကျောင်းသားအချို့ ဖြေဆိုပြီးနောက် ဆရာက ဆက်လက်၍ ဘုရင်မကြီး ရှင်စောပုလက်ထက် ပဲခူး (ဟံသာဝတီ) အခြေအနေနှင့် ဓမ္မစေတီမင်းလက်ထက် ဗုဒ္ဓသာသနာ ထွန်းကားရန် ဆောင်ရွက်ခဲ့ပုံကို လေ့လာသင်ယူရမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ကျောင်းသားများအား ဆရာက ပဲခူး၊ မုတ္တမ စသည့် မင်းနေပြည်တော်တို့သည် ကုန်သွယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးလာခြင်းနှင့်အတူ မွန်စာပေနှင့် ဗိသုကာပညာသည်လည်း ပြန်လည်ပေါ်ထွန်းလာခဲ့ကြောင်း၊ ဘုရင်မကြီး ရှင်စောပုသည် ဗုဒ္ဓသာသနာတော်ကို ခိုးမြောက်ခဲ့သူဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသမိုင်းတွင် တစ်ဦးတည်းသော ဘုရင်မကြီးဖြစ်ပြီး ၎င်းလက်ထက်တွင် နိုင်ငံတော် အေးချမ်းသာယာမှုရှိလာခြင်းကြောင့် ပြည်သူ၊ ပြည်သားတို့၏ နှစ်လိုကြည်ဖြူမှုကို ရရှိခဲ့ကြောင်း ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ကျောင်းသားများအား အုပ်စုအလိုက် ပဲခူး (ဟံသာဝတီ)တွင် ထီးနန်းစိုးစံခဲ့သော ရှင်စောပုနှင့် ဓမ္မစေတီမင်းများအကြောင်းကို ဆွေးနွေးဖော်ထုတ်ပါစေ။ ထို့နောက် ဆွေးနွေးနေစဉ် ဆရာက ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

DEE Box

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၅)မိနစ်

❖ ဆရာက အောက်ပါမေးခွန်းများကို မေးမြန်း၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ဘုရင်မကြီး ရှင်စောပုသည် အဘယ်ကြောင့် ပြည်သူပြည်သားတို့၏ နှစ်လိုကြည်ဖြူမှုကို ရရှိခဲ့သနည်း။ (၁.၁.၄)

၂။ ဓမ္မစေတီမင်းလက်ထက် သာသနာရေးဆောင်ရွက်ချက်များအား ဆွေးနွေးပါ။ (၁.၁.၄)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ပဲခူးနှင့် မုတ္တမသည် ကုန်သွယ်ရေးနှင့်စီးပွားရေး ဖွံ့ဖြိုးလာခြင်းနှင့်အတူ မွန်စာပေနှင့် ဗိသုကာပညာသည်လည်း ပြန်လည်ပေါ်ထွန်းလာခဲ့သည်။
- ဘုရင်မကြီး ရှင်စောပုသည် မြန်မာနိုင်ငံသမိုင်းတွင် တစ်ဦးတည်းသော ဘုရင်မဖြစ်ခြင်း၊ ၎င်းလက်ထက်တွင် နိုင်ငံအေးချမ်းသာယာမှု ရှိလာခြင်းတို့ကြောင့် ပြည်သူပြည်သားတို့၏ နှစ်လိုကြည်ဖြူမှုကို ရရှိခဲ့သည်။
- ဓမ္မစေတီမင်းလက်ထက်တွင် တိုင်းပြည်စည်ပင်ဝပြော၍ ဗုဒ္ဓသာသနာလည်း ထွန်းကားခဲ့သည်။

၁.၁.၅။ ရှမ်းပဒေသရာဇဝင်ပြည်ထောင်ငယ်များပေါ်ပေါက်လာခြင်း စာသင်ချိန် (၈)

သင်ခန်းစာရည်ရွယ်ချက်

♦ ရှမ်းပဒေသရာဇဝင်ပြည်ထောင်ငယ်များအကြောင်းကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုအမည်များကို ကျောင်းသားများက ပြောပြပါစေ။ ယခုစာသင်ချိန်တွင် ရှမ်းပဒေသရာဇဝင်ပြည်ထောင်ငယ်များအကြောင်းကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဆရာက ရှမ်းပြည်နယ်မြေပုံကို အတန်းရှေ့တွင် ချိတ်ဆွဲထားပါ။ ထို့နောက် ဆရာက ရှမ်းပြည်နယ်မြေပုံကို အသုံးပြု၍ အင်းဝပဒေသရာဇ်မင်းနိုင်ငံနှင့်အပြိုင် ဧရာဝတီမြစ် အနောက်ဘက်၊ အရှေ့ဘက်၊ အရှေ့တောင်ဘက်တွင် ရှမ်းပဒေသရာဇ်ပြည်ထောင်ငယ်များ ပေါ်ထွန်းလာခဲ့ကြောင်း၊ အင်အားကောင်းလာသော ရှမ်းနယ်အသီးသီးက အားပြိုင်လာခဲ့ကြောင်း၊ ထိုရှမ်းပဒေသရာဇ်ပြည်ထောင်ငယ်တို့သည် အခါအခွင့်သင့်တိုင်း ပုန်ကန်ကြသဖြင့် အခြေအနေ ပိုမိုရှုပ်ထွေးခဲ့ကြောင်း ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို ဖွဲ့ပေးပါ။ ထို့နောက် ရှမ်းပဒေသရာဇ်ပြည်ထောင်ငယ်များသင်ခန်းစာကို ကျောင်းသားများ လေ့လာပါစေ။ ကျောင်းသားများအား အဖွဲ့လိုက် ရှမ်းပဒေသရာဇ်ပြည်ထောင်ငယ်များ၏ အမည်များကို အောက်ပါဇယားတွင်ရှိသော ကွက်လပ်တွင် ဖြည့်စွက်ပါစေ။

အရပ်ဒေသ	မြို့အမည်များ
ဧရာဝတီမြစ် အနောက်ဘက်	မိုးညှင်း၊ ( )၊ ကလေး
ဧရာဝတီမြစ် အရှေ့ဘက်	သိန္နီ၊ သီပေါ၊ ( )
ဧရာဝတီမြစ် အရှေ့တောင်ဘက်	ညောင်ရွှေ၊ ( )၊ ( )

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းကို နှုတ်မေး၊ နှုတ်ဖြေပြုလုပ်၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။


၁။ ရှမ်းပဒေသရာဇ်ပြည်ထောင်ငယ်များ ပေါ်ထွန်းလာခြင်းသည် နိုင်ငံတော်ကို မည်ကဲ့သို့ အကျိုးသက်ရောက်စေသနည်း။

ထို့နောက် အောက်ပါအဓိကအချက်များကို ပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- အင်းဝပဒေသရာဇ်မင်းနိုင်ငံနှင့်အပြိုင် အင်အားကောင်းလာသော ရှမ်းနယ်အသီးသီးက အားပြိုင်လာခဲ့သည်။
- မိုးညှင်း၊ မိုးကောင်း၊ ကလေး၊ သိန္နီ၊ သီပေါ၊ မိုးမိတ်၊ ညောင်ရွှေ၊ မိုးနဲနှင့် ကျိုင်းတုံ စသည့် ရှမ်းပဒေသရာဇ်ပြည်ထောင်ငယ်များ ပေါ်ထွန်းလာသည်။

သင်ခန်းစာ ၁.၁။ ပုဂံခေတ် နောက်ပိုင်း ပဒေသရာဇ်မင်းနိုင်ငံများ ပေါ်ပေါက်လာခြင်းတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။



ဆရာမှတ်စု

- ✦ ပင်းယမြို့သည် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်တွင် တည်ရှိသည်။
- ✦ စစ်ကိုင်းမြို့သည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်တွင် တည်ရှိသည်။
- ✦ ပင်းယမင်းဆက် ခြောက်ဆက် - (၁) တစ်စီးရှင် သီဟသူ (အေဒီ ၁၃၁၂-၁၃၂၂) (၂) ဥစ္စနာ (အေဒီ ၁၃၂၂-၁၃၄၂) (၃) ငါးစီးရှင်ကျော်စွာ (အေဒီ ၁၃၄၂-၁၃၅၀) (၄) ကျော်စွာငယ် (အေဒီ ၁၃၅၀-၁၃၅၉) (၅) နရသူ (အေဒီ ၁၃၅၉-၁၃၆၄) (၆) ဥဇနာပြောင် (အေဒီ ၁၃၆၄)။

(တိုးလှ၊ ဒေါက်တာ၊ ပင်းယ-အင်းဝမြေမှသမိုင်းဝင်စေတီပုထိုးများ၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်၊ စက်တင်ဘာ၊ ၂၀၁၉၊ စာမျက်နှာ-၄၃)

- ✦ စစ်ကိုင်းမင်းဆက် ခုနစ်ဆက် - (၁) အသန်ယာစောယွန်း (အေဒီ ၁၃၁၅-၁၃၂၂) (၂) တရဖျားကြီး (အေဒီ ၁၃၂၂-၁၃၆၆) (၃) ရွှေတောင်တက်မင်း (အေဒီ ၁၃၆၆) (၄) ကျစွာမင်း (အေဒီ ၁၃၃၉) (၅) နော်ရထာမင်းရဲ (အေဒီ ၁၃၄၉) (၆) တရဖျားငယ် (အေဒီ ၁၃၄၉) (၇) မင်းပြောက် (အေဒီ ၁၃၅၃)။
(ကြန်၊ ဒေါ်၊ နှင့် အခြား(တည်း)၊ မှန်နန်းရာဇဝင်တော်ကြီး၊ ရန်ကုန်၊ မုံရွေးပုံနှိပ်တိုက်၊ ၂၀၀၈)

- ✦ တိုင် (ရှမ်း)လူမျိုး နန်ချောင် (ယူနန်)မှ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခဲ့သည်။
- ✦ မောပြည်ထောင်ကို မောမြစ် (ရွှေလီမြစ်) မြစ်ဝှမ်းဒေသတွင် စတင်တည်ထောင်ခဲ့သည်။ ထို့ကြောင့် မောရှမ်းဟုခေါ်သည်။
- ✦ မောရှမ်းတို့သည် အနောက်ဘက်နှင့် အနောက်မြောက်ဘက်သို့ မိုးကောင်းမြစ်ဝှမ်း၊ ဟူးကောင်းမြစ်ဝှမ်း တို့ကို ဖြတ်၍ ငြဟ္မပုတ္တရမြစ်ဝှမ်းအထိ ပျံ့နှံ့နေထိုင်ခဲ့သည်။
- ✦ မြို့တော်ဟောင်းနေရာ စစ်ကိုင်းတိုင်းဒေသကြီး၊ နမ်းခမ်းမြို့နယ်အနီးဝန်းကျင်ဖြစ်သည်။
- ✦ ဗဒုံမင်း (ဘိုးတော်ဘုရား)လက်ထက်တွင် မိုးကောင်း၊ မိုးညှင်း ရှမ်းပြည်များကို အနောက်ရှမ်းဟု ခေါ်တွင်ခဲ့သည်။
(Sao Sai Mong Mangarai, The Shan States and the British Annexation; Data paper Number 57.)

- ✦ အင်းဝမြို့သည် မန္တလေးမြို့တောင်ဘက် ၇ မိုင် အကွာတွင် တည်ရှိသည်။
- ✦ အင်းဝကို အဝ ဟုလည်း ခေါ်သည်။
- ✦ ပထမအင်းဝမင်းဆက် ခြောက်ဆက် - (၁) သတိုးမင်းဖျား (အေဒီ ၁၃၆၄-၁၃၆၇) (၂) မင်းကြီးစွာစော်ကဲ (အေဒီ ၁၃၆၈-၁၄၀၁) (၃) မင်းခေါင်ကြီး (အေဒီ ၁၄၀၁-၁၄၂၂) (၄) မိုးညှင်းမင်းတရား (အေဒီ ၁၄၂၇-၁၄၄၀) (၅) မဟာသီဟသူရ (အေဒီ ၁၄၆၉-၁၄၈၁) (၆) ဒုတိယ မင်းခေါင် (အေဒီ ၁၄၈၁-၁၅၀၂)။
(တိုးလှ၊ ဒေါက်တာ၊ ပင်းယ-အင်းဝမြေမှသမိုင်းဝင်စေတီပုထိုးများ၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်၊ စက်တင်ဘာ၊ ၂၀၁၉၊ စာမျက်နှာ-၇၉-၁၀၄)

ကျမ်းကိုးစာရင်း

၁။ ကျော်သက်၊ ဒေါက်တာ၊ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း၊ ဒုတိယအကြိမ်၊ ရန်ကုန်မြို့၊ ဝင်းတိုးအောင်ပုံနှိပ်တိုက်၊ ၂၀၁၅။

၂။ သန်းထွန်း၊ ဒေါက်တာ၊ မြန်မာ့သမိုင်းမြေပုံများ၊ ရန်ကုန်၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန၊ ၂၀၁၇။

၃။ Harvey, G. E., History of Burma, London, Frank Cass & Co. Ltd., 1967.

၁.၂။ တောင်ငူခေတ် (ပထမပိုင်း)

စုစုပေါင်းစာသင်ချိန် (၁၂) ချိန်၊ တစ်ချိန်(၄၅)မိနစ်

သင်ယူမှုရလဒ်များ

- ဤအခန်းကိုသင်ယူပြီးပါက ကျောင်းသားများအနေဖြင့် မြန်မာ့သမိုင်းတွင်လူဦးရေ ပြောင်းရွှေ့မှုများကြောင့် နိုင်ငံတော်သစ်ပေါ်ထွန်းလာခြင်း အကြောင်းရင်းများနှင့် ပဒေသရာဇ်စနစ်၏ သဘောသဘာဝကို ဆွေးနွေးပြီးဆန်းစစ်တတ်မည်။ အမျိုးသားစည်းရုံးရေး ဆောင်ရွက်ချက်များ၏ အကျိုးကျေးဇူးကို အကဲဖြတ်တတ်မည်။

သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

- မြန်မာနိုင်ငံမြေပုံ၊ ဒေါက်တာသန်းထွန်း၏ မြန်မာ့သမိုင်းမြေပုံများစာအုပ်၊ တောင်ငူခေတ် (ပထမပိုင်း)နှင့်သက်ဆိုင်သော ရုပ်ပုံကားချပ်များကို (ရနိုင်ပါက) စုဆောင်းပါ။

ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ

- မြန်မာ့သမိုင်းတွင် လူဦးရေပြောင်းရွှေ့မှုများကြောင့် နိုင်ငံတော်သစ်ပေါ်ထွန်းလာခြင်း အကြောင်းရင်းများကို အုပ်စုဖွဲ့ကာ ဆွေးနွေးခြင်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်တတ်လာမည်။ ထို့ပြင် ကျောင်းသားအချင်းချင်းသော်လည်းကောင်း၊ ဆရာနှင့်သော်လည်းကောင်း မေးမြန်းဆွေးနွေးပြောဆိုခြင်းအားဖြင့် ဆက်သွယ်ပြောဆိုတတ်လာမည်။
- ကျောင်းသားများအနေဖြင့် မြန်မာ့သမိုင်းတွင် ပဒေသရာဇ်စနစ်၏ သဘောသဘာဝကို ဆန်းစစ်ဝေဖန်တတ်ခြင်းဖြင့် ပြဿနာများကို ဝေဖန်သုံးသပ်တတ်လာမည်။

၁.၂.၁။ တောင်ငူခေတ်စတင်ခြင်း — စာသင်ချိန် (၁)

သင်ခန်းစာရည်ရွယ်ချက်

- တောင်ငူ စတင်ပေါ်ပေါက်လာပြီး အင်အားတောင့်တင်းလာပုံကို ဆွေးနွေးတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း — (၅)မိနစ်

ဆရာက ဟံသာဝတီနှင့် အင်းဝတို့ အားပြိုင်မှုများကြောင့် အနှစ်လေးဆယ်စစ်ပွဲ ဆင်နွှဲခဲ့ကြောင်းကို လေ့လာသင်ယူခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ဆရာက ကျောင်းသားများအား အနှစ်လေးဆယ် စစ်ပွဲဖြစ်ရခြင်းအကြောင်းရင်းနှင့်ပတ်သက်သော မေးခွန်းများကို ပြန်လည်၍ လိုရင်းတိုရှင်းမေးပါ။ ယခုစာသင်ချိန်တွင် တောင်ငူ အင်အားတောင့်တင်းလာပုံကို သင်ယူမည်ဖြစ်ကြောင်းပြောပါ။

DBF BOX

သင်ကြားခြင်း **(၁၅)မိနစ်**

၁၅၁၀ ပြည့်နှစ်တွင် မင်းကြီးညိုသည် တောင်ငူမြို့ကို တည်ထောင်ခဲ့ကြောင်း၊ တောင်ငူသည် အင်းဝလက်အောက်ခံဖြစ်ကြောင်း၊ တောင်ငူသည် စစ်လမ်းကြောင်းနှင့် အလှမ်းဝေးသောနေရာတွင် တည်ရှိသောကြောင့် လူအများ နားခိုရာနေရာဖြစ်ကြောင်း၊ စစ်တောင်းမြစ်ဝှမ်းတွင် တည်ရှိသောကြောင့် စိုက်ပျိုးရေးကောင်းမွန်ပြီး စီးပွားရေးတိုးတက်လာသဖြင့် မင်းကြီးညိုလက်ထက်တွင် ပို၍အင်အား ကောင်းလာကြောင်းရှင်းပြပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့်မြေပုံကို အသုံးပြု၍ ရှင်းလင်းသင်ကြားပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ အုပ်စုဖွဲ့ပေးပါ။ ထို့နောက် အုပ်စုအလိုက် ကျောင်းသားများအား တောင်ငူခေတ် စတင်ပေါ်ပေါက်လာပြီး အင်အားတောင့်တင်းလာရခြင်း၏ အကြောင်းရင်း အချက်အလက်များကို မြန်မာပြည်မြေပုံကိုကြည့်၍ စဉ်းစားဆွေးနွေးပါစေ။ အုပ်စုအလိုက် ဆွေးနွေးချက်များမှရရှိသောအချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

တောင်ငူခေတ် စတင်ပေါ်ပေါက်လာပြီး အင်အားတောင့်တင်းလာရခြင်း၏ အကြောင်းရင်းများ
(၁) ----------
(၂) ----------
(၃) ----------

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) တောင်ငူသည် ( ) လက်ထက်တွင် ပို၍အင်အားကောင်းလာခဲ့သည်။ (၁ . ၂ . ၁)

(ခ) ရှမ်းတို့ အင်းဝကို သိမ်းပိုက်သောအခါ ( ) ခေါင်းဆောင်များ တောင်ငူသို့ ခိုဝင်လာခဲ့သည်။ (၁ . ၂ . ၁)

၂။ မှား၊ မှန် ရောထွေးအမှန်ရွေးပါ။

(က) အင်းဝခေတ်တွင် ရှမ်းရန်ကြောင့် အင်းဝယိမ်းယိုင်လာသောအခါ ( ) အင်အားကောင်းလာခဲ့သည်။ ( ) (၁ . ၂ . ၁)

(၁) တောင်ငူ (၂) ဟံသာဝတီ (၃) စစ်ကိုင်း

(ခ) ၁၅၁၀ ပြည့်နှစ်တွင် ( ) သည် တောင်ငူမြို့ (ကေတုမတီ)ကို တည်ထောင်ခဲ့သည်။
( ) (၁. ၂. ၁)

(၁) မင်းကြီးညို (၂) တပင်ရွှေထီး (၃) ဘုရင်နောင်

၃။ မည်သည့်မင်းလက်ထက်တွင် တောင်ငူအင်အားတောင့်တင်းလာသနည်း။ အဘယ်ကြောင့်နည်း။ (၁. ၂. ၁)

၄။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကောင်းမွန်မှုသည် နိုင်ငံ့အင်အားတိုးတက်ရန် အထောက်အကူပြုကြောင်း သင်နားလည်သလို ရှင်းပြပါ။ (၁. ၂. ၁)

ထို့နောက် အောက်ပါအဓိကအချက်ကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအားဂင်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- တောင်ငူမြို့သည် စစ်လမ်းကြောင်းမှ အလှမ်းဝေးသည့်အတွက် စစ်ဘေးဒဏ်မှ ကင်းဝေးပြီး လူအများ ခိုလှုံရာနေရာဖြစ်သောကြောင့် အင်အားကောင်းလာခဲ့သည်။
- မင်းကြီးညိုသည် ၁၅၁၀ ပြည့်နှစ်တွင် တောင်ငူမြို့ကို တည်ထောင်ခဲ့သည်။
- ၁၅၂၇ ခုနှစ်တွင် ရှမ်းတို့ အင်းဝကို သိမ်းပိုက်လိုက်သောအခါ မြန်မာခေါင်းဆောင်အများအပြား တောင်ငူသို့ ခိုဝင်လာသည့်အတွက် တောင်ငူသည် ပိုမိုအင်အားကောင်းလာသည်။

၁. ၂. ၂။ ဟံသာဝတီ တည်ထောင်ခြင်း **စာသင်ချိန် (၂)**

သင်ခန်းစာရည်ရွယ်ချက်

- မင်းကြီးညိုကို ဆက်ခံသော တပင်ရွှေထီးလက်ထက် မြန်မာတစ်နိုင်ငံလုံး စည်းရုံးနိုင်ရန် ကြိုးပမ်းခဲ့ပုံကို တင်ပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

တောင်ငူခေတ် စတင်ပေါ်ပေါက်လာပြီး အင်အားတောင့်တင်းလာပုံကို သင်ယူခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ယခုစာသင်ချိန်တွင် မင်းကြီးညိုကို ဆက်ခံသော တပင်ရွှေထီးလက်ထက် မြန်မာတစ်နိုင်ငံလုံး စည်းရုံးနိုင်ရန် ကြိုးပမ်းခဲ့ပုံကို လေ့လာသင်ယူမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

မင်းကြီးညိုနတ်ရွာစံပြီးနောက် သားတော်တပင်ရွှေထီး ထီးနန်းဆက်ခံချိန်တွင် ဟံသာဝတီကို သွားရောက်တိုက်ခိုက်ခဲ့ကြောင်း၊ တောင်ပိုင်းရှိ မွန်ပဒေသရာဇ်တို့မှာလည်း စည်းလုံးမှုမရှိကြောင်း၊ ပုသိမ်၊ မြောင်းမြ၊ မော်လမြိုင်၊ မုတ္တမ၊ ဟံသာဝတီဟူ၍ အကွဲကွဲပြားပြားဖြစ်နေသည့်အတွက် မွန်ပဒေသရာဇ်များကို စည်းရုံးနိုင်ရန် ကြိုးပမ်းခဲ့ကြောင်း မြန်မာပြည်မြေပုံကိုထောက်ပြပြီး ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်နှင့် ကျား၊ မ ပေါ် မူတည်၍ အုပ်စုဖွဲ့ပေးပါ။ ထို့နောက် အုပ်စုအလိုက် ကျောင်းသားများအား မြေပုံကိုအသုံးပြု၍ တပင်ရွှေထီးလက်ထက် မြန်မာတစ်နိုင်ငံလုံးစည်းရုံးရေး လုပ်ဆောင်ခဲ့ပုံများကို အောက်ပါမေးခွန်းများအရ စဉ်းစားဆွေးနွေးပါစေ။ (၁) တပင်ရွှေထီး လက်ထက်တွင် မည်သည့်ဒေသသို့ သွားရောက်တိုက်ခိုက်သနည်း။ (၂) တပင်ရွှေထီး သွားရောက်စည်းရုံးခဲ့သည့် နေရာများကို ဖော်ပြပါ။ အုပ်စုအလိုက် ဆွေးနွေးချက်များမှ ရရှိသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ မင်းကြီးညိုကို ဆက်ခံသော တပင်ရွှေထီးလက်ထက်တွင် မြန်မာတစ်နိုင်ငံလုံး စည်းရုံးနိုင်ရန် မည်သို့ကြိုးပမ်းခဲ့သနည်း။ (၁. ၂. ၂)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- တပင်ရွှေထီးသည် မြန်မာတစ်နိုင်ငံလုံး စည်းရုံးနိုင်ရန် ဆက်လက်ကြိုးပမ်းခဲ့သည်။
- တပင်ရွှေထီးသည် မွန်ပဒေသရာဇ်များကို တိုက်ခိုက်အောင်မြင်ခဲ့သည်။

DRAFT BOOK

၁.၂.၂။ ဟံသာဝတီ တည်ထောင်ခြင်း (သင်ခန်းစာအဆက်) စာသင်ချိန် (၃)

သင်ခန်းစာရည်ရွယ်ချက်

- တပင်ရွှေထီးသည် နေပြည်တော်ကို ဟံသာဝတီသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် တိုင်းပြည်၏ အခြေအနေကို ဆန်းစစ်တတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

တပင်ရွှေထီးလက်ထက် မြန်မာတစ်နိုင်ငံလုံး စည်းရုံးနိုင်ရန် ကြိုးပမ်းခဲ့ပုံကို သင်ကြားခဲ့ပြီး ဖြစ်ကြောင်း ပြောပြပါ။ ယခုစာသင်ချိန်တွင် တပင်ရွှေထီးသည် နေပြည်တော်ကို ဟံသာဝတီသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် တိုင်းပြည်၏အခြေအနေကို သင်ယူရမည်ဖြစ်ကြောင်း ပြောပါ။

သင်ကြားခြင်း (၁၅)မိနစ်

တပင်ရွှေထီးသည် နေပြည်တော်ကို မွန်တို့ဒေသ ဟံသာဝတီသို့ ပြောင်းရွှေ့ခဲ့ကြောင်း၊ ၁၅၄၉ ခုနှစ်မှစတင်ကာ တိုင်းပြည်ရေးရာများကို လျစ်လျူရှုခဲ့ကြောင်း၊ အုပ်ချုပ်မှုအာဏာ လျော့ပါးလာချိန်တွင် ပုန်ကန်ထကြွမှုကြောင့် ဘုရင့်နောင်ကိုယ်တိုင် သွားရောက်နှိမ်နင်းရကြောင်း ရှင်းပြပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ ရှင်းလင်းပြောပြပါ။

လေ့ကျင့်ခြင်း (၂၀)မိနစ်

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်နှင့် ကျား၊ မ ပေါ်မူတည်၍ အုပ်စုဖွဲ့ပေးပါ။ ထို့နောက် အုပ်စုအလိုက် ကျောင်းသားများအား တပင်ရွှေထီးသည် နေပြည်တော်ကို ဟံသာဝတီသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် တိုင်းပြည်ရေးရာများကို မည်ကဲ့သို့လုပ်ဆောင်ကြောင်း အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါစေ။ (၁) တပင်ရွှေထီးလက်ထက်တွင် နေပြည်တော်ကို ဟံသာဝတီသို့ ပြောင်းရွှေ့ပြီးနောက် ပုန်ကန်ထကြွမှုများ အဘယ်ကြောင့် ပေါ်ပေါက်ခဲ့သနည်း။ (၂) တပင်ရွှေထီးလက်ထက်တွင် ပုန်ကန်မှုကို မည်သူက သွားရောက်နှိမ်နင်းခဲ့သနည်း။ အုပ်စုအလိုက် ဆွေးနွေးချက်များ မှရရှိသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ပြန်လည်တင်ပြပါစေ။ ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၅)မိနစ်

၁။ အောက်ပါကွက်လပ်ကိုဖြည့်ပါ။

(က) တောင်ငူတွင် မင်းကြီးညို နတ်ရွာစံသောအခါ သားတော် ( ) ထီးနန်းဆက်ခံသည်။
(၁.၂.၂)

(ခ) တပင်ရွှေထီးသည် နေပြည်တော်ကို ( )သို့ ပြောင်းရွှေ့ခဲ့သည်။ (၁. ၂. ၂)

(ဂ) တပင်ရွှေထီး၏ အုပ်ချုပ်မှုအာဏာ လျော့နည်းလာချိန်တွင် ပုန်ကန်မှုများ ဖြစ်ပွားရာ တပင်ရွှေထီး၏ ယောက်ဖတော်သူ ( )ကိုယ်တိုင် သွားရောက်နှိမ်နင်းသည်။ (၁. ၂. ၂)

၂။ နေပြည်တော်ကို ဟံသာဝတီသို့ ပြောင်းရွှေ့ပြီးနောက် ဖြစ်ပေါ်လာသော နိုင်ငံ၏အခြေအနေကို ဝေဖန်သုံးသပ်ပါ။ (၁. ၂. ၂)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအားလုံးတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- တပင်ရွှေထီးသည် နေပြည်တော်ကို မွန်တို့ဒေသ ဟံသာဝတီသို့ ပြောင်းရွှေ့ခဲ့သည်။
- တပင်ရွှေထီးသည် ၁၅၄၉ ခုနှစ်မှ စတင်ပြီး တိုင်းပြည်ရေးရာများကို လျစ်လျူရှုခဲ့သည်။
- မွန်သူကောင်းမျိုး သမိန်စောထွတ်၏ လုပ်ကြံမှုကြောင့် ၁၅၅၀ ပြည့်နှစ်တွင် တပင်ရွှေထီး နတ်ရွာစံခဲ့သည်။

၁. ၂.၃။ ဘုရင့်နောင်၏နိုင်ငံစည်းရုံးရေးဆောင်ရွက်ချက်များ စာသင်ချိန် (၄)

သင်ခန်းစာရည်ရွယ်ချက်

- တပင်ရွှေထီး နတ်ရွာစံပြီးနောက် ဖြစ်ပေါ်လာသော နိုင်ငံရေးအခြေအနေကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

ရှေ့ပိုင်းတွင် နေပြည်တော်ကို ဟံသာဝတီသို့ပြောင်းရွှေ့ခဲ့ပြီးနောက် တိုင်းပြည်၏အခြေအနေကို လေ့လာသင်ယူခဲ့ပြီးဖြစ်ကြောင်း ဆရာက ပြောပါ။ ယခုစာသင်ချိန်တွင် တပင်ရွှေထီး နတ်ရွာစံပြီးနောက် ဖြစ်ပေါ်လာသော နိုင်ငံရေးအခြေအနေကို လေ့လာသင်ယူရမည်ဖြစ်ကြောင်း ပြောပါ။

သင်ကြားခြင်း (၁၅)မိနစ်

တပင်ရွှေထီးနတ်ရွာစံသည်နှင့်တစ်ပြိုင်နက် ပဒေသရာဇ်တို့က မိမိတို့အုပ်စားရသော မြို့အသီးသီးကို အခိုင်အမာပြုပြီး ပုန်ကန်ခြားနားခဲ့ကြောင်း၊ ထိုသို့ ရှုပ်ထွေးလာသော အခြေအနေတွင် ဘုရင့်နောင်သည် ထင်ရှားလာကြောင်း ရှင်းပြပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး တပင်ရွှေထီး နတ်ရွာစံပြီးနောက် ဖြစ်ပေါ်လာသော နိုင်ငံရေးအခြေအနေကို ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများ အုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်စေ၍ တပင်ရွှေထီးနတ်ရွာစံပြီးနောက် ဖြစ်ပေါ်လာသော နိုင်ငံရေးအခြေအနေကို အောက်ပါမေးခွန်းများအရ စဉ်းစားဆွေးနွေးပါစေ။ (၁) တပင်ရွှေထီး နတ်ရွာစံပြီးနောက် တိုင်းပြည်အခြေအနေ မည်ကဲ့သို့ရှိခဲ့သနည်း။ (၂) မည်သူက နိုင်ငံကိုဦးဆောင်ခဲ့သနည်း။ ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ၎င်းတို့၏စာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) တပင်ရွှေထီး နတ်ရွာစံသည်နှင့်တစ်ပြိုင်နက် ( )တို့က အပိုင်စားရသော မြို့အသီးသီးကို အခိုင်အမာပြုပြီး ခြားနားခဲ့ကြသည်။ (၁.၂.၃)

(ခ) တပင်ရွှေထီးလက်ထက် တိုင်းပြည်ရှုပ်ထွေးလာသောအခြေအနေတွင် ( )သည် ထင်ရှားလာသည်။ (၁.၂.၃)

၂။ တပင်ရွှေထီး နတ်ရွာစံပြီးနောက် ဟံသာဝတီ၏ နိုင်ငံရေးအခြေအနေ ပြောင်းလဲလာပုံကို ဆွေးနွေးပါ။ (၁.၂.၃)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- တပင်ရွှေထီးနတ်ရွာစံသည်နှင့်တစ်ပြိုင်နက် ပဒေသရာဇ်တို့ကအပိုင်စားရသော မြို့အသီးသီးကို အခိုင်အမာပြုပြီး ခြားနားခဲ့ကြသည်။
- တပင်ရွှေထီးနတ်ရွာစံပြီးနောက် ရှုပ်ထွေးလာသောအခြေအနေတွင် ဘုရင့်နောင်သည် ထင်ရှားလာသည်။

၁.၂.၃။ ဘုရင့်နောင်၏နိုင်ငံစည်းရုံးရေးဆောင်ရွက်ချက်များ (သင်ခန်းစာအဆက်) **စာသင်ချိန် (၅)**

သင်ခန်းစာရည်ရွယ်ချက်

- ဘုရင့်နောင်သည် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မြို့ရွာများ တိုက်ခိုက်သိမ်းသွင်းပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက ကျောင်းသားများကို တပင်ရွှေထီးနတ်ရွာစံပြီးနောက် ဖြစ်ပေါ်လာသော နိုင်ငံရေး အခြေအနေကို လေ့လာသင်ယူခဲ့ပြီးဖြစ်ကြောင်း ပြောပါ။ ဆရာက ယခုစာသင်ချိန်တွင် ဘုရင့်နောင်သည် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မြို့ရွာများ တိုက်ခိုက်သိမ်းသွင်းပုံကို သင်ကြားမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဘုရင့်နောင်သည် ဟံသာဝတီကို ပြန်လည်ရရှိရန်အတွက် ဒဂုန်၊ ဒလတို့မှ တောင်ငူသို့ ချီတက်ရကြောင်း၊ တောင်ငူကိုရရှိပြီးနောက် ပြည်မြို့ကို ရရန်ကြိုးပမ်းကြောင်း၊ ပြည်ကို ဝန်းရံသော တပ်များကို လျှော့ချ၍ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မြို့ရွာများကို တိုက်ခိုက်သိမ်းသွင်းခဲ့ကြောင်း ဆရာက ရှင်းပြပါ။ ထို့နောက် မြန်မာနိုင်ငံမြေပုံနှင့် ကျောင်းသုံးစာအုပ်တို့ကိုရည်ညွှန်းပြီး ဘုရင့်နောင်၏ တိုက်ခိုက်သိမ်းသွင်းပုံကို ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်ပေါ် မူတည်၍ အုပ်စုဖွဲ့ပေးပါ။ ထို့နောက် အုပ်စုအလိုက် ကျောင်းသားများအား ဘုရင့်နောင်၏ တိုက်ခိုက်သိမ်းသွင်းပုံကို မြန်မာပြည်မြေပုံကို ကြည့်၍ စဉ်းစားဆွေးနွေးပါစေ။ ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ဆရာက ဘုရင့်နောင် သိမ်းသွင်းခဲ့သော မြို့၊ ရွာများနှင့် ပတ်သက်သော အချက်အလက်များကို စိစစ်၍ သင်ပုန်းပေါ်တွင် ရေးသားပါ။ ထို့နောက် ၎င်းတို့၏ စာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ဘုရင့်နောင်သည် ( ) ကို ပြန်လည်ရရှိရန်အတွက် ဒဂုန်၊ ဒလတို့မှ တောင်ငူသို့ ချီတက်ခဲ့သည်။ (၁. ၂. ၃)

(ခ) ဘုရင့်နောင်သည် တောင်ငူကို ရရှိပြီးနောက် ( ) မြို့ကို ရရန်ကြိုးပမ်းသည်။ (၁. ၂. ၃)

၂။ ဘုရင့်နောင်သည် ဟံသာဝတီကိုပြန်လည်ရရှိရန် မည်သို့တိုက်ခိုက်သိမ်းသွင်းခဲ့သနည်း။(၁. ၂. ၃)

၃။ တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့၏ နိုင်ငံစည်းရုံးရေး ဆောင်ရွက်ချက်များကို နှိုင်းယှဉ်သုံးသပ်ပါ။ (၁. ၂. ၃)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဘုရင့်နောင်သည် ဟံသာဝတီကို ပြန်လည်ရရှိရန်အတွက် ဒဂုန်၊ ဒလတို့မှ တောင်ငူသို့ ချီတက် တိုက်ခိုက်သည်။
- တောင်ငူကို ရရှိပြီးနောက် ပြည်မြို့ကို ရရန်ကြိုးပမ်းခဲ့သည်။

၁.၂.၃။ ဘုရင့်နောင်၏နိုင်ငံစည်းရုံးရေးဆောင်ရွက်ချက်များ (သင်ခန်းစာအဆက်)

စာသင်ချိန် (၆)

သင်ခန်းစာရည်ရွယ်ချက်

- ဘုရင့်နောင်သည် တပင်ရွှေထီးလက်ထက်က ပိုင်ဆိုင်ခဲ့သော မြို့၊ ရွာများကို လက်အောက်ခံအဖြစ် ပြန်လည်သိမ်းသွင်းနိုင်ခဲ့ပုံကို ဆွေးနွေးတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဘုရင့်နောင်သည် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မြို့ရွာများ တိုက်ခိုက်သိမ်းသွင်းပုံကို လေ့လာသင်ယူခဲ့ပြီးဖြစ်ကြောင်း ဆရာက ပြောပြပါ။ ယခုစာသင်ချိန်တွင် ဘုရင့်နောင်သည် တပင်ရွှေထီးလက်ထက်က ပိုင်ဆိုင်ခဲ့သော မြို့၊ ရွာများကို လက်အောက်ခံအဖြစ် ပြန်လည်သိမ်းသွင်းနိုင်ခဲ့ပုံကို သင်ယူရမည်ဖြစ်ကြောင်း ပြောပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဘုရင့်နောင်သည် ၁၅၅၀ ပြည့်နှစ်တွင် တောင်ငူကို အခြေပြုပြီး ပြည်မြို့ကို ဒုတိယအကြိမ် ချီတက်ရာ အောင်မြင်ခဲ့ကြောင်း၊ ပုဂံနှင့် စလေကို ဆက်လက်ချီတက်သိမ်းပိုက်ကြောင်း၊ ဟံသာဝတီကိုလည်း ပြန်လည်တိုက်ခိုက် အောင်မြင်ကြောင်း ရှင်းပြပါ။ ဆက်လက်၍ ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့်မြေပုံကို အသုံးပြု၍ ပြောပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ကျား၊ မ အုပ်စုဖွဲ့ပေးပါ။ ထို့နောက် အုပ်စုအလိုက် ကျောင်းသားများအား ဘုရင့်နောင်သည် တပင်ရွှေထီးလက်ထက်က ပိုင်ဆိုင်ခဲ့သော မြို့၊ ရွာများကို ချီတက်သိမ်းပိုက်နိုင်ခဲ့ပုံကို (၁) တပင်ရွှေထီးလက်ထက်က မည်သည့် မြို့၊ ရွာများကို ပိုင်ဆိုင်ခဲ့သနည်း။ (၂) ဘုရင့်နောင်သည် ဒေသအသီးသီးနှင့် ဟံသာဝတီကို မည်သို့ တိုက်ခိုက်အောင်မြင်ခဲ့သနည်း။ (၃) မြို့၊ ရွာများကို တိုက်ခိုက်ရာတွင် အောင်မြင်နိုင်ရန် မည်သည့် အချက်များ လိုအပ်သည်ဟု သင်ထင်သနည်း။ စသည့်မေးခွန်းများကို စဉ်းစားဆွေးနွေးပါစေ။ အုပ်စုအလိုက် ဆွေးနွေးချက်များမှ ရရှိသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၅)မိနစ်

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ဘုရင့်နောင်သည် ( )မြို့ကို ရရှိပြီးနောက် ပုဂံနှင့် စလေကို ဆက်လက်ချီတက်သိမ်းပိုက်သည်။ (၁. ၂. ၃)

(ခ) ဟံသာဝတီကို ရရှိပြီးနောက် အရှေ့ဘက် ( ) ဝန်းကျင်ရှိ မြို့စား၊ ရွာစားတို့က အည့်ခံကြသည်။ (၁. ၂. ၃)

၂။ တပင်ရွှေထီးလက်ထက်က ပိုင်ဆိုင်ခဲ့သော မြို့ရွာများကို ဘုရင့်နောင် မည်သို့ချီတက်သိမ်းပိုက်ခဲ့ပုံကို ဆွေးနွေးပါ။ (၁. ၂. ၃)

ထို့နောက် အောက်ပါအဓိကအချက်ကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအားလုံး၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်

- ဘုရင့်နောင်သည် တပင်ရွှေထီးလက်ထက်က ပိုင်ဆိုင်ခဲ့သော မြို့ရွာများကို လက်အောက်ခံအဖြစ် ပြန်လည်တိုက်ခိုက်သိမ်းသွင်းနိုင်ခဲ့သည်။

၁.၂.၃။ ဘုရင့်နောင်၏နိုင်ငံစည်းရုံးရေးဆောင်ရွက်ချက်များ (သင်ခန်းစာအဆက်)

စာသင်ချိန် (၇)

သင်ခန်းစာရည်ရွယ်ချက်

- ဘုရင့်နောင်လက်ထက် တစ်နိုင်ငံလုံး သိမ်းသွင်းရန် ကြိုးပမ်းခဲ့ပုံကို တင်ပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

ဘုရင့်နောင်သည် တပင်ရွှေထီးလက်ထက်က ပိုင်ဆိုင်ခဲ့သော မြို့၊ ရွာများကို သိမ်းသွင်းခဲ့ပုံကို ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ယခုစာသင်ချိန်တွင် ဘုရင့်နောင်လက်ထက် တစ်နိုင်ငံလုံး သိမ်းသွင်းနိုင်ရန် ကြိုးပမ်းခဲ့ပုံကို လေ့လာသင်ယူရမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း (၁၅)မိနစ်

ဘုရင့်နောင်သည် အင်းဝကို သိမ်းပိုက်ရန် ကြိုးပမ်းခဲ့ကြောင်း၊ အင်းဝဘက်မှ အုန်းဘောင်၊ ဗန်းမော်၊ မိုးကောင်း၊ မိုးညှင်းစော်ဘွားတို့ကကူညီသဖြင့် ပထမအကြိမ် လုပ်ကြံရာ မအောင်မြင်ခဲ့ကြောင်း၊ ဘုရင့်နောင်ကိုယ်တိုင်ဦးစီးမှ အင်းဝကိုရရှိကြောင်း ရှင်းပြပါ။ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် ချင်းတွင်းဒေသရှိ မြို့ရွာများကိုသိမ်းသွင်းပြီး မြောက်ဘက်ရှိ ရှမ်းစော်ဘွားနယ်များနှင့် ကိုးရှမ်းပြည်တို့ကို

သိမ်းသွင်းနိုင်ခဲ့ကြောင်း၊ စော်ဘွားများကိုလည်း ဆက်လက်မြောက်စားခဲ့ကြောင်း ရှင်းပြပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ ပြောပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက် ကျား၊ မ ပေါ် မူတည်၍ လူမှုရေးရှုထောင့် အရ မျှတအောင် အုပ်စုဖွဲ့ပေးပါ။ ထို့နောက်အုပ်စုအလိုက် ကျောင်းသားများအား ဘုရင့်နောင် လက်ထက် တစ်နိုင်ငံလုံး သိမ်းသွင်းနိုင်ရန် ကြိုးပမ်းခဲ့ပုံကို စဉ်းစားဆွေးနွေးပါစေ။ ထို့နောက် အုပ်စုကိုယ်စားလှယ်များက မြန်မာနိုင်ငံမြေပုံတွင် ဘုရင့်နောင် သိမ်းပိုက်အောင်မြင်ခဲ့သော မြို့အမည်များကို အစီအစဉ်အလိုက် အမှတ်စဉ်တပ်ပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ နိုင်ငံတစ်နိုင်ငံလုံး အောင်မြင်စွာ စုစည်းနိုင်ရန် မင်းတွင်ရှိသင့်သော အရည်အချင်းများကို ဆွေးနွေးပါ။ (၁. ၂. ၃)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဘုရင့်နောင်သည် ၁၅၅၅ ခုနှစ်တွင် အင်းဝကို ရရှိခဲ့သည်။
- ဘုရင့်နောင်သည် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် ချင်းတွင်းဒေသရှိ မြို့ရွာများကို သိမ်းသွင်းပြီး အင်းဝဘက်မှ ကူညီခဲ့သော ရှမ်းစော်ဘွားနယ်များနှင့် ကိုးရှမ်းပြည်တို့ကို သိမ်းသွင်းနိုင်ခဲ့သည်။
- ဘုရင့်နောင်သည် ၁၅၆၂ ခုနှစ်တွင် ရခိုင်မှအပ တစ်နိုင်ငံလုံးကို စုစည်းနိုင်ခဲ့သည်။

၁.၂.၃။ ဘုရင့်နောင်၏နိုင်ငံစည်းရုံးရေးဆောင်ရွက်ချက်များ (သင်ခန်းစာအဆက်) **စာသင်ချိန် (၈)**

သင်ခန်းစာရည်ရွယ်ချက်

- ဘုရင့်နောင်လက်ထက် ကြီးမားကျယ်ပြန့်သော ဧကရာဇ်နိုင်ငံတော်ကြီး တည်ထောင်နိုင်ခဲ့ပုံကို ဆန်းစစ်တတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဘုရင့်နောင်လက်ထက် ရခိုင်မှအပ တစ်နိုင်ငံလုံး သိမ်းသွင်းခဲ့ပုံကို သင်ကြားခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ယခုစာသင်ချိန်တွင် ဘုရင့်နောင်လက်ထက် ကြီးမားကျယ်ပြန့်သော ဧကရာဇ်နိုင်ငံတော်ကြီး တည်ထောင်နိုင်ခဲ့ပုံကို သင်ယူမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ရှေးဦးစွာ ဧကရာဇ်နိုင်ငံဟူသော ဝေါဟာရအဓိပ္ပာယ်ကို ပြောပြပါ။ ဘုရင့်နောင်သည် ရခိုင်မှအပ တစ်နိုင်ငံလုံးကို သိမ်းပိုက်ရရှိပြီးနောက် ဇင်းမယ်၊ လင်းဇင်း၊ ကသည်းနှင့် ယိုးဒယားကို တိုက်ခိုက်သိမ်းယူခဲ့ကြောင်း၊ ဘုရင့်နောင် နတ်ရွာစံသည်အထိ ယိုးဒယားမှာ မြန်မာတို့၏ လက်အောက်ခံဖြစ်ကြောင်း ရှင်းပြပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ ပြောပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်ပေါ် မူတည်၍ အုပ်စုဖွဲ့ပေးပါ။ ထို့နောက်အုပ်စုအလိုက် ကျောင်းသားများအား ဘုရင့်နောင်သည် ကြီးမားကျယ်ပြန့်သော ဧကရာဇ်နိုင်ငံတော်ကြီး တည်ထောင်နိုင်ရန် မည်ကဲ့သို့လုပ်ဆောင်ခဲ့ကြောင်းကို အောက်ပါအချက်များအရ စဉ်းစားဆွေးနွေးပါစေ။ (၁) ဘုရင့်နောင်လက်ထက်တွင် မည်သည့်ဒေသများ၌ ပုန်ကန်မှုများ ရှိခဲ့သနည်း။ (၂) မြန်မာတစ်နိုင်ငံလုံးအပြင် မည်သည့်ဒေသများကိုပါ သိမ်းပိုက်ရရှိခဲ့သနည်း။ (၃) ဘုရင့်နောင် တည်ထောင်ခဲ့သော ဧကရာဇ်နိုင်ငံတော်ကြီး၏ အဝိုင်းအဝန်းကို အုပ်စုလိုက် ရေးဆွဲတင်ပြပါစေ။ အုပ်စုအလိုက် ဆွေးနွေးချက်များမှ ရရှိသောအချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်ကိုဖြည့်ပါ။

(က) ဘုရင့်နောင်သည် ( ) နှောင်းပိုင်းတွင် ပြိုင်ဘက်ကင်းသော ဧကရာဇ်ဖြစ်ခဲ့သည်။ (၁. ၂. ၃)

၂။ ဘုရင့်နောင်သည် ကြီးမားကျယ်ပြန့်သော ဧကရာဇ်နိုင်ငံတော်ကြီး တည်ထောင်နိုင်ရန် မည်သို့လုပ်ဆောင်ခဲ့သနည်း။ (၁. ၂. ၃)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဘုရင့်နောင် နတ်ရွာစံသည်အထိ အယုဒ္ဓယသည် မြန်မာတို့ လက်အောက်ခံအဖြစ် ဆက်ဆံရေးကောင်းမွန်ခဲ့သည်။
- ဘုရင့်နောင်သည် ၁၆ ရာစုနှောင်းပိုင်းကာလတွင် မြန်မာနိုင်ငံ၌ ပြိုင်ဘက်ကင်းသော ဧကရာဇ်တစ်ပါးဖြစ်ခဲ့သည်။

၁.၂.၄။ ဗမာ၊ မွန်၊ ရှမ်းဆက်ဆံရေး **စာသင်ချိန် (၉)**

သင်ခန်းစာရည်ရွယ်ချက်

- တပင်ရွှေထီးလက်ထက်တွင် ဗမာ၊ မွန်၊ ရှမ်း စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ချက်များကို တင်ပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဘုရင့်နောင်လက်ထက် ကြီးမားကျယ်ပြန့်သော ဧကရာဇ်နိုင်ငံတော်ကြီး တည်ထောင်နိုင်ခဲ့ပုံကို သင်ကြားခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ယခုစာသင်ချိန်တွင် တပင်ရွှေထီးလက်ထက်တွင် ဗမာ၊ မွန်၊ ရှမ်း စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ချက်များကို သင်ယူမည်ဖြစ်ကြောင်းပြောပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

တပင်ရွှေထီးသည် ဗမာ၊ မွန်၊ ရှမ်း စည်းလုံးညီညွတ်ရေးအတွက် ၎င်းတို့၏ ဓလေ့ထုံးစံ ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေအောင် ကျင့်သုံးခဲ့ကြောင်း၊ ဗမာ၊ မွန်၊ ရှမ်း၊ မျူးမတ် စစ်သူကြီးများကို သင့်လျော်သော ရာထူးအဆင့်အတန်းများပေးခဲ့ကြောင်း ရှင်းပြပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကိုအသုံးပြု၍ ရှင်းလင်းသင်ကြားပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ကျား၊ မ မျှတအောင် အုပ်စုဖွဲ့ပေးပါ။ ထို့နောက် အုပ်စုအလိုက် ကျောင်းသားများအား တပင်ရွှေထီးလက်ထက်တွင် ဗမာ၊ မွန်၊ ရှမ်း စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ချက်များကို စဉ်းစားဆွေးနွေးပါစေ။ အုပ်စုအလိုက် ဆွေးနွေးချက်များမှ ရရှိသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည် တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ အောက်ပါမေးခွန်းများကိုမေး၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ တပင်ရွှေထီးလက်ထက်တွင် ဗမာ၊ မွန်၊ ရှမ်း စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ချက်များကို ဆန်းစစ်ပါ။ (၁. ၂. ၄)

၂။ နိုင်ငံတွင်းရှိ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးအတွက် အုပ်ချုပ်သူမင်းက မည်သည့်အရာများကို လုပ်ဆောင်ပေးသင့်သနည်း။ (၁. ၂. ၄)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအားလုံး၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- တပင်ရွှေထီးစိုးစံစဉ်က ဗမာ၊ မွန်၊ ရှမ်း စည်းလုံးညီညွတ်ရေးအတွက် ယင်းတို့၏ဓလေ့ထုံးစံ ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေအောင် ကျင့်သုံးခဲ့သည်။
- တပင်ရွှေထီးလက်ထက်တွင် မွန်၊ ရှမ်း မျူးမတ်တို့ကို အဆောင်အယောင်ပေးပြီး ချီးမြှင့်ခဲ့သည်။

၁.၂.၄။ ဗမာ၊ မွန်၊ ရှမ်းဆက်ဆံရေး (သင်ခန်းစာအဆက်) **စာသင်ချိန် (၁၀)**

သင်ခန်းစာရည်ရွယ်ချက်

♦ ဘုရင့်နောင်လက်ထက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ပဒေသရာဇ်ခေါင်းဆောင်များအား အခွင့်အရေးပေးပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

တပင်ရွှေထီးလက်ထက်တွင် ဗမာ၊ မွန်၊ ရှမ်းစည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ချက်များကို သင်ကြားခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ယခုစာသင်ချိန်တွင် ဘုရင့်နောင်လက်ထက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တပင်ရွှေထီးကဲ့သို့ ဆောင်ရွက်မှုများကို သင်ယူမည်ဖြစ်ကြောင်း ပြောပါ။

DBE Box

သင်ကြားခြင်း **(၁၅)မိနစ်**

ဘုရင့်နောင်သည် ကျယ်ဝန်းသောနိုင်ငံတော်ကြီးကို တည်ဆောက်ချိန်မှစ၍ ပုန်ကန်မှုအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရသော်လည်း ဗမာ၊ မွန်၊ ရှမ်း စည်းလုံးညီညွတ်ရေးကို အားသွန်ကြိုးပမ်းခဲ့ကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တပင်ရွှေထီးကဲ့သို့ ဆက်လက်ကျင့်သုံးကြောင်း ရှင်းပြပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့်မြေပုံကို အသုံးပြု၍ ရှင်းလင်းသင်ကြားပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုဖွဲ့ပေးပါ။ ထို့နောက် အုပ်စုအလိုက် ကျောင်းသားများအား ဘုရင့်နောင်လက်ထက်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် လုပ်ဆောင်ချက်များကို စဉ်းစားဆွေးနွေးပါစေ။ တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့၏ လုပ်ဆောင်ချက်များကို ဆွေးနွေးပါ။ အုပ်စုအလိုက် ဆွေးနွေးချက်များမှ ရရှိသောအချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ အောက်ပါမေးခွန်းများကိုမေး၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ဘုရင့်နောင်လက်ထက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်မှုများကို ဆွေးနွေးပါ။ (၁. ၂. ၄)

၂။ ဘုရင့်နောင်သည် ပဒေသရာဇ်ခေါင်းဆောင်များအပေါ် မည်သို့တန်းတူညီမျှ အခွင့်အရေးပေးခဲ့သနည်း။ (၁. ၂. ၄)

၃။ ဘုရင့်နောင်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မပျက်ပြားအောင် မည်သို့ကြိုးပမ်းဆောင်ရွက်ခဲ့သနည်း။ (၁. ၂. ၄)

၄။ တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဆောင်ရွက်ချက်များကို အောက်ပါဇယားတွင် ဖြည့်စွက်၍ ဖော်ထုတ်တင်ပြပါ။ (၁. ၂. ၄)

စည်းရုံးရေးဆောင်ရွက်ချက်များ	
တပင်ရွှေထီး	ဘုရင့်နောင်
♦ ဟံသာဝတီကို တိုက်ခိုက်စည်းရုံး ♦ ----------	♦ တောင်ငူကို တိုက်ခိုက်စည်းရုံး ♦ ----------

DBE BOX

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဘုရင့်နောင်လက်ထက်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တပင်ရွှေထီးကဲ့သို့ ဆက်လက်ဆောင်ရွက်သည်။
- ဘုရင့်နောင်သည် တိုက်ခိုက်သိမ်းသွင်းရရှိသော ပဒေသရာဇ် ခေါင်းဆောင်များကို သစ္စာခံစေပြီး အဆောင်အယောင် နှိမ့်ချခြင်း မပြုဘဲ သစ္စာမခံသူကိုသာ နှိမ်နင်းချေမှုန်းသည်။
- ဘုရင့်နောင်သည် တိုင်းရေး၊ ပြည်ရေး၊ စစ်မက်ရေးတို့၌ ဗမာ၊ မွန်၊ ရှမ်း မျူးမတ်တို့ကို ခေါ်ယူ၍ တိုင်ပင်ဆောင်ရွက်ခဲ့သည်။

၁.၂.၄။ ဗမာ၊ မွန်၊ ရှမ်းဆက်ဆံရေး (သင်ခန်းစာအဆက်) စာသင်ချိန် (၁၁)

သင်ခန်းစာရည်ရွယ်ချက်

- နန္ဒဘုရင်လက်ထက် ဟံသာဝတီဧကရာဇ်နိုင်ငံ ယိုယွင်းလာခဲ့ပုံကို ဆန်းစစ်တတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

ဘုရင့်နောင်သည် ပဒေသရာဇ်ခေါင်းဆောင်များအပေါ် အခွင့်အရေးပေးပုံကို သင်ကြားခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ယခုစာသင်ချိန်တွင် နန္ဒဘုရင်လက်ထက် ဟံသာဝတီဧကရာဇ်နိုင်ငံ ယိုယွင်းလာခဲ့ပုံကို သင်ယူမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း (၁၅)မိနစ်

နန္ဒဘုရင်သည် ဖခင်ဘုရင့်နောင်ကဲ့သို့ အရည်အချင်း မရှိကြောင်း၊ လက်အောက်ခံ ပဒေသရာဇ်များက ပုန်ကန်ထကြွခဲ့ကြောင်း၊ နန္ဒဘုရင်လက်ထက်တွင် တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့တည်ထောင်ခဲ့သော ဟံသာဝတီဧကရာဇ်နိုင်ငံ ယိုယွင်းလာခဲ့ကြောင်း၊ အင်းဝသတိုးမင်းစောသည် ဟံသာဝတီကို လုပ်ကြံရန် ကြံစည်ခဲ့ကြောင်း၊ အင်းဝနှင့် ဟံသာဝတီခေါင်းဆောင်သော အင်အားစုများ စစ်ခင်းကြကြောင်း ရှင်းပြပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ ရှင်းလင်းသင်ကြားပါ။

လေ့ကျင့်ခြင်း (၂၀)မိနစ်

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ကျား၊ မ အုပ်စုဖွဲ့ပေးပါ။ ထို့နောက်အုပ်စုအလိုက် ကျောင်းသားများအား နန္ဒဘုရင်လက်ထက်တွင် ဟံသာဝတီဧကရာဇ်နိုင်ငံ

ယိုယွင်းလာစေသောအချက်များကို စဉ်းစားဆွေးနွေးစေမည်။ အုပ်စုအလိုက် ဆွေးနွေးချက်များမှ ရရှိသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၅)မိနစ်

၁။ အောက်ပါတို့ကို မှန်လျှင် (မှန်)၊ မှားလျှင် (မှား) ဟုရေးပါ။

(က) ယိုးဒယားမင်းသားနရဲစွမ်သည် အင်းဝနှင့် ဟံသာဝတီစစ်ဖြစ်နေစဉ်အတွင်း ဟံသာဝတီသို့ ချီတက်လာသည်။ ( ) (၁. ၂. ၄)

(ခ) နန္ဒဘုရင်သည် နတ်ရှင်နောင်၏ လုပ်ကြံမှုကြောင့် နတ်ရွာစံခဲ့သည်။ ( ) (၁. ၂. ၄)

၂။ မှား၊ မှန် ရောထွေးအမှန်ရွေးပါ။

(က) တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့ တည်ထောင်ခဲ့သော ဟံသာဝတီဧကရာဇ်နိုင်ငံသည် ( ) လက်ထက်တွင် ယိုယွင်းခဲ့သည်။ ( ) (၁. ၂. ၄)

(၁) နတ်ရှင်နောင် (၂) နန္ဒဘုရင် (၃) နရဲစွမ်

၃။ နန္ဒဘုရင်လက်ထက်တွင် ဟံသာဝတီဧကရာဇ်နိုင်ငံ ယိုယွင်းလာခဲ့ပုံကို ဆန်းစစ်ပါ။ (၁. ၂. ၄)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့ တည်ထောင်ခဲ့သော ဟံသာဝတီဧကရာဇ်နိုင်ငံသည် နန္ဒဘုရင်လက်ထက်တွင် ယိုယွင်းလာခဲ့သည်။
- ၁၅၉၉ ခုနှစ်တွင် တောင်ငူမင်းနှင့် ရခိုင်မင်းတို့ ပူးပေါင်းကာ ဟံသာဝတီကို တိုက်ခိုက်ခဲ့ကြသည်။
- နန္ဒဘုရင်သည် ၁၆၀၀ ပြည့်နှစ်တွင် တောင်ငူမင်း၏သားတော် နတ်ရှင်နောင်၏ လုပ်ကြံမှုကို ခံရပြီး နတ်ရွာစံခဲ့သည်။

၁.၂.၄။ ဗမာ၊ မွန်၊ ရှမ်းဆက်ဆံရေး (သင်ခန်းစာအဆက်) စာသင်ချိန် (၁၂)

သင်ခန်းစာရည်ရွယ်ချက်

- ♦ ဟံသာဝတီပျက်ပြီးနောက် မြန်မာတစ်နိုင်ငံလုံးတွင် ပဒေသရာဇ်နိုင်ငံငယ် အများအပြား ပေါ်ပေါက်လာပုံကို တင်ပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

သင်ခန်းစာမိတ်ဆက်အနေဖြင့် နန္ဒဘုရင်လက်ထက်တွင် ဟံသာဝတီဧကရာဇ်နိုင်ငံသည် မည်သည့်အတွက်ကြောင့် ယိုယွင်းခဲ့သနည်းဟု ကျောင်းသားများအား မေးမြန်းပါ။ ယခုစာသင်ချိန်တွင် ဟံသာဝတီဧကရာဇ်နိုင်ငံ ပျက်ပြီးနောက် မြန်မာတစ်နိုင်ငံလုံးတွင် ပဒေသရာဇ်နိုင်ငံငယ် အများအပြား ပေါ်ပေါက်လာပုံကို သင်ယူမည်ဖြစ်ကြောင်း ပြောပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဟံသာဝတီပျက်ပြီးနောက် တောင်ငူ၊ မုတ္တမနှင့် ပြည်တို့မှ လက်အောက်ခံ ပဒေသရာဇ်များ၊ ရှမ်းပြည်မှ စော်ဘွားများ သီးခြားပြည်ထောင်ငယ်များ တည်ထောင်ပြီး အုပ်ချုပ်ကြကြောင်း ရှင်းပြပါ။ တိုင်းပြည်ဆူပူလှုပ်ရှားနေချိန်တွင် အောက်မြန်မာနိုင်ငံရှိ မွန်များသည် ယိုးဒယားနိုင်ငံအတွင်းသို့ ပြေးဝင်ခိုလှုံကြကြောင်း ရှင်းပြပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကိုအသုံးပြု၍ ရှင်းလင်းသင်ကြားပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျား၊ မ ကျောင်းသားအရေအတွက်ပေါ် မူတည်၍အုပ်စုဖွဲ့ပေးပါ။ ထို့နောက် အုပ်စုအလိုက် ကျောင်းသားများအား မြန်မာနိုင်ငံ မြေပုံကို အသုံးပြုပြီး ပဒေသရာဇ်နိုင်ငံငယ်များ တည်ထောင်ခဲ့ကြသော တောင်ငူ၊ ပြည်၊ မုတ္တမ၊ ရှမ်းပြည်မှ ရှမ်းစော်ဘွား စသည့် ကတ်ပြားများကို မြေပုံတွင် ကပ်ပါ။ ထို့နောက် ဟံသာဝတီဧကရာဇ်နိုင်ငံ ပျက်ပြီးနောက် မြန်မာတစ်နိုင်ငံလုံးတွင် ပဒေသရာဇ် နိုင်ငံငယ် အများအပြား ပေါ်ပေါက်လာပုံကို စဉ်းစားဆွေးနွေးပါစေ။ အုပ်စုအလိုက် ဆွေးနွေးချက်များမှ ရရှိသောအချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ အောက်ပါမေးခွန်းများကိုမေး၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ဟံသာဝတီဧကရာဇ်နိုင်ငံပျက်ပြီးနောက် မြန်မာနိုင်ငံ၏ အခြေအနေများကို ရှင်းပြပါ။ (၁. ၂. ၄)

၂။ ဟံသာဝတီဧကရာဇ်နိုင်ငံပျက်သုဉ်းရခြင်းသည် မည်သည့်အချက်များကြောင့်ဖြစ်နိုင်သနည်း။ အချက်သုံးချက်ခန့် တင်ပြပါ။ (၁. ၂. ၄)


ထို့နောက် အောက်ပါအဓိကအချက်ကိုပြောပြပြီး သင်ခန်းစာကို နိဒါန်းချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်

- ဟံသာဝတီဧကရာဇ်နိုင်ငံပျက်ပြီးနောက် မြန်မာတစ်နိုင်ငံလုံးတွင် ပဒေသရာဇ်နိုင်ငံငယ် အများအပြား ပေါ်ပေါက်လာခဲ့သည်။

သင်ခန်းစာ ၁.၂။ တောင်ငူခေတ် (ပထမပိုင်း) တွင်သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။

တောင်ငူခေတ် (ပထမပိုင်း)



ဆရာမှတ်စု

- ✦ ဧကရာဇ်နိုင်ငံဆိုသည်မှာ နိုင်ငံငယ် နယ်ပယ်များအား စုစည်းသိမ်းသွင်းပြီး မင်းဧကရာဇ်ဘုရင်က အုပ်ချုပ်သော နိုင်ငံကို ဆိုလိုသည်။
- ✦ ကိုးရှမ်းပြည် ။ ။ (၁) သိန္နီ (၂) သီပေါ (၃) ညောင်ရွှေ (၄) ဗန်းမော် (၅) မိုးနဲ (၆) မိုးမိတ် (၇) မိုးကောင်း (၈) မိုးညှင်း (၉) ကလေး

  (ရီရီ၊ ဒေါက်တာ၊ သုတေသနအဘိဓာန်များမှတ်စု၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ၁၉၇၄။)

DBE BOX

ကျမ်းကိုးစာရင်း

၁။ တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညို၊ ဒေါက်တာကျော်ဝင်း(တည်း)၊ မဟာရာဇဝင်သစ် (တောင်ငူခေတ်)၊ ဒုတိယတွဲ၊ တတိယအကြိမ်၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်၊ ၂၀၁၂။

၂။ သိန်းလှိုင်၊ ဦး၊ အရှေ့တောင်အာရှ၊ ရန်ကုန်၊ ဂဠုန်-နဂါးပုံနှိပ်တိုက်၊ ၁၉၈၁။

၃။ အခြေပြုမြန်မာ့နိုင်ငံရေးသမိုင်း၊ပထမတွဲ၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၀။

၄။ ရှင်မဟာသီလဝံသ၊ ရာဇဝင်ကျော်၊ စတုတ္ထအကြိမ်၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်၊ ၂၀၁၀။

၅။ သန်းထွန်း၊ ဒေါက်တာ၊ တောင်ငူဆက်၊ ဟံသာဝတီ၊ ဆင်ဖြူရှင်၊ ဘုရင့်နောင်နှင့် ကမ္ဘောဇသာဒီ နန်းတော်၊ ရန်ကုန်၊ လပြည့်လင်းပုံနှိပ်တိုက်၊ ၂၀၁၇။

၆။ ကုလား၊ ဦး၊ ရာဇဝင်ချုပ်၊ ဒုတိယအကြိမ်၊ ရန်ကုန်၊ ရာပြည့်ပုံနှိပ်တိုက်၊ ၂၀၁၁။

၇။ ကြန်၊ ဒေါ်၊ နှင့် အခြား(တည်း)၊ မှန်နန်းရာဇဝင်တော်ကြီး၊ ရန်ကုန်၊ မုံရွေးပုံနှိပ်တိုက်၊ ၂၀၀၈။

၈။ Smith, Robert, The Rise and Fall of the Taungoo Empire, A Creative Retelling, Thailand, Jack Lourens Publishing, 2017.

၉။ Lieberman, Victor. B. Burmese Administrative Cycles: Anarchy and Conquest, c. 1580-1760, UK, Princeton University Press, 1984.

DBE BOX

၁.၃။ ညောင်ရမ်းခေတ် (တောင်ငူခေတ် – ဒုတိယပိုင်း)

စုစုပေါင်းစာသင်ချိန် (၁၅) ချိန်၊ တစ်ချိန်(၄၅)မိနစ်

သင်ယူမှုရလဒ်များ

- ဤအခန်းကို သင်ယူပြီးပါက ကျောင်းသားများအနေဖြင့် အင်းဝကို ပြန်လည်ထူထောင်သည့် လုပ်ဆောင်ချက်များ၊ ပေါ်တူဂီ၊ ဒတ်ချ်တို့နှင့် ဆက်ဆံရေး အရေးပါမှုကို ဆန်းစစ်တတ်မည်။ လူမှုစီးပွားရေး ကျဆင်းမှုသည် နိုင်ငံ့အင်အားအပေါ် သက်ရောက်မှုရှိစေနိုင်ကြောင်း လေ့လာဆွေးနွေးတတ်မည်။

သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

- မြန်မာနိုင်ငံမြေပုံ၊ ညောင်ရမ်းခေတ်နှင့် သက်ဆိုင်သော ရုပ်ပုံကားချပ်များကို (ရနိုင်ပါက) စုဆောင်းပါ။

ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ

- အင်းဝကိုပြန်လည်ထူထောင်သည့် လုပ်ဆောင်ချက်များကို အုပ်စုဖွဲ့ကာ ဆွေးနွေးခြင်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်တတ်လာမည်။
- ကျောင်းသားအချင်းချင်းသော်လည်းကောင်း၊ ဆရာနှင့်သော်လည်းကောင်း မေးမြန်းဆွေးနွေးပြောဆိုခြင်းအားဖြင့် ဆက်သွယ်ပြောဆိုတတ်လာမည်။
- ကျောင်းသားများအနေဖြင့် ညောင်ရမ်းခေတ် ပေါ်တူဂီ၊ ဒတ်ချ်တို့နှင့် ဆက်ဆံရေး အရေးပါမှုကို ဆန်းစစ်တတ်ခြင်း၊ လူမှုစီးပွားရေးကျဆင်းမှုသည် နိုင်ငံ့အင်အားအပေါ် သက်ရောက်မှုရှိစေနိုင်ကြောင်း လေ့လာဆွေးနွေးတတ်ခြင်း စသည်တို့ကြောင့် ကျိုးကြောင်းဝေဖန် ဆန်းစစ်တွေးခေါ်ခြင်း တိုးတက်လာမည်။

၁.၃.၁။ အင်းဝပြန်လည်ထူထောင်ခြင်း — စာသင်ချိန် (၁)

သင်ခန်းစာရည်ရွယ်ချက်

- ♦ ညောင်ရမ်းမင်းသားသည် အင်းဝကို ပြန်လည်ထူထောင်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက ရှေ့ပိုင်းတွင် လူဦးရေ ပြောင်းရွှေ့မှုများကြောင့် နိုင်ငံတော်သစ် ပေါ်ထွန်းလာရခြင်း အကြောင်းရင်းများနှင့် ပဒေသရာဇ်တို့၏ သဘောသဘာဝကို ကျောင်းသားများအား မှတ်မိသမျှ ပြန်လည်ပြောပြပါစေ။ ယခုစာသင်ချိန်တွင် ညောင်ရမ်းမင်းသားသည် အင်းဝကို ပြန်လည်ထူထောင်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ပုံ သင်ခန်းစာကို လေ့လာသင်ယူမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဆရာက သင်ပုန်းပေါ်တွင် အောက်ပါအတိုင်း ဖြစ်စဉ်ပြဇယားဆွဲ၍ သင်ကြားပါ။ ထို့နောက် ဆရာက နှုတ်မေးခွန်းများ မေးမြန်းပါ။ ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ ညောင်ရမ်းမင်းသားသည် အင်းဝကို ပြန်လည်ထူထောင်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ပုံများကို ရှင်းပြပါ။



လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများ အုပ်စုလိုက် မေးခွန်းစာရွက်များ ဝေပေးပါ။

(၁) နန္ဒဘုရင်လက်ထက် ပုခန်းကြီးမှ ပုန်ကန်ရန်ကြံစည်သူတို့ကို မည်သူက နှိမ်နင်းခဲ့သနည်း။

(၂) အဘယ်ကြောင့် ညောင်ရမ်းမင်းသားဟု အမည်ထင်ရှားခဲ့သနည်း။ (၃) နန္ဒဘုရင်ကို ပုခန်းကြီးမှ ပုန်ကန်ခြားနားစဉ် ညောင်ရမ်းမြို့လုံခြုံရေးကို ညောင်ရမ်းမင်းသားသည် မည်သို့စီမံခဲ့သနည်း။ (၄) ညောင်ရမ်းမင်းသားသည် အင်းဝမြို့သစ် တည်ထောင်ပြီးနောက် မည်သည့်ဘွဲ့ကို ခံယူသနည်း စသည့် မေးခွန်းများကို အုပ်စုလိုက် ဖြေပါစေ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၅)မိနစ်

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ညောင်ရမ်းမင်းသားသည် ဖခမည်းတော် ( )၏ နိုင်ငံတော်ကို ဆက်လက်တည်ဆောက်ရန် ကြိုးပမ်းအားထုတ်သည်။ (၁. ၃. ၁)

(ခ) ညောင်ရမ်းမင်းသားသည် ( ) ဘွဲ့ကို ခံယူသည်။ (၁. ၃. ၁)

(ဂ) ညောင်ရမ်းမင်းသားသည် ရှမ်းပြည်နယ်မှ မြို့တချို့ကို ( ) လက်အောက်ခံအဖြစ် သိမ်းသွင်းသည်။ (၁. ၃. ၁)

၂။ အောက်ပါတို့ကို မှန်လျှင် (မှန်)၊ မှားလျှင် (မှား) ဟုရေးပါ။

(က) ဘုရင့်နောင်တည်ထောင်ခဲ့သော ဟံသာဝတီဧကရာဇ်နိုင်ငံတော်သည် သားတော်တပင်ရွှေထီးလက်ထက်တွင် ပြိုကွဲသည်။ ( ) (၁. ၃. ၁)

(ခ) မင်းရဲနန္ဒမိတ်သည် တောင်ငူနှင့် ဇင်းမယ်နယ်တို့မှ ပုန်ကန်ခြားနားလာသောအခါ ညောင်ရမ်းမြို့ လုံခြုံရေးကို အခိုင်အမာ ပြုခဲ့သည်။ ( ) (၁. ၃. ၁)

၃။ နိုင်ငံတစ်နိုင်ငံ ပြန်လည်ထူထောင်ရန် နိုင်ငံ့အကြီးအကဲသည် မည်သည့်အရည်အချင်းများရှိရန် လိုအပ်သည်ကို ဆွေးနွေးပါ။ (၁. ၃. ၁)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဘုရင့်နောင် တည်ထောင်ခဲ့သော ဟံသာဝတီဧကရာဇ်နိုင်ငံသည် သားတော်နန္ဒဘုရင် လက်ထက်တွင် ပြိုကွဲသည်။
- ညောင်ရမ်းမင်းသားသည် ဖခမည်းတော် ဘုရင့်နောင်၏ နိုင်ငံတော်ကို ဆက်လက်တည်ဆောက်ရန် ကြိုးပမ်းအားထုတ်သည်။
- ညောင်ရမ်းမင်းသားသည် အင်းဝမြို့တော်ဟောင်းနေရာ၌ မြို့သစ်တည်ထောင်သည်။

၁.၃.၁။ အင်းဝပြန်လည်ထူထောင်ခြင်း (သင်ခန်းစာအဆက်) စာသင်ချိန် (၂)

သင်ခန်းစာရည်ရွယ်ချက်

- အနောက်ဘက်လွန်မင်း၏ အင်းဝကိုပြန်လည်တည်ထောင်ရာတွင် ထင်ရှားသည့် ဆောင်ရွက်ချက်များကို ဆွေးနွေးတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

ညောင်ရမ်းမင်းသား၏ အင်းဝကို ပြန်လည်တည်ထောင်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ပုံကို သင်ယူခဲ့ပြီးဖြစ်ကြောင်း ဆရာက ပြောပြပါ။ ထို့နောက် ဆရာက ကျောင်းသားများအား ပြီးခဲ့သည့် သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်ပြောပြပါစေ။ ယခုစာသင်ချိန်၌ အနောက်ဘက်လွန်မင်း၏ အင်းဝကို ပြန်လည်တည်ထောင်ရာတွင် ထင်ရှားသည့် ဆောင်ရွက်ချက်များကို လေ့လာသင်ယူမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း (၁၅)မိနစ်

ညောင်ရမ်းမင်းသည် သိန္နီနယ်ကို သိမ်းယူပြီး အပြန်လမ်းခရီးတွင် နတ်ရွာစံကာ ထီးနန်းကို သားတော်မဟာဓမ္မရာဇာတွဲ့အမည်ခံ အနောက်ဘက်လွန်မင်းက ဆက်ခံခဲ့ကြောင်း၊ အင်းဝ ဝန်းကျင်ရှိ ဒေသများကို ဆက်လက်၍အခိုင်အမာ စုစည်းနိုင်ခဲ့ကြောင်း၊ ရှမ်းပြည်တွင်းရှိ မြို့နယ်များ၊ တောင်ငူ၊ သန်လျင်၊ ပြည်မြို့ စသည်တို့ကိုလည်း အောင်မြင်စွာ သိမ်းသွင်းနိုင်ခဲ့ကြောင်း၊ တောင်ငူဘုရင် နတ်ရှင်နောင်ကို မြို့စားအဖြစ် ပြန်လည်တာဝန်ပေး အုပ်ချုပ်စေခဲ့ကြောင်း ရှင်းလင်းသင်ကြားပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ အနောက်ဘက်လွန်မင်း၏ အင်းဝကို ပြန်လည်တည်ထောင်ရာတွင် ထင်ရှားသည့် ဆောင်ရွက်ချက်များကို ဆရာက ရှင်းပြပါ။

လေ့ကျင့်ခြင်း (၂၀)မိနစ်

ဆရာက ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများ အုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ အနောက်ဘက်လွန်မင်း၏ အင်းဝကို ပြန်လည်ထူထောင်ရာတွင် ထင်ရှားသည့်ဆောင်ရွက်ချက်များကို စဉ်းစားဆွေးနွေးပါစေ။ ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၅)မိနစ်

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ညောင်ရမ်းမင်း နတ်ရွာစံပြီးနောက် သားတော်မဟာဓမ္မရာဇာဘွဲ့အမည်ခံ ( )မင်းက ဆက်ခံသည်။ (၁. ၃. ၁)

(ခ) အနောက်ဘက်လွန်မင်းသည် ( )ဝန်းကျင်ရှိ ဒေသများကို အခိုင်အမာ စုစည်းနိုင်ခဲ့သည်။ (၁. ၃. ၁)

(ဂ) အနောက်ဘက်လွန်မင်းသည် တောင်ငူဘုရင် ( )ကို မြို့စားအဖြစ် တာဝန်ပေးအုပ်ချုပ်စေခဲ့သည်။ (၁. ၃. ၁)

၂။ အနောက်ဘက်လွန်မင်း၏ အင်းဝကိုပြန်လည်တည်ထောင်ရာတွင် ထင်ရှားသည့် ဆောင်ရွက်ချက်များကို ရှင်းလင်းဖြေဆိုပါ။ (၁. ၃. ၁)

၃။ နိုင်ငံပြန်လည်ထူထောင်ရာတွင် မည်သည့်အချက်များကို လုပ်ဆောင်ရမည်ဟု သင်ထင်သနည်း။ (၁. ၃. ၁)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအားလုံးတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ညောင်ရမ်းမင်း၏ သားတော် မဟာဓမ္မရာဇာဘွဲ့အမည်ခံ အနောက်ဘက်လွန်မင်း ထီးနန်းဆက်ခံသည်။
- အနောက်ဘက်လွန်မင်းက အင်းဝဝန်းကျင်ရှိ ဒေသများကို အခိုင်အမာ စုစည်းနိုင်ခဲ့သည်။
- တောင်ငူဘုရင် နတ်ရှင်နောင်ကို မြို့စားအဖြစ် ပြန်လည်တာဝန်ပေး အုပ်ချုပ်စေခဲ့သည်။

၁.၃. ၂။ ပေါ်တူဂီတို့နှင့်ဆက်ဆံရေး စာသင်ချိန် (၃)

သင်ခန်းစာရည်ရွယ်ချက်

- အနောက်ဘက်လွန်မင်းလက်ထက် ပေါ်တူဂီလူမျိုး ဖိလစ်ဒီဗရစ်တိုအကြောင်း ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

ရှေ့စာသင်ချိန်တွင် အနောက်ဘက်လွန်မင်း၏ အင်းဝကိုပြန်လည်ထူထောင်ရာတွင် ထင်ရှားသည့် ဆောင်ရွက်ချက်များအကြောင်းကို လေ့လာသင်ယူခဲ့ပြီးဖြစ်ကြောင်း ဆရာက ပြောပြပါ။ ထို့

နောက် ကျောင်းသားများအား ပြီးခဲ့သည့် သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်ပြောပြပါစေ။ ယခု စာသင်ချိန်တွင် အနောက်ဘက်လွန်မင်းလက်ထက် ဖိလစ်ဒီဗရစ်တိုအကြောင်းကို သင်ယူကြရမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

အနောက်ဘက်လွန်မင်းသည် နိုင်ငံတော်တောင့်တင်းခိုင်မာမှုကို ဆောင်ရွက်နေစဉ်အတွင်း ပေါ်တူဂီလူမျိုး ဖိလစ်ဒီဗရစ်တို၏ အန္တရာယ်ကိုလည်း ရင်ဆိုင်ဖြေရှင်းခဲ့ရကြောင်း၊ ဒီဗရစ်တိုသည် ရခိုင်ဘုရင် မင်းရာဇာကြီးထံတွင် ကြေးစားအမြောက်တပ်သားအဖြစ် အမှုထမ်းခဲ့သူတစ်ဦးဖြစ်ပြီး မြန်မာ့သမိုင်းတွင် ငဇင်ကာဟူ၍ ဖော်ပြကြောင်း၊ ဟံသာဝတီကို အောင်မြင်ပြီးနောက် ရခိုင်ဘုရင် မင်းရာဇာကြီးက ဒီဗရစ်တိုအား သန်လျင်မြို့ကို အုပ်ချုပ်စေခဲ့ကြောင်းကို ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားများအား အုပ်စုအလိုက် အောက်ပါမေးခွန်းများကို ဖြေဆိုပါစေ။ (၁) ဒီဗရစ်တိုသည် မည်သည့်ဘုရင်ထံတွင် အမှုထမ်းခဲ့သနည်း။ (၂) ဒီဗရစ်တိုကို မြန်မာ့သမိုင်းတွင် မည်သို့ဖော်ပြသနည်း။ (၃) ဟံသာဝတီကို အောင်မြင်ပြီးနောက် မင်းရာဇာကြီးက ဒီဗရစ်တိုအား မည်သည့်နေရာကို အုပ်ချုပ်စေခဲ့သနည်း။ (၄) အနောက်ဘက်လွန်မင်းလက်ထက်တွင် ဒီဗရစ်တိုနှင့် ဆက်ဆံရေး မည်သို့ရှိခဲ့သနည်း။ အုပ်စုများကိုယ်စားကျောင်းသား တစ်ဦးချင်းစီက ဆွေးနွေးချက်ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) မြန်မာ့သမိုင်းတွင် ဒီဗရစ်တိုကို ( )ဟူ၍ ဖော်ပြသည်။ (၁. ၃. ၂)

(ခ) ရခိုင်ဘုရင် မင်းရာဇာကြီးသည် ဟံသာဝတီကို အောင်မြင်ပြီးနောက် ဒီဗရစ်တိုအား ( ) ကို အုပ်ချုပ်စေခဲ့သည်။ (၁. ၃. ၂)

၂။ ဒီဗရစ်တို ခေါ် ငဇင်ကာအကြောင်း သင်သိသမျှ ဆွေးနွေးပါ။ (၁. ၃. ၂)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- အနောက်ဘက်လွန်မင်းလက်ထက်တွင် ပေါ်တူဂီလူမျိုး ဖိလစ်ဒီဗရစ်တို၏ အန္တရာယ်ကို ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။
- မြန်မာ့သမိုင်းတွင် ဒီဗရစ်တိုကို ငဇင်ကာဟူ၍ ဖော်ပြသည်။
- ရခိုင်ဘုရင် မင်းရာဇာကြီးသည် ဟံသာဝတီကို အောင်မြင်ပြီးနောက် ဒီဗရစ်တိုအား သန်လျင်မြို့ကို အုပ်ချုပ်စေခဲ့သည်။

၁.၃. ၂။ ပေါ်တူဂီတို့နှင့်ဆက်ဆံရေး (သင်ခန်းစာအဆက်) စာသင်ချိန် (၄)

သင်ခန်းစာရည်ရွယ်ချက်

- မြန်မာနိုင်ငံ၌ ပေါ်တူဂီကိုလိုနီထူထောင်ရန် ဖိလစ်ဒီဗရစ်တို၏ ကြိုးပမ်းခဲ့ပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

အနောက်ဘက်လွန်မင်းလက်ထက် ဖိလစ်ဒီဗရစ်တိုအကြောင်းကို လေ့လာသင်ယူခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ထို့နောက် ဆရာက ကျောင်းသားများအား ပြီးခဲ့သည့်သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်ပြောပြပါစေ။ ယခုစာသင်ချိန်တွင် မြန်မာနိုင်ငံ၌ ပေါ်တူဂီကိုလိုနီ ထူထောင်ရန် ဖိလစ်ဒီဗရစ်တို၏ ကြိုးပမ်းခဲ့ပုံကို သင်ယူကြရမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း (၁၅)မိနစ်

ဒီဗရစ်တိုသည် မုတ္တမဘုရင် ဗညားဒလနှင့် မဟာမိတ်ဖွဲ့ခဲ့ကြောင်း၊ ဒီဗရစ်တိုသည် မဟာမိတ်အင်အားတောင့်တင်းလာပြီး ရခိုင်ဘုရင်အား မကျိုးမနွံပြုလာကြောင်း၊ ဒီဗရစ်တိုသည်အိန္ဒိယနိုင်ငံ ဂိုအာမြို့ရှိ ပေါ်တူဂီဘုရင်ခံချုပ်၏ အကူအညီကိုရယူပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးကို လက်ဝါးကြီးအုပ်ကာ ပေါ်တူဂီကိုလိုနီထူထောင်ရန် အပြင်းအထန်ကြိုးပမ်းခဲ့ကြောင်း ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့်မြေပုံကို အသုံးပြု၍ ဆရာက ရှင်းပြပါ။

လေ့ကျင့်ခြင်း (၂၀)မိနစ်

ဆရာက ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍

မြန်မာနိုင်ငံ၌ ပေါ်တူဂီကိုလိုနီထူထောင်ရန် ပေါ်တူဂီလူမျိုး ဖိလစ်ဒီဗရစ်တို၏ ကြိုးပမ်းခဲ့ပုံကို စုပေါင်းဆွေးနွေးပါစေ။ ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၅)မိနစ်

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ဒီဗရစ်တိုသည် မဟာမိတ်အင်အားတောင့်တင်းလာကာ ( )အား မကျိုးမနွံပြုလာသည်။ (၁. ၃. ၂)

(ခ) ဒီဗရစ်တိုသည် အိန္ဒိယနိုင်ငံ ( )ရှိ ပေါ်တူဂီဘုရင်ခံချုပ်၏ အကူအညီကို ရယူသည်။ (၁. ၃. ၂)

၂။ မှား၊ မှန် ရောထွေးအမှန်ရွေးပါ။

(က) ဒီဗရစ်တိုသည် မုတ္တမဘုရင် ( ) နှင့် မဟာမိတ်ဖွဲ့သည်။ ( ) (၁. ၃. ၂)

(၁) နန္ဒဘုရင် (၂) ဗညားဒလ (၃) နတ်ရှင်နောင်

၃။ အနောက်ဘက်လွန်မင်းလက်ထက်တွင် ဖိလစ်ဒီဗရစ်တို၏ ပေါ်တူဂီကိုလိုနီထူထောင်ရန် ကြိုးပမ်းခဲ့ပုံကို ဆွေးနွေးပါ။ (၁. ၃. ၂)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဒီဗရစ်တိုသည် မုတ္တမဘုရင် ဗညားဒလနှင့် မဟာမိတ်ဖွဲ့ခဲ့သည်။
- ဒီဗရစ်တိုသည် မဟာမိတ်အင်အားတောင့်တင်းလာကာ ရခိုင်ဘုရင်အား မကျိုးမနွံပြုလာသည်။
- ပေါ်တူဂီဘုရင်ခံချုပ်၏ အကူအညီဖြင့် ဒီဗရစ်တိုသည် ပေါ်တူဂီကိုလိုနီတည်ထောင်ရန် အပြင်းအထန် ကြိုးပမ်းခဲ့သည်။

၁.၃. ၂။ ပေါ်တူဂီတို့နှင့်ဆက်ဆံရေး (သင်ခန်းစာအဆက်) စာသင်ချိန် (၅)

သင်ခန်းစာရည်ရွယ်ချက်

- အနောက်ဘက်လွန်မင်းက ဒီဗရစ်တိုအား နှိမ်နင်းခဲ့ပုံကို ဆွေးနွေးတတ်စေရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

မြန်မာနိုင်ငံ၌ ပေါ်တူဂီကိုလိုနီ ထူထောင်ရန် ပေါ်တူဂီလူမျိုး ဖိလစ်ဒီဗရစ်တို၏ ကြိုးပမ်းခဲ့ပုံ သင်ခန်းစာကို သင်ကြားခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ထို့နောက် ဆရာက ကျောင်းသားများအား ပြီးခဲ့သည့် သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်ပြောပြပါစေ။ ယခုစာသင်ချိန်တွင် အနောက်ဘက်လွန်မင်းက ဒီဗရစ်တိုအား နှိမ်နင်းခဲ့ပုံအကြောင်းကို သင်ယူကြရမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဒီဗရစ်တိုသည် တောင်ငူမြို့ကိုတိုက်ခိုက်ကာ တောင်ငူနန်းတော်နှင့်တကွ ဘုရား ကျောင်းကန် အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ တောင်ငူဘုရင် နတ်ရှင်နောင်ကို သန်လျင်သို့ ခေါ်ဆောင်သွားကြောင်း၊ အနောက်ဘက်လွန်မင်းသည် သန်လျင်သို့ ချီတက်တိုက်ခိုက်ရာ သုံးလခန့်ကြာ ကြိုးပမ်းပြီးနောက် သန်လျင်ကို ပြန်လည်ရရှိကြောင်း၊ ဒီဗရစ်တိုအား ဖမ်းဆီးပြီး ကွပ်မျက်ခဲ့ကြောင်း၊ နတ်ရှင်နောင်ကိုလည်း သစ္စာဖောက်အဖြစ် ပြစ်မှုထင်ရှားသဖြင့် သေဒဏ်ပေးခဲ့ကြောင်း ဆရာက ရှင်းလင်းပြောပြပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ ရှင်းလင်းသင်ကြားပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ အောက်ပါ မေးခွန်းများကို ဆွေးနွေး၍ ဖြေကြားပါစေ။ (၁) တောင်ငူအား ဒီဗရစ်တို ဖျက်ဆီးခဲ့ပုံကို ဆွေးနွေးပါ။ (၂) အနောက်ဘက်လွန်မင်းသည် သန်လျင်ကို ရရှိအောင် မည်သို့ကြိုးပမ်းတိုက်ခိုက်ခဲ့သနည်း။ ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းကို မေးမြန်း၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ အနောက်ဘက်လွန်မင်းက ပေါ်တူဂီလူမျိုး ဒီဗရစ်တိုအား နှိမ်နင်းမှုကို သုံးသပ်တင်ပြပါ။ (၁. ၃. ၂)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဒီဗရစ်တိုသည် တောင်ဂူမြို့ကို တိုက်ခိုက်ကာ တောင်ငူနန်းတော်နှင့်တကွ ဘုရားကျောင်းကန် အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခဲ့သည်။
- အနောက်ဘက်လွန်မင်းသည် သန်လျင်ကို သိမ်းပိုက်ပြီးနောက် ဒီဗရစ်တိုအား ကွပ်မျက်သည်။
- နတ်ရှင်နောင်ကိုလည်း သစ္စာဖောက်အဖြစ် ပြစ်မှုထင်ရှားသဖြင့် သေဒဏ်ပေးသည်။

၁.၃.၃။ ဒတ်ချ်တို့နှင့်ဆက်ဆံရေး **စာသင်ချိန် (၆)**

သင်ခန်းစာရည်ရွယ်ချက်

- မြောက်ဦးခေတ်တွင် ရခိုင်မင်းများနှင့် ဒတ်ချ်တို့၏ ဆက်ဆံရေးအစပြုခဲ့ပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

အနောက်ဘက်လွန်မင်းက ဒီဗရစ်တိုအား နှိမ်နင်းခဲ့ပုံအကြောင်းကို ကျောင်းသားများအားမှတ်မိသမျှ ပြန်လည်ပြောပြပါစေ။ ယခုစာသင်ချိန်၌ မြောက်ဦးခေတ်တွင် ရခိုင်မင်းများနှင့် ဒတ်ချ်တို့၏ ဆက်ဆံရေးအစပြုခဲ့ပုံကို လေ့လာသင်ယူမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

မြောက်ဦးခေတ်တွင် ဥရောပနယ်ချဲ့နိုင်ငံများဖြစ်သော ပေါ်တူဂီ၊ ဒတ်ချ်တို့နှင့်လည်း စစ်ရေး၊ စီးပွားရေးအရ ဆက်ဆံရေးများရှိခဲ့ကြောင်း၊ ဒတ်ချ်တို့သည် ရခိုင်မင်းများနှင့် ဆက်ဆံရေးတည်ဆောက်ခဲ့ကြောင်း၊ ရခိုင်ဘုရင် မင်းရာဇာကြီး၊ သီရိသုဓမ္မာရာဇာနှင့် စန္ဒသုဓမ္မာရာဇာမင်းများလက်ထက်တွင် ဆက်ဆံရေး အတိုးတက်ဆုံးဖြစ်ကြောင်း၊ ထိုမင်းများလက်ထက်တွင် အနောက်ဘက်မဂိုအင်ပါယာ နယ်ပယ်ချဲ့ထွင်လာမှု အန္တရာယ်နှင့် ရင်ဆိုင်လာရကြောင်း၊ နယ်စပ်ဒေသလုံခြုံရေးအတွက် ပေါ်တူဂီကြေးစားစစ်သားများ ခန့်ထားကြောင်း၊ ပေါ်တူဂီတို့၏ အန္တရာယ်ကို နှိမ်နင်းရန် ဒတ်ချ်တို့၏ အကူအညီကို ရယူကြိုးပမ်းခဲ့ကြောင်း ဆရာက ရှင်းလင်းသင်ကြားပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်း၍လည်းကောင်း၊ ရုပ်ပုံကားချပ်နှင့် ကမ္ဘာ့မြေပုံကိုအသုံးပြု၍လည်းကောင်း မြောက်ဦးခေတ် ရခိုင်မင်းများနှင့် ဒတ်ချ်တို့၏ ဆက်ဆံရေးအစပြုခဲ့ပုံကို ရှင်းလင်းသင်ကြားပါ။

DBE Box

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများ အုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ မြောက်ဦးခေတ် ရခိုင်မင်းများနှင့် ဒတ်ချ်တို့၏ ဆက်ဆံရေးအစပြုခဲ့ပုံကို အောက်ပါမေးခွန်းများဖြင့် ဆွေးနွေးစေပါ။ (၁) ရခိုင်မင်းများသည် မည်သူတို့နှင့် စီးပွားရေးဆက်ဆံမှုများ ရှိခဲ့သနည်း။ (၂) နယ်စပ်လုံခြုံရေးအတွက် မည်သူတွေကို ခန့်အပ်ထားသနည်း စသည့် မေးခွန်းများကို အုပ်စုအလိုက် ဖြေပါစေ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ရခိုင်မင်းများသည်( )၊ ဒတ်ချ်တို့နှင့်လည်း စစ်ရေး၊စီးပွားရေးအရ ဆက်ဆံရေးများ ရှိခဲ့သည်။ (၁. ၃. ၃)

(ခ) ရခိုင်မင်းများသည် နယ်စပ်ဒေသလုံခြုံရေးအတွက် ( ) စစ်သားများ ခန့်ထားသည်။ (၁. ၃. ၃)

၂။ မှား၊ မှန် ရောထွေးအမှန်ရွေးပါ။

(က) ရခိုင်ပဒေသရာဇမင်းများ၏ မြောက်ဦးခေတ်တွင် ပေါ်တူဂီ၊ ( ) တို့နှင့် ဆက်ဆံရေးတည်ဆောက်ခဲ့သည်။ ( ) (၁. ၃. ၃)

(က) အင်္ဂလိပ် (ခ) ပြင်သစ် (ဂ) ဒတ်ချ်

၃။ မြောက်ဦးခေတ် ရခိုင်မင်းများနှင့် ဒတ်ချ်တို့၏ ဆက်ဆံရေးအစပြုခဲ့ပုံကို ဆွေးနွေးတင်ပြပါ။ (၁. ၃. ၃)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဒတ်ချ်တို့သည် ရခိုင်မင်းများနှင့် ဆက်ဆံရေး တည်ဆောက်ခဲ့သည်။
- ရခိုင်ဘုရင်သည် ပေါ်တူဂီတို့၏ အန္တရာယ်ကို နှိမ်နင်းရန် ဒတ်ချ်တို့၏ အကူအညီယူ၍ ကြိုးပမ်းခဲ့သည်။

DBE Box

၁.၃.၃။ ဒတ်ချ်တို့နှင့်ဆက်ဆံရေး (သင်ခန်းစာအဆက်) **စာသင်ချိန် (၇)**

သင်ခန်းစာရည်ရွယ်ချက်

- ရခိုင်မင်းများနှင့် ဒတ်ချ်တို့ ကုန်သွယ်ဆက်ဆံမှု အခြေအနေကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

မြောက်ဦးခေတ် ရခိုင်မင်းများနှင့် ဒတ်ချ်တို့၏ ဆက်ဆံရေး အစပြုခဲ့ပုံကို သင်ယူခဲ့ပြီးဖြစ်ကြောင်း ဆရာက ပြောပြပါ။ ထို့နောက် ကျောင်းသားများအား ပြီးခဲ့သည့် သင်ခန်းစာကို မှတ်မိသမျှ ပြန်လည် ပြောပြပါစေ။ ယခုစာသင်ချိန်တွင် မြောက်ဦးခေတ် ရခိုင်မင်းများနှင့် ဒတ်ချ်တို့၏ ကုန်သွယ်ဆက်ဆံမှု အခြေအနေအကြောင်းကို လေ့လာသင်ယူမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ရခိုင်မင်းများလက်ထက်တွင် ဒတ်ချ်တို့အား ကုန်တိုက်ဖွင့်လှစ်ခွင့်ပေးခြင်း၊ ကုန်ပစ္စည်းများ ရောင်းဝယ်ရေးဆိုင်ရာ အခွင့်အရေးများပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ၁၆၁၅ ခုနှစ်တွင် ပေါ်တူဂီ ရေတပ်များအား ခုခံတွန်းလှန် တိုက်ခိုက်ရာတွင် ဒတ်ချ်တို့ ပါဝင်ကူညီကြကြောင်း၊ မင်းခမောင်း လက်ထက်တွင်မူ ဒတ်ချ်တို့၏စစ်ရေး အကူအညီမရခဲ့ကြောင်း၊ ဒတ်ချ်တို့၏ ကုန်သွယ်ရောင်းဝယ်မှုများမှာ ကျဆင်းလာသဖြင့် ၁၆၁၇ ခုနှစ်တွင် မြောက်ဦးကုန်တိုက်ကို ပိတ်သိမ်းသွားခဲ့ကြောင်း ဆရာက ရှင်းပြပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်း၍ ရခိုင်မင်းများနှင့် ဒတ်ချ်တို့၏ ကုန်သွယ် ဆက်ဆံမှု အခြေအနေအကြောင်းကို ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများ အုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်ပြီး ဒတ်ချ်တို့နှင့် ကုန်သွယ်ဆက်ဆံမှု အခြေအနေအကြောင်းကို အောက်ပါမေးခွန်းများ မေးမြန်း၍ စဉ်းစားဆွေးနွေးပါစေ။ (၁) ရခိုင်မင်းတို့လက်ထက်တွင် ဒတ်ချ်တို့အား မည်သည့်ကုန်သွယ်မှု အခွင့်အလမ်းများ ပေးခဲ့သနည်း။ (၂) ဒတ်ချ်တို့၏ စစ်ရေးအကူအညီပေးမှုများ မည်သို့ရှိခဲ့သနည်း။ (၃) ဒတ်ချ်တို့သည် မြောက်ဦးကုန်တိုက်ကို အဘယ်ကြောင့် ပိတ်သိမ်းခဲ့သနည်း။ ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၅)မိနစ်

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ၁၆၁၅ ခုနှစ်တွင် ( )မြို့ကို လာရောက်တိုက်ခိုက်သော ပေါ်တူဂီရေတပ်များအား တွန်းလှန်တိုက်ခိုက်ရာတွင် ဒတ်ချ်တို့ ပါဝင်ကူညီကြသည်။ (၁. ၃. ၃)

(ခ) ဒတ်ချ်တို့၏ စစ်ရေးအကူအညီကို ( )လက်ထက်တွင်မူ မရရှိခဲ့ပေ။ (၁. ၃. ၃)

(ဂ) ဒတ်ချ်တို့သည် ( )ခုနှစ်တွင် မြောက်ဦးကုန်တိုက်ကို ပိတ်သိမ်းကာ ပြန်သွားခဲ့သည်။ (၁. ၃. ၃)

၂။ ဒတ်ချ်တို့နှင့် ကုန်သွယ်ဆက်ဆံမှု အခြေအနေအကြောင်းကို သင်နားလည်သမျှ ဆွေးနွေးတင်ပြပါ။ (၁. ၃. ၃)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအားလုံးတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဒတ်ချ်တို့အား ကုန်တိုက်ဖွင့်လှစ်ခွင့်ပေးခြင်း၊ ကုန်ပစ္စည်းများ ရောင်းဝယ်ရေးဆိုင်ရာ အခွင့်အရေးများပေးခြင်း စသည့် လိုက်လျောမှုများ ပြုလုပ်ခဲ့သည်။
- မြောက်ဦးမြို့ကို လာရောက်တိုက်ခိုက်သော ပေါ်တူဂီရေတပ်များအား ခုခံတွန်းလှန်တိုက်ခိုက်ရာတွင် ဒတ်ချ်တို့ ပါဝင်ကူညီကြသည်။
- ဒတ်ချ်တို့သည် ကုန်သွယ်ရောင်းဝယ်မှုများ ကျဆင်းလာသဖြင့် ၁၆၁၇ ခုနှစ်တွင် မြောက်ဦးကုန်တိုက်ကို ပိတ်သိမ်းကာ ပြန်သွားခဲ့သည်။

၁.၃.၃။ ဒတ်ချ်တို့နှင့် ဆက်ဆံရေး (သင်ခန်းစာအဆက်) စာသင်ချိန် (၈)

သင်ခန်းစာရည်ရွယ်ချက်

- သာလွန်မင်းလက်ထက် ဒတ်ချ်တို့နှင့် စီးပွားရေးဆက်ဆံမှု အစပြုလာပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

ဆရာက ရှေ့ပိုင်းတွင် မြောက်ဦးခေတ် ရခိုင်မင်းများနှင့် ဒတ်ချ်တို့၏ ကုန်သွယ်ဆက်ဆံမှု အခြေအနေကို လေ့လာသင်ယူခဲ့ပြီးဖြစ်ကြောင်း ပြောပြ၍ ကျောင်းသားများအား ပြီးခဲ့သည့်သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်ပြောပြပါစေ။ ယခုစာသင်ချိန်တွင် သာလွန်မင်းလက်ထက် ဒတ်ချ်တို့နှင့် စီးပွားရေးဆက်ဆံမှု အစပြုလာပုံအကြောင်းကို သင်ယူကြရမည်ဖြစ်ကြောင်း ပြောပြပါ။

DBE Box

သင်ကြားခြင်း **(၁၅)မိနစ်**

၁၆၂၄ ခုနှစ်တွင် ဒတ်ချ်တို့သည် ဆန်နှင့် ကျွန်များ ရောင်းဝယ်ရေးလုပ်ငန်းကို အလေးထားပြုလုပ်လာခဲ့ကြောင်း၊ စန္ဒသုဓမ္မာရာဇာမင်းကို ဆက်ခံသောမင်းများလက်ထက်တွင် ဆက်ဆံရေးကျဆင်းလာကြောင်း၊ သာလွန်မင်းလက်ထက်တွင် မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ဆက်ဆံရေးအစပြုလာကြကြောင်း၊ ဒတ်ချ်ကုန်တင် သင်္ဘောများသည် ကုန်စည်များ တင်ဆောင်ကာ သန်လျင်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာခဲ့ကြောင်း၊ ဒတ်ချ်တို့သည် သန်လျင်နှင့် ဟံသာဝတီတွင် ကုန်တိုက်ဖွင့်ခွင့် ရရှိခဲ့ကြောင်း ဆရာက ရှင်းလင်းသင်ကြားပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများ အုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ သာလွန်မင်းလက်ထက် ဒတ်ချ်တို့နှင့် စီးပွားရေးအရ ဆက်ဆံမှု အစပြုလာပုံကို အောက်ပါမေးခွန်းများကို စုပေါင်းဆွေးနွေးပါစေ။ (၁) ဒတ်ချ်တို့ ရခိုင်တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအကြောင်းပြောပါ။ (၂) မည်သည့်မင်းလက်ထက်တွင် မြန်မာနိုင်ငံနှင့် ဒတ်ချ်တို့ စီးပွားရေးအရ ဆက်ဆံလာခဲ့သနည်း။ (၃) ဒတ်ချ်တို့သည် မည်သည့်ဒေသတွင် ကုန်တိုက်ဖွင့်ခွင့် ရခဲ့သနည်း။ ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက်ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ဒတ်ချ်တို့သည် ( )ခုနှစ်တွင် ရခိုင်မင်းနှင့် ပြန်လည်ဆက်သွယ်ကာ ဆန်နှင့် ကျွန်များ ရောင်းဝယ်ရေးကို ပြုလုပ်လာခဲ့သည်။ (၁. ၃. ၃)

(ခ) ဒတ်ချ်ကုန်တင်သင်္ဘောများသည် ကုန်စည်များ တင်ဆောင်ကာ ( )ဆိပ်ကမ်းသို့ ဆိုက်ရောက်လာခဲ့သည်။ (၁. ၃. ၃)

(ဂ) ဒတ်ချ်တို့သည် သန်လျင်နှင့် ( ) တွင် ကုန်တိုက်ဖွင့်ခွင့် ရရှိခဲ့သည်။ (၁. ၃. ၃)

၂။ အောက်ပါတို့ကို မှန်လျှင် (မှန်)၊ မှားလျှင် (မှား) ဟုရေးပါ။

(က) ဒတ်ချ်တို့သည် ညောင်ရမ်းမင်းလက်ထက်တွင် မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ဆက်ဆံရေးအစပြုလာခဲ့သည်။ ( ) (၁. ၃. ၃)

(ခ) ဒတ်ချ်တို့သည် ၁၆၁၄ ခုနှစ်တွင် ရခိုင်မင်းနှင့် ပြန်လည်ဆက်သွယ်ကာ ဆန်နှင့် ကျွန်များ ရောင်းဝယ်ရေးကို အလေးထားပြုလုပ်လာခဲ့သည်။ ( ) (၁. ၃. ၃)

၃။ သာလွန်မင်းလက်ထက် ဒတ်ချ်တို့နှင့် စီးပွားရေးအရ ဆက်ဆံမှုအစပြုလာပုံကို ဆွေးနွေးပါ။ (၁. ၃. ၃)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဒတ်ချ်တို့သည် သာလွန်မင်းလက်ထက်တွင် မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ဆက်ဆံရေး အစပြုလာခဲ့သည်။
- သန်လျင်မြို့ဝန်၏ ခွင့်ပြုချက်ဖြင့် ဒတ်ချ်တို့သည် သန်လျင်နှင့် ဟံသာဝတီတွင် ကုန်တိုက် ဖွင့်ခွင့် ရရှိခဲ့သည်။

၁.၃.၃။ ဒတ်ချ်တို့နှင့်ဆက်ဆံရေး (သင်ခန်းစာအဆက်) စာသင်ချိန် (၉)

သင်ခန်းစာရည်ရွယ်ချက်

- သာလွန်မင်းလက်ထက် မြန်မာနှင့် ဒတ်ချ်တို့ ကုန်သွယ်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ချက်များကို ရှင်းပြတတ်စေရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

သာလွန်မင်းလက်ထက် ဒတ်ချ်တို့နှင့် စီးပွားရေးအရ ဆက်ဆံမှုအစပြုလာပုံအကြောင်းကို လေ့လာသင်ယူခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ထို့နောက် ဆရာက ကျောင်းသားများအား ပြီးခဲ့သည့် သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်မေးမြန်း ဖြေကြားပါစေ။ ယခုစာသင်ချိန်တွင် သာလွန်မင်း၏ မြန်မာနှင့် ဒတ်ချ် ကုန်သွယ်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ချက်များကို လေ့လာသင်ယူကြရမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း (၁၅)မိနစ်

သာလွန်မင်းသည် ဒတ်ချ်ကုန်တိုက်များကို အင်းဝနေပြည်တော်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခွင့် ပေးခဲ့ကြောင်း၊ ဒတ်ချ်ကုန်သည်နှစ်ဦးအား လက်ခံတွေ့ဆုံပြီး မြန်မာနှင့် ဒတ်ချ်တို့ ဆက်ဆံရေးကောင်းမွန်အောင် ကြိုးစားခဲ့ကြောင်း၊ ကုန်သည်များအား လွတ်လပ်စွာ ကုန်သွယ်ရောင်းဝယ်ခွင့်ပြုခဲ့ကြောင်း ရှင်းလင်းသင်ကြားပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ သာလွန်မင်းလက်ထက် မြန်မာနှင့် ဒတ်ချ်တို့ ကုန်သွယ်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာစေရန်ဆောင်ရွက်ချက်များကို လေ့လာဆွေးနွေးပြီးနောက် တိုင်းပြည်စီးပွားတိုးတက်စေရန် မည်သည့်အချက်များ ဆောင်ရွက်သင့်ကြောင်း စုပေါင်းဆွေးနွေးပါစေ။ ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) သာလွန်မင်းသည် မင်းနေပြည်တော်ကို ( ) သို့ ပြောင်းရွှေ့ခဲ့သည်။ (၁. ၃. ၃)

(ခ) သာလွန်မင်းသည် မြန်မာနှင့်( )တို့ ဆက်ဆံရေးကောင်းမွန်အောင် ကြိုးစားခဲ့သည်။ (၁. ၃. ၃)

၂။ သာလွန်မင်းလက်ထက် မြန်မာနှင့် ဒတ်ချ်တို့ ကုန်သွယ်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ချက်များကို ရှင်းပြပါ။ (၁. ၃. ၃)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- သာလွန်မင်းသည် ဒတ်ချ်ကုန်သည် နှစ်ဦးအား အင်းဝနေပြည်တော်တွင် လက်ခံတွေ့ဆုံပြီး မြန်မာနှင့် ဒတ်ချ်တို့ ဆက်ဆံရေးကောင်းမွန်အောင် ကြိုးစားခဲ့သည်။
- ဒတ်ချ်ကုန်သည်များအား လွတ်လပ်စွာ ကုန်သွယ်ရောင်းဝယ်ခွင့် ပြုခဲ့သည်။

၁.၃.၃။ ဒတ်ချ်တို့နှင့်ဆက်ဆံရေး (သင်ခန်းစာအဆက်) **စာသင်ချိန် (၁၀)**

သင်ခန်းစာရည်ရွယ်ချက်

- ♦ ညောင်ရမ်းခေတ် မြန်မာနိုင်ငံမှ ဒတ်ချ်တို့ ရရှိခဲ့သော စီးပွားရေးအကျိုးအမြတ်များကို သုံးသပ်တတ်စေရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက ရှေ့စာသင်ချိန်တွင် သာလွန်မင်းလက်ထက် မြန်မာနှင့် ဒတ်ချ်တို့ ကုန်သွယ်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ချက်များအကြောင်းကို လေ့လာသင်ယူပြီးဖြစ်ကြောင်း ပြောပြပါ။ ထို့နောက် ဆရာက ပြီးခဲ့သည့် သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်ပြောပြပါစေ။ ယခုစာသင်ချိန်တွင် ညောင်ရမ်းခေတ် မြန်မာနိုင်ငံမှ ဒတ်ချ်တို့ ရရှိခဲ့သော စီးပွားရေးအကျိုးအမြတ်များအကြောင်းကို သင်ယူကြရမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဒတ်ချ်ကုန်သည်များသည် မြန်မာနိုင်ငံမှ ကုန်ပစ္စည်းမျိုးစုံကို ဝယ်ယူခွင့်၊ ရောင်းချခွင့်ရရှိကြောင်း၊ ပတ္တမြားကဲ့သို့သော အဖိုးတန်ကုန်ပစ္စည်းများကိုမူ ဘုရင့် ခွင့်ပြုချက်မရဘဲ ရောင်းဝယ်ခွင့်မရရှိကြောင်း၊ ဒတ်ချ်တို့သည် မြန်မာနိုင်ငံတွင် စီးပွားရေးအရ အောင်မြင်မှုရလာပြီး ပေါ်တူဂီ၊ အင်္ဂလိပ်၊ ပြင်သစ်၊ အာမေးနီးယန်း၊ ဒိန်းမတ် နိုင်ငံသား ကုန်သည်များနှင့် အပြိုင်အဆိုင် ဖြစ်လာကြောင်း၊ စီးပွားရေးအရ အကျိုးအမြတ် လျော့နည်းလာသောကြောင့် ၁၆၈၀ ပြည့်နှစ်တွင် ၎င်းတို့၏ကုန်တိုက်များကို အပြီးအပိုင် ရုပ်သိမ်းသွားခဲ့ကြောင်း ဆရာက ရှင်းလင်းပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအား အုပ်စုအလိုက် ဒတ်ချ်တို့နှင့် စီးပွားရေးအရ အပြိုင်အဆိုင်ဖြစ်လာသော နိုင်ငံများအကြောင်း ဆွေးနွေးစေမည်။ အုပ်စုအလိုက် ဆွေးနွေးချက်များမှ ရရှိသော အချက်အလက်များကို တစ်အုပ်စုချင်းစီက ကိုယ်စားလှယ်တစ်ဦးစီထွက်၍ ဖြည့်သွင်းပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းကို မေးမြန်း၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ညောင်ရမ်းခေတ် မြန်မာနိုင်ငံမှ ဒတ်ချ်တို့ ရရှိခဲ့သော စီးပွားရေးအကျိုးအမြတ်များကို ဆွေးနွေးပါ။ (၁.၃.၃)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဒတ်ချ်ကုန်သည်များသည် မြန်မာနိုင်ငံမှ ပတ္တမြားကဲ့သို့သော အဖိုးတန်ကုန်ပစ္စည်းများကို ဘုရင့်ခွင့်ပြုချက်မရဘဲ ရောင်းဝယ်ခွင့်၊ နိုင်ငံခြားသို့ ထုတ်ယူခွင့်မရှိပေ။
- ၁၆၈၀ ပြည့်နှစ်တွင် ဒတ်ချ်တို့သည် ကုန်တိုက်များကို အပြီးအတိုင် ရုပ်သိမ်းသွားခဲ့သည်။

၁.၃.၄။ သာလွန်မင်း၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲခြင်း **စာသင်ချိန် (၁၁)**

သင်ခန်းစာရည်ရွယ်ချက်

- သာလွန်မင်း (သီရိသုဓမ္မရာဇာ)၏ နိုင်ငံတော်အတွက် ဆောင်ရွက်ချက်များကို သိရှိနားလည်စေရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက ရှေ့စာသင်ခိုန်တွင် ညောင်ရမ်းခေတ် မြန်မာနိုင်ငံမှ ဒတ်ချ်တို့ရရှိခဲ့သော စီးပွားရေးအကျိုးအမြတ်များအကြောင်းကို သင်ယူခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ထို့နောက် ဆရာက ပြီးခဲ့သည့် သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်ပြောပြပါစေ။ ယခုစာသင်ခိုန်တွင် သာလွန်မင်း(သီရိသုဓမ္မရာဇာ)၏ နိုင်ငံတော်အတွက် ဆောင်ရွက်ချက်များကို လေ့လာသင်ယူမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

သာလွန်မင်း (သီရိသုဓမ္မရာဇာ)လက်ထက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးကို အလေးထားဆောင်ရွက်ကြောင်း၊ အုပ်ချုပ်ရေးကို စနစ်တကျ ရှိစေရန် စစ်တမ်းကောက်ယူခဲ့ကြောင်း၊ နိုင်ငံတော်၏ လူဦးရေတိုးတက်စေရန် အရွယ်ရောက်သူများ အိမ်ထောင်ပြုရေးကို အထူးအလေးပေးခဲ့ကြောင်း၊ စာဆိုအကျော်အမော်များစွာ ပေါ်ထွန်းခဲ့ကြောင်း၊ ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီး တည်ထားကြောင်းကို ဆရာက ရှင်းလင်းသင်ကြားပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအား အုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ အောက်ပါမေးခွန်းများ ဖြေပါစေ။ (၁) သာလွန်မင်းသည် နိုင်ငံအုပ်ချုပ်ရေး စနစ်တကျရှိစေရန် မည်သို့ဆောင်ရွက်ခဲ့ကြောင်း ဆွေးနွေးပါ။ (၂) သာလွန်မင်းလက်ထက်တွင် မည်သည့်ဓမ္မသတ်ကျမ်းကို စီရင်ရေးသားခဲ့သနည်း။ (၃) ရာဇမဏိစူဠာ ကောင်းမှုတော်စေတီကြီးသည် မည်သည့်မြို့နယ်၊

မည်သည့်တိုင်းဒေသကြီးတွင် ရှိသနည်း။ ဆွေးနွေးနေစဉ် ဆရာက အတန်းကို လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၅)မိနစ်

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) သာလွန်မင်းလက်ထက်တွင် နိုင်ငံတော်၏ အုပ်ချုပ်ရေးကို စနစ်တကျ ရှိစေရန် ( ) ကောက်ယူခဲ့သည်။ (၁. ၃. ၄)

(ခ) သာလွန်မင်းလက်ထက်တွင် ( ) စေတီတော်ကို တည်ထားသည်။ (၁. ၃. ၄)

၂။ သာလွန်မင်း (သီရိသုဓမ္မရာဇာ)၏ နိုင်ငံတော်အတွက် ဆောင်ရွက်ချက်များကို ဆွေးနွေးပါ။

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- သာလွန်မင်းလက်ထက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးကို အလေးထားပြီး အုပ်ချုပ်ရေးစနစ်တကျရှိစေရန် စစ်တမ်းကောက်ယူခြင်းကို ဆောင်ရွက်သည်။
- သာလွန်မင်း (သီရိသုဓမ္မရာဇာ)လက်ထက်တွင် မနုသာရဏ္ဍေမျဉ်း ဓမ္မသတ်ကျမ်းကို စီရင်ရေးသားသည်။

၁.၃.၄။ သာလွန်မင်း၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲခြင်း (သင်ခန်းစာအဆက်) စာသင်ချိန် (၁၂)

သင်ခန်းစာရည်ရွယ်ချက်

- အင်းဝနိုင်ငံတော်၏ အုပ်ချုပ်ရေးပုံစံကို ဆွေးနွေးတတ်စေရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

ဆရာက သာလွန်မင်း (သီရိသုဓမ္မရာဇာ)၏ နိုင်ငံတော်အတွက် ဆောင်ရွက်ချက်များကို သင်ယူခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ထို့နောက် ဆရာက ကျောင်းသားများအား ပြီးခဲ့သည့်သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်ပြောပြပါစေ။ ယခုစာသင်ချိန်တွင် အင်းဝနိုင်ငံတော် အုပ်ချုပ်ရေးပုံစံများ အကြောင်းကို လေ့လာသင်ယူမည်ဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောသည့်အတွက် သာလွန်မင်းဟု ခေါ်ဆိုကြောင်း ပြောပြပါ။

DBE BOX

သင်ကြားခြင်း **(၁၅)မိနစ်**

ကျောင်းသားများအား သာလွန်မင်းသည် အုပ်ချုပ်ရေးကို စနစ်တကျ ပြန်လည်သတ်မှတ်ဆောင်ရွက်ကြောင်း၊ အုပ်ချုပ်ရေးကို နှစ်ပိုင်း ခွဲခြားနိုင်ကြောင်း၊ ရွှေမြို့တော်အုပ်ချုပ်ရေးသည် မြို့တော်အတွင်းအပြင် အမှုကိစ္စများကိုသာမက နိုင်ငံလုံးဆိုင်ရာ အမှုကိစ္စများကိုပါ စီမံကွပ်ကဲရသော အုပ်ချုပ်ရေးဖြစ်ကြောင်း၊ အဝေးမြို့ရွာအုပ်ချုပ်ရေးကို မြို့ဝန်၊ စစ်ကဲ၊ စော်ဘွား၊ မြို့စားတို့က တာဝန်ယူ၍ စီမံရကြောင်းကို ဆရာက ရှင်းလင်းပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်း၍လည်းကောင်း၊ ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍လည်းကောင်း အင်းဝနိုင်ငံတော် အုပ်ချုပ်ရေးပုံစံများအကြောင်းကို ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ်မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများ အုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ အင်းဝနိုင်ငံတော် အုပ်ချုပ်ရေးပုံစံများကို အောက်ပါမေးခွန်းများဖြင့် စဉ်းစားဆွေးနွေးစေမည်။ (၁) အင်းဝနိုင်ငံတော် အုပ်ချုပ်ရေးပုံစံ မည်သို့ခွဲခြားထားသနည်း။ ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) သာလွန်မင်းသည် အင်းဝနိုင်ငံတော်ကြီး ရေရှည်တည်တံ့နိုင်ရေးအတွက် ( )ကို စနစ်တကျ ပြန်လည်သတ်မှတ်ဆောင်ရွက်သည်။ (၁. ၃. ၄)

(ခ) အုပ်ချုပ်ရေးကို ရွှေမြို့တော်အုပ်ချုပ်ရေးနှင့် ( ) အုပ်ချုပ်ရေးဟူ၍ နှစ်ပိုင်းခွဲခြားနိုင်သည်။ (၁. ၃. ၄)

၂။ သာလွန်မင်းလက်ထက် အဝေးမြို့ရွာအုပ်ချုပ်ရေးတွင် မည်သူတို့က တာဝန်ယူ၍ စီမံရသနည်း။ (၁. ၃. ၄)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

DRE BOX

အဓိကအချက်များ

- သာလွန်မင်းလက်ထက်တွင် ရွှေမြို့တော်အုပ်ချုပ်ရေးနှင့် အဝေးမြို့ရွာနယ်ပယ်အုပ်ချုပ်ရေးဟူ၍ အုပ်ချုပ်ရေးကို နှစ်ပိုင်းခွဲခြားနိုင်သည်။
- အဝေးမြို့ရွာအုပ်ချုပ်ရေးကို သက်ဆိုင်ရာ မြို့ဝန်၊ စစ်ကဲ၊ စော်ဘွားတို့က တာဝန်ယူ၍ စီမံရသည်။

၁.၃.၄။ သာလွန်မင်း၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၁၃)

သင်ခန်းစာရည်ရွယ်ချက်

- သာလွန်မင်း၏ အုပ်ချုပ်ရေးပုံစံများနှင့် နိုင်ငံတော်စည်ပင်ဖွံ့ဖြိုးရေး လုပ်ဆောင်ချက်များကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ရှေ့စာသင်ချိန်တွင် အင်းဝနိုင်ငံတော် အုပ်ချုပ်ရေးပုံစံများကို လေ့လာသင်ယူခဲ့ပြီးဖြစ်ကြောင်း ဆရာက ပြောပြပါ။ ထို့နောက် ဆရာက ကျောင်းသားများအား ပြီးခဲ့သည့် သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်ပြောပြပါစေ။ ယခုစာသင်ချိန်တွင် သာလွန်မင်း၏ အုပ်ချုပ်ရေးပုံစံများနှင့် နိုင်ငံတော်စည်ပင်ဖွံ့ဖြိုးရေး လုပ်ဆောင်ချက်များအကြောင်းကို သင်ယူကြရမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

အုပ်ချုပ်ရေးနှစ်ရပ်တွင် ရွှေမြို့တော်အုပ်ချုပ်ရေးမှာ အဓိကကျကြောင်း၊ အဝေးမြို့ရွာနယ်ပယ်အုပ်ချုပ်ရေးတွင် ဒေသန္တရရိုးရာသူကြီးများ အုပ်ချုပ်ပိုင်ခွင့်ရှိကြောင်း၊ ကျန်မင်းမူထမ်းများမှာ ဘုရင့်အလိုတော်အတိုင်းသာဖြစ်ကြောင်း၊ ရောင်းဝယ်ရေးအတွက် အလေး၊ တင်း၊ တောင်း မှန်ကန်စေရန် ဆောင်ရွက်ကြောင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန် စည်းကမ်းချက်များကို ထုတ်ပြန်ကြောင်း၊ နိုင်ငံကို စီမံအုပ်ချုပ်ရာတွင် ဘုရင်သည် ဥယျာဉ်မှူးသဖွယ် ခံယူ၍ နိုင်ငံတော် စည်ပင်ဖွံ့ဖြိုးရေးကို လုပ်သင့်သူဖြစ်ကြောင်း၊ အမိန့်တော်တစ်ရပ်တွင် ဖော်ပြထားကြောင်း ဆရာက ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ်မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအား အုပ်စုအလိုက် မေးခွန်းစာရွက် အပိုင်းများအား

ပေးဝေပါ။ (၁) သာလွန်မင်းလက်ထက် အုပ်ချုပ်ရေးနှစ်ရပ်တွင် မည်သည့်အုပ်ချုပ်ရေးက အဓိက ကျသနည်း။ (၂) ရောင်းဝယ်ရေးအတွက် မည်သည်တို့ကို စီမံဆောင်ရွက်ထားသနည်း။ (၃) သာလွန်မင်း၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်တိုးတက်ရေးအတွက် အထောက်အကူပြုကြောင်း သင်၏ယူဆချက်ကို ဆွေးနွေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) သာလွန်မင်းလက်ထက်တွင် အုပ်ချုပ်ရေးကို ( )နှင့် အဝေးမြို့ရွာအုပ်ချုပ်ရေးဟူ၍ နှစ်ပိုင်း ခွဲခြားသည်။ (၁. ၃. ၄)

(ခ) သာလွန်မင်းသည် ( )အတွက် အလေး၊တင်း၊တောင်း မှန်ကန်စေရန် ဆောင်ရွက်သည်။ (၁. ၃. ၄)

(ဂ) သာလွန်မင်းသည် နိုင်ငံကို စီမံအုပ်ချုပ်ရာတွင် ဘုရင်သည် ( )သဖွယ် ခံယူအုပ်ချုပ်သည်။ (၁. ၃. ၄)

၂။ အောက်ပါတို့ကို မှန်လျှင် (မှန်)၊ မှားလျှင် (မှား) ဟုရေးပါ။

(က) ရွှေမြို့တော်အုပ်ချုပ်ရေးမှာ သာမည်သာဖြစ်ပြီး ဘုရင်က စီမံကွပ်ကဲရသည်။ ( ) (၁. ၃. ၄)

(ခ) အဝေးမြို့ရွာနယ်ပယ်အုပ်ချုပ်ရေးတွင် ဒေသန္တရရိုးရာသူကြီးများ သားစဉ်မြေးဆက် အုပ်ချုပ်ခွင့်ရှိကြသည်။ ( ) (၁. ၃. ၄)

၃။ နိုင်ငံတော် စည်ပင်ဖွံ့ဖြိုး တိုးတက်စေရန် ဘုရင်တစ်ပါးသည် မည်သည်တို့ကို လုပ်ဆောင်သင့်သည်ဟု သင်ထင်သနည်း။ (၁. ၃. ၄)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ရောင်းဝယ်ရေးအတွက် အလေး၊ တင်း၊ တောင်း မှန်ကန်စေရန် ဆောင်ရွက်သည်။
- တိုင်းပြည်သာယာဖွံ့ဖြိုးရေးအတွက် အမိန့်တော်များ ထုတ်ပြန်ဆောင်ရွက်ခဲ့သည်။
- မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန် စည်းကမ်းချက်များ ထုတ်ပြန်ခဲ့သည်။

၁.၃.၅။ အင်အားကျဆင်းလာခြင်း **စာသင်ချိန် (၁၄)**

သင်ခန်းစာရည်ရွယ်ချက်

- သာလွန်မင်းနောက် ဆက်ခံသော ပင်းတလဲမင်းနှင့် ပြည်မင်းလက်ထက် နိုင်ငံရေးအခြေအနေကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ရှေ့စာသင်ချိန်တွင် သာလွန်မင်း၏ အုပ်ချုပ်ရေးပုံစံများနှင့် နိုင်ငံတော်စည်ပင်ဖွံ့ဖြိုးရေး လုပ်ဆောင်ချက်များကို လေ့လာသင်ယူခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ထို့နောက် ဆရာက ကျောင်းသားများအား ပြီးခဲ့သည့် သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်မေးမြန်းဖြေကြားပါစေ။ ယခုစာသင်ချိန်တွင် သာလွန်မင်းနောက် ဆက်ခံသော ပင်းတလဲမင်းနှင့် ပြည်မင်းလက်ထက် နိုင်ငံရေးအခြေအနေကို လေ့လာသင်ယူကြရမည်ဖြစ်ကြောင်း ဆရာက ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဆရာက အင်းဝနိုင်ငံတော်ကို အနောက်ဘက်လွန်မင်းနှင့် သာလွန်မင်းတို့၏ လက်ထက်တွင် အောင်မြင်စွာ စည်းရုံးနိုင်ခဲ့ကြောင်း၊ ထို့နောက် ဆက်ခံသော မင်းများသည် အုပ်ချုပ်မှုညံ့ဖျင်းကြကြောင်း၊ ပင်းတလဲမင်းလက်ထက်တွင် တရုတ်တို့ ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးခြင်းကို ခံရကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးမှာလည်း ကျဆင်းလာကြောင်း၊ ညီတော် ပြည်မင်း လုပ်ကြံ၍ ပင်းတလဲမင်း နတ်ရွာစံကြောင်း၊ ပြည်မင်းလက်ထက်တွင် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးတို့မှာ အဘက်ဘက်မှ ကျဆင်းလာကြောင်းတို့ကို ရှင်းလင်းသင်ကြားပါ။ ထို့နောက် သာလွန်မင်းနောက် ဆက်ခံသော ပင်းတလဲမင်းနှင့် ပြည်မင်းလက်ထက် နိုင်ငံရေးအခြေအနေကို ရှင်းလင်းပြောပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ သာလွန်မင်းနောက် ဆက်ခံသော ပင်းတလဲမင်းနှင့် ပြည်မင်းလက်ထက် နိုင်ငံရေးအခြေအနေများကို စုပေါင်းဆွေးနွေးပါစေ။ ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

DBE BOX

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၅)မိနစ်

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) အင်းဝနိုင်ငံတော်ကို သာလွန်မင်းနောက်ပိုင်းဆက်ခံသော မင်းများသည်( ) ညံ့ဖျင်းကြသည်။ (၁. ၃. ၅)

(ခ) ပင်းတလဲမင်းလက်ထက်တွင် ( )တို့ ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးခြင်းကို ခံကြရသည်။ (၁. ၃. ၅)

၂။ မည်သည့်အချက်များက နိုင်ငံတော် ပျက်စီးယိုယွင်းစေသည်ဟု ထင်ပါသနည်း။ (၁. ၃. ၅)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- အနောက်ဘက်လွန်မင်းနှင့် သာလွန်မင်းတို့နောက် ဆက်ခံသောမင်းများသည် အုပ်ချုပ်မှုညံ့ဖျင်းကြသည်။
- ပြည်မင်းလက်ထက်တွင် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးတို့မှာ အဘက်ဘက်မှ ကျဆင်းလာသည်။

၁.၃.၅။ အင်အားကျဆင်းလာခြင်း (သင်ခန်းစာအဆက်) စာသင်ချိန် (၁၅)

သင်ခန်းစာရည်ရွယ်ချက်

- ညောင်ရမ်းမင်းဆက် ပျက်သုဉ်းရခြင်း၏ အကြောင်းရင်းများကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

ဆရာက ရှေ့စာသင်ချိန်တွင် ပင်းတလဲမင်းနှင့် ပြည်မင်းလက်ထက် နိုင်ငံရေးအခြေအနေအကြောင်းကို လေ့လာသင်ယူပြီးဖြစ်ကြောင်း ပြောပြပါ။ ထို့နောက် ကျောင်းသားများအား ပြီးခဲ့သည့် သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်ပြောပြပါစေ။ ယခုစာသင်ချိန်တွင် ညောင်ရမ်းမင်းဆက် ပျက်သုဉ်းရခြင်း၏ အကြောင်းအရင်းများကို သင်ယူကြရမည်ဖြစ်ကြောင်း ပြောပြပါ။

DBE Box

သင်ကြားခြင်း **(၁၅)မိနစ်**

နရာဝရမင်းလက်ထက် နိုင်ငံ့အရေးမှာ ထူးခြားမှုမရှိကြောင်း၊ စနေမင်းနန်းစံကာလတွင် ကျိုင်းတုံစော်ဘွား ပုန်ကန်မှုနှင့် ရင်ဆိုင်ရကြောင်း၊ ဒုတိယအင်းဝခေတ် ညောင်ရမ်းမင်းဆက်၏ နောက်ဆုံးမင်းဆက်ဖြစ်သော မဟာဓမ္မရာဇာဓိပတိလက်ထက်တွင် မဏိပူရကသည်းတို့ အကြိမ်ကြိမ် ချီတက်၍ တိုက်ခိုက်ဖျက်ဆီးကြကြောင်း၊ ဇင်းမယ်ဇာတိဖြစ်သူ ဆင်ဝန်ဦးအောင်လှက မွန်တို့ကို စည်းရုံး၍ ပုန်ကန်ကြောင်း၊ ကွေ့ရှမ်းများ၏ ပုန်ကန်ခြင်းတို့ကို ရင်ဆိုင်ရကြောင်း၊ မွန်တို့သည် အင်းဝမင်း မဟာဓမ္မရာဇာဓိပတိနှင့်မိသားစုကို ဟံသာဝတီသို့ ခေါ်ဆောင်သွားရာ ညောင်ရမ်းမင်းဆက် ပျက်သုဉ်းသွားကြောင်း ဆရာက ရှင်းလင်းသင်ကြားပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအား အုပ်စုအလိုက် မေးခွန်းစာရွက်အပိုင်းများ ပေးဝေပါ။ (၁) မင်းရဲကျော်ထင်၏သားတော် စနေမင်း နန်းစံကာလတွင် မည်သူ၏ ပုန်ကန်မှုနှင့် ရင်ဆိုင်ရသနည်း။ (၂) ဆင်ဝန်ဦးအောင်လှက မည်သူတို့ကို စည်းရုံး၍ ပုန်ကန်သနည်း။ (၃) ညောင်ရမ်းမင်းဆက်ပျက်သုဉ်းရခြင်းအကြောင်းရင်းများကို ဆွေးနွေးပါ စသည့် မေးခွန်းများကို အုပ်စုလိုက် ဖြေစေပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ပြည်မင်း၏သားတော် ( )လက်ထက် နိုင်ငံ့အရေးမှာ ထူးခြားမှု မရှိပေ။ (၁. ၃. ၅)

(ခ) မင်းရဲကျော်ထင်၏ သားတော် စနေမင်း နန်းစံကာလတွင် ( ) ပုန်ကန်မှုနှင့် ရင်ဆိုင်ရသည်။ (၁. ၃. ၅)

၂။ မှား၊ မှန် ရောထွေးအမှန်ရွေးပါ။

(က) မွန်တို့သည် အင်းဝမင်း မဟာဓမ္မရာဇာဓိပတိနှင့် မိသားစုကို ( )သို့ ခေါ်ဆောင်သွားသည်။ ( ) (၁. ၃. ၅)


(၁) တရုတ် (၂) ဟံသာဝတီ (၃) တောင်ငူ

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- မဟာဓမ္မရာဇာဓိပတိလက်ထက်တွင် မဏိပူရကသည်းတို့ အကြိမ်ကြိမ်ချီတက်၍ နိုင်ငံတော်၏ မြောက်ဘက်တစ်လွှားကို တိုက်ခိုက်ဖျက်ဆီးသည်။
- ဆင်ဝန် ဦးအောင်လှက မွန်တို့ကို စည်းရုံး၍ ပုန်ကန်ခြင်း၊ အုတ်ဖိုတောင်ခြေမှ ကွေ့ရှမ်းများ ပုန်ကန်ခြင်းတို့ကို ရင်ဆိုင်ရသည်။
- မွန်တို့သည် မဟာဓမ္မရာဇာဓိပတိနှင့်မိသားစုကို ဟံသာဝတီသို့ ခေါ်ဆောင်သွားရာ ညောင်ရမ်းမင်းဆက် ပျက်သုဉ်းသွားသည်။

သင်ခန်းစာ ၁.၃။ ညောင်ရမ်းခေတ်တွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။



ကျမ်းကိုးစာရင်း

၁။ ဘရှင်၊ ဗိုလ်မှူး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်သမိုင်း၊ ပဉ္စမအကြိမ်၊ ရန်ကုန်၊ ပြည်သူ့အလင်းပုံနှိပ်တိုက်၊ ၁၉၅၃။

၂။ ကျော်သက်၊ ဒေါက်တာ၊ ပြည်ထောင်စု မြန်မာနိုင်ငံသမိုင်း၊ ဒုတိယအကြိမ်၊ ရန်ကုန်၊ ရတနာပုံပုံနှိပ်တိုက်၊ ၂၀၁၅။

၃။ ခင်မောင်ညွန့်၊ ဒေါက်တာ၊ သမိုင်းသုတေသနစာတမ်းများ၊ မန္တလေး၊ မန္တလေးတက္ကသိုလ်သမိုင်းအသင်း၊ ၁၉၈၆။

၄။ သိန်းလှိုင်၊ ဦး၊ ညောင်ရမ်းခေတ်၊ ရန်ကုန်၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ ၂၀၁၈။

၅။ ကျော်ဝင်း၊ ဦး၊ "မြောက်ဦးခေတ်နှောင်း ရခိုင်သမိုင်း (အေဒီ ၁၆၃၈-၁၇၈၄)"၊ မဟာဝိဇ္ဇာကျမ်း၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၁၉၉၆။

DBE BOX

အခန်း– ၂
ဥရောပ၏နယ်ချဲ့စနစ်

စုစုပေါင်းစာသင်ချိန် (၁၅) ချိန်၊ တစ်ချိန်(၄၅)မိနစ်

၂.၁။ ဥရောပ၌ဖြောင်းလဲမှုများပေါ်ပေါက်လာခြင်း

သင်ယူမှုရလဒ်များ

- ဤအခန်းကို သင်ယူပြီးပါက ကျောင်းသားများသည် အမျိုးသားနိုင်ငံများ ပေါ်ပေါက်လာခြင်း အကြောင်းရင်းများကို ရှင်းပြတတ်မည်။

သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

- တိုက်ကြီးများ ဖော်ပြထားသည့် ကမ္ဘာ့မြေပုံ၊ ခရူးဆိတ်စစ်ပွဲရုပ်ပုံ၊ ကမ္ဘာ့မြေပုံ။

ရစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ

- ဥရောပ၌ အမျိုးသားနိုင်ငံများ ပေါ်ပေါက်စေသော အကြောင်းရင်းများကို အုပ်စုဖွဲ့ ဆွေးနွေးခြင်းမှတစ်ဆင့် အများနှင့် ပူးပေါင်းဆောင်ရွက်တတ်လာမည်။ အချင်းချင်း အပြန်အလှန် ဆွေးနွေးခြင်းမှတစ်ဆင့် ဆက်သွယ်မှုစွမ်းရည် တိုးတက်လာမည်။
- ဥရောပ အမျိုးသားနိုင်ငံများ ပေါ်ပေါက်ခဲ့ပြီးနောက် တိုးတက်လာသည့် နည်းပညာများ အကြောင်းကို သုံးသပ်ခြင်းမှတစ်ဆင့် တီထွင်ကြံဆနိုင်သည့် စွမ်းရည်မြင့်တက်လာမည်။

၂.၁.၁။ အမျိုးသားနိုင်ငံများပေါ်ပေါက်လာခြင်း — စာသင်ချိန် (၁)

သင်ခန်းစာရည်ရွယ်ချက်

- ♦ အလယ်ခေတ် ဥရောပ၏ မြေရှင်စီးပွားရေးစနစ် သဘောသဘာဝကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း — (၅)မိနစ်

- ❖ ဆရာက မြေရှင်စီးပွားရေးစနစ် သဘောသဘာဝဆိုသည်မှာ မြေပိုင်ရှင်က ကိုယ်ပိုင်မြေယာများတွင် မြေကျွန်လူတန်းစားကို ပေးအပ်ထားပြီး မြေရှင်တို့အား အခွန်အခနှင့် လုပ်အားများ ပေးရကြောင်းကို ကျောင်းသားများအား ရှင်းပြပါ။ ယခုစာသင်ချိန်တွင် အလယ်ခေတ်ဥရောပ၏ မြေရှင်စီးပွားရေးစနစ်ကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း ပြောပြပါ။

DBE Box

သင်ကြားခြင်း **(၁၅)မိနစ်**

ဆရာက အတန်းရှေ့တွင် ကမ္ဘာ့မြေပုံကို ချိတ်ဆွဲထားပါ။ ဆက်လက်ပြီး အမျိုးသားနိုင်ငံများ ပေါ်ပေါက်လာခြင်း သင်ခန်းစာကို ကျောင်းသားများအား လေ့လာပါစေ။ ဆရာက တိုက်ကြီးများ ဖော်ပြထားသည့် ကမ္ဘာ့မြေပုံရှိ ဥရောပတိုက်ကို ထောက်ပြပြီး အလယ်ခေတ် ဥရောပတွင် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော မြေရှင်စီးပွားရေးစနစ် ထွန်းကားခဲ့ကြောင်း၊ မြေရှင်စီးပွားရေးစနစ်၏ သဘောသဘာဝမှာ မြေရှင်တို့အား မြေကျွန်တို့က အခွန်အခနှင့် လုပ်အားများပေးရကြောင်း၊ ကူးသန်းရောင်းဝယ်ရေး မထွန်းကားသေးသည့် အလယ်ခေတ် ဥရောပ၏မြေရှင် စီးပွားရေးစနစ်အကြောင်း ကျောင်းသုံးစာအုပ်ကို ရည်ညွှန်း၍လည်းကောင်း၊ ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍လည်းကောင်း ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် အုပ်စုအလိုက် ကျောင်းသားများ သိရှိထားသည့် စီးပွားရေးစနစ်အကြောင်းကို ဆွေးနွေးဖော်ထုတ်၍ ရေးသားပါစေ။ (ဥပမာ-အရင်းရှင်စီးပွားရေးစနစ်) ဆွေးနွေးနေစဉ် ကျောင်းသားတိုင်း ပါဝင်ဆောင်ရွက်စေရန်နှင့် အဖြေမှန်ကန်စေရန် ဆရာက ကြီးကြပ်ပေးပါ။ ထို့နောက် မြေရှင်စီးပွားရေးစနစ်နှင့် နှိုင်းယှဉ်ဆွေးနွေးပါစေ။ ဆွေးနွေးချက် ရလဒ်များကို အဖွဲ့ကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက အတန်းသို့ တင်ပြပါစေ။ ၎င်းဖော်ပြချက်များကို ကျန်အုပ်စုများက မှတ်ချက်ပေးပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းကို မေးမြန်း၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ အလယ်ခေတ် ဥရောပ၏ မြေရှင်စီးပွားရေးစနစ် သဘောသဘာဝကို ရှင်းပြပါ။ (၂၊ ၁၊ ၁)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကိုနိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- အလယ်ခေတ်ဥရောပတွင် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော မြေရှင်စီးပွားရေးစနစ် ထွန်းကားခဲ့သည်။
- အလယ်ခေတ်နှောင်းပိုင်းရောက်မှသာ ကူးသန်းရောင်းဝယ်ရေးကို အခြေခံသော စီးပွားရေးစနစ်သို့ ပြောင်းလဲလာခဲ့သည်။

DRB BOX

၂.၁.၁။ အမျိုးသားနိုင်ငံများပေါ်ပေါက်လာခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၂)

သင်ခန်းစာရည်ရွယ်ချက်

- အရှေ့တိုင်းနှင့် အနောက်တိုင်း ဆက်သွယ်သော ကုန်သွယ်ရေးလမ်းကြောင်းပေါ် ပေါက်လာခြင်းနှင့် ခရူးဆိတ်စစ်ပွဲဖြစ်ပွားပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက ခရူးဆိတ်စစ်ပွဲဆိုသည်မှာ အလယ်ခေတ်ကာလ၊ ၁၀၉၅ ခုနှစ်မှ ၁၂၄၄ ခုနှစ်အတွင်း နှစ်ပေါင်း ၂၀၀ ခန့် အီတလီဦးဆောင်သော ဥရောပနိုင်ငံများနှင့် အရှေ့အလယ်ပိုင်း မိုးရိလူမျိုးများ အကြား ဖြစ်ပွားသော ဘာသာရေးစစ်ပွဲဖြစ်သည်ဟု ကျောင်းသားများအား ပြောပြပါ။ ယခုစာသင်ချိန်တွင် အရှေ့တိုင်းနှင့် အနောက်တိုင်း ဆက်သွယ်သော ကုန်သွယ်ရေးလမ်းကြောင်းပေါ် ပေါက်လာခြင်းနှင့် ခရူးဆိတ်စစ်ပွဲဖြစ်ပွားပုံကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ကျောင်းသားများအား ဥရောပ၌ အလယ်ခေတ် နှောင်းပိုင်းရောက်မှသာ အရှေ့တိုင်းနှင့် အနောက်တိုင်းသို့ ဆက်သွယ်သော ကုန်သွယ်ရေးလမ်းကြောင်းများ ပေါ် ပေါက်လာပြီးနောက် ကူးသန်းရောင်းဝယ်ရေးကို အခြေခံသည့် စီးပွားရေးစနစ်သို့ ပြောင်းလဲလာခဲ့ကြောင်း၊ အရှေ့တိုင်းနှင့် အနောက်တိုင်း ဆက်သွယ်သော ကုန်သွယ်ရေးလမ်းကြောင်းပေါ် ပေါက်လာခြင်းနှင့် ခရူးဆိတ်စစ်ပွဲဖြစ်ပွားပုံအကြောင်းကို ဆရာက ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအား အဖွဲ့လိုက် ခရူးဆိတ်စစ်ပွဲဖြစ်ပွားပုံကို လေ့လာဆွေးနွေးပါစေ။ ဆွေးနွေးနေစဉ် ကျောင်းသားတိုင်း ပါဝင်ဆောင်ရွက်စေရန်နှင့် အဖြေမှန်ကန်စေရန် ဆရာက ကြီးကြပ်ပေးပါ။ ကျောင်းသားကိုယ်စားလှယ်များက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းများကို မေးမြန်း၍ ကျောင်းသားများ၏တတ်မြောက်မှုကိုစစ်ဆေးပါ။

၁။ အလယ်ခေတ်နှောင်းပိုင်းကာလ ဥရောပ၏ စီးပွားရေးစနစ်ပြောင်းလဲမှုကို ပြောပြပါ။

ထို့နောက် အောက်ပါအဓိကအချက်များကို ကျောင်းသားများနှင့် အပြန်အလှန် ဆွေးနွေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- အလယ်ခေတ်နှောင်းပိုင်းရောက်မှသာ ကူးသန်းရောင်းဝယ်ရေးကို အခြေခံသော စီးပွားရေးစနစ်သို့ ပြောင်းလဲလာခဲ့သည်။
- ၁၀၉၅ ခုနှစ်မှ ၁၂၄၄ ခုနှစ်အတွင်း ဥရောပနိုင်ငံများက ဦးဆောင်သော ခရူးဆိတ် (Crusades) စစ်ပွဲများ ဖြစ်ပွားခဲ့သည်။

၂.၁.၁။ အမျိုးသားနိုင်ငံများပေါ်ပေါက်လာခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၃)

သင်ခန်းစာရည်ရွယ်ချက်

♦ ခရူးဆိတ်စစ်ပွဲများ၏ အကျိုးဆက်အဖြစ် ပြောင်းလဲလာသော အလယ်ခေတ် ဥရောပကုန်သွယ်ရေးအကြောင်းကို ဝေဖန်သုံးသပ်တတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ကျောင်းသားများအား ဆရာက အရှေ့သင်ခန်းစာတွင် အရှေ့တိုင်းနှင့် အနောက်တိုင်း ဆက်သွယ်သော ကုန်သွယ်ရေးလမ်းကြောင်းပေါ်ပေါက်လာခြင်းနှင့် ခရူးဆိတ်စစ်ပွဲဖြစ်ပွားပုံကို လေ့လာသင်ယူခဲ့ပြီး ယခုစာသင်ချိန်တွင် ပြောင်းလဲလာသော အလယ်ခေတ်ဥရောပကုန်သွယ်ရေးအကြောင်းကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဆရာက အတန်းရှေ့တွင် ကမ္ဘာ့မြေပုံကို ချိတ်ဆွဲထားပါ။ ဥရောပတိုက်သည် ကမ္ဘာ့မြေပုံပေါ်တွင် မည်သည့်နေရာ၌တည်ရှိကြောင်း ဖြေဆိုလိုသူ ကျောင်းသားက လာရောက်ထောက်ပြပါစေ။ ဆက်လက်ပြီး အလယ်ခေတ် ဥရောပကုန်သွယ်ရေးအကြောင်းကို ကျောင်းသုံးစာအုပ်မှ လေ့လာ

DBE Box

ဖတ်ရှုပါစေ။ ထို့နောက် ဆရာက ကျောင်းသားများအား ခရူးဆိတ်စစ်ပွဲများ၏ အကျိုးဆက်အဖြစ် ပြောင်းလဲလာသော အလယ်ခေတ် ဥရောပကုန်သွယ်ရေးအကြောင်းကို ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၁၅)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ပြောင်းလဲလာသော အလယ်ခေတ် ဥရောပကုန်သွယ်ရေးအခြေအနေကို အချင်းချင်း ဆွေးနွေးဖော်ထုတ်ပါစေ။ ဆွေးနွေးနေစဉ် ကျောင်းသားတိုင်း ပါဝင်ဆောင်ရွက်စေရန် ဆရာက ကြီးကြပ်ပေးပါ။ ကျောင်းသားကိုယ်စားလှယ်များက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ၎င်းဖော်ပြချက်များကို ကျန်အုပ်စုများက မှန် မမှန် မှတ်ချက်ပေးပြီး အပြန်အလှန် ဆွေးနွေးပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းများကို မေးမြန်း၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ဥရောပသို့ အာရှကုန်ပစ္စည်းများရောက်ရှိသော လမ်းကြောင်းများကို ဖော်ပြပါ။ (၂၊ ၁၊ ၁)

၂။ အီတလီမြို့ပြနိုင်ငံများသည် အဘယ်ကြောင့် ကုန်သွယ်ရေး အချက်အချာနေရာများ ဖြစ်လာခဲ့သနည်း။ (၂၊ ၁၊ ၁)

ထို့နောက် အောက်ပါအဓိကအချက်များကို ကျောင်းသားများနှင့် အပြန်အလှန် ဆွေးနွေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ခရူးဆိတ်စစ်ပွဲများ ပြီးဆုံးပြီးနောက် စစ်ချီရာလမ်းကြောင်းများသည် ကုန်သွယ်ရေးလမ်းကြောင်းများအဖြစ် ပြောင်းလဲခဲ့သည်။
- အရှေ့တိုင်း ကုန်စည်များမှာ မြေထဲပင်လယ်ဈေးကွက်သို့ ဝင်ရောက်လာသဖြင့် အီတလီမြို့ပြနိုင်ငံများသည် ကုန်သွယ်ရေး အချက်အချာနေရာများ ဖြစ်လာသည်။

DBE BOX

၂.၁.၁။ အမျိုးသားနိုင်ငံများပေါ်ပေါက်လာခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၄)

သင်ခန်းစာရည်ရွယ်ချက်

- ကုန်သွယ်မှု ထွန်းကားလာခြင်းကြောင့် စျေးမြို့များနှင့် မြို့နေလူတန်းစား ဘူဇွာများ ပေါ်ထွန်းလာပုံကို ဆွေးနွေးတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ကျောင်းသားများအား ဆရာက "ခရူးဆိတ်စစ်ပွဲများ ပြီးဆုံးပြီးနောက် စစ်ချီရာလမ်းကြောင်းများ မည်သို့ပြောင်းလဲခဲ့ကြောင်း"ကို မေးပါ။ ကျောင်းသားများ၏ ဖြေဆိုချက်ကို ဆရာက စိစစ်၍ လိုအပ်သည်များကို ဖြည့်စွက်ပေးပါ။ ယခုစာသင်ချိန်တွင် ကုန်သွယ်မှု ထွန်းကားလာခြင်းကြောင့် စျေးမြို့များနှင့် မြို့နေလူတန်းစား ဘူဇွာများ ပေါ်ထွန်းလာပုံကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဆရာက ကျောင်းသားများအား ကုန်သွယ်မှု ထွန်းကားလာခြင်းကြောင့် စျေးမြို့များနှင့် မြို့နေလူတန်းစား ဘူဇွာများ ပေါ်ထွန်းလာပုံကို ဖတ်ရှုလေ့လာပါစေ။ ထို့နောက် ကျောင်းသားအချို့အား သင်ခန်းစာကို နားလည်သလို ပြောပြခိုင်းပါ။ ဆက်လက်ပြီး ဆရာက ကုန်သွယ်မှုထွန်းကားလာခြင်းကြောင့် စျေးမြို့များနှင့် မြို့နေလူတန်းစား ဘူဇွာများ ပေါ်ထွန်းလာပုံကို ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ဆက်လက်ပြီး ဆရာက အောက်ပါမေးခွန်းများကို သင်ပုန်းပေါ်တွင် ရေးသားပါ။

- ❖ အလယ်ခေတ် ဥရောပတွင် စျေးမြို့များနှင့် မြို့နေလူတန်းစား ဘူဇွာများ မည်သည့်နေရာများ၌ ပေါ်ထွန်းခဲ့သနည်း။
- ❖ စျေးမြို့များကို ပြင်သစ်ဘာသာစကားဖြင့် မည်သို့ခေါ်ဆို၍ ထိုမြို့တွင် နေထိုင်သူများကို မည်သို့ ခေါ်ဆိုသနည်း။

အထက်ပါ မေးခွန်းများကို ကျောင်းသားများဖြေဆိုရန် အုပ်စုလိုက်ဆွေးနွေးပါစေ။ ဆွေးနွေးနေစဉ် ကျောင်းသားတိုင်း ပါဝင်ဆောင်ရွက်စေရန် ဆရာက ကြီးကြပ်ပေးပါ။ အုပ်စုကိုယ်စားလှယ်များက

ဆွေးနွေးချက် ရလဒ်များကို ရေးမှတ်ပါစေ။ ထို့နောက် အတန်းသို့ တစ်ဖွဲ့တည်းသာ တင်ပြပါစေ။ ၎င်းတင်ပြချက်များကို ကျန်ကျောင်းသားများက မှန် မမှန် မှတ်ချက်ပေးပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းကို နှုတ်မေး၊ နှုတ်ဖြေပြုလုပ်၍ ကျောင်းသားများ တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ကုန်သွယ်မှု ထွန်းကားလာခဲ့ခြင်းကြောင့် ဈေးမြို့များနှင့် မြို့နေလူတန်းစား ဘူဇွာများ ပေါ်ထွန်းလာပုံကို ဆွေးနွေးပါ။ (၂. ၁. ၁)

ထို့နောက် အောက်ပါအဓိကအချက်များကို ကျောင်းသားများနှင့် အပြန်အလှန် ဆွေးနွေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ရောမမြို့ဟောင်းနေရာများတွင် ရောင်းဝယ်ရေးစခန်းများ ပြုလုပ်ကြရာမှ ဈေးမြို့များ အဖြစ် ပေါ်ထွန်းလာသည်။
- ဈေးမြို့များကို ပြင်သစ်ဘာသာစကားဖြင့် ဘူးခ် ဟုခေါ်ဆိုကြပြီး မြို့နေလူတန်းစားကို ဘူဇွာ ဟုခေါ်သည်။

၂.၁.၁။ အမျိုးသားနိုင်ငံများပေါ်ပေါက်လာခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၅)

သင်ခန်းစာရည်ရွယ်ချက်

♦ ဂီးလ်အသင်းများ၏ ဆောင်ရွက်ချက်များကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက ကျောင်းသားများအား အောက်ပါမေးခွန်းများကို မေးမြန်း၍ သင်ခန်းစာကို အစပျိုးမိတ်ဆက်ပါ။

❖ ပြင်သစ်ဘာသာဖြင့် ဈေးမြို့များကို မည်သို့ ခေါ်ဆိုသနည်း။

❖ မြို့နေလူတန်းစားကို မည်သို့ခေါ်ဆိုကြောင်း ပြောပြပါ။

ကျောင်းသားများက အထက်ပါမေးခွန်းများကို ဖြေဆိုပြီးလျှင် ဆရာက ယခုစာသင်ချိန်တွင် ဂီးလ်အသင်းများ၏ ဆောင်ရွက်ချက်များကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း ပြောပြပါ။

DBE Box

သင်ကြားခြင်း **(၁၀)မိနစ်**

ဆရာက ဦးစွာ မြေရှင်သူကောင်းမျိုးဆိုသည်မှာ စီးပွားရေးအရ မြေယာများစွာ ပိုင်ဆိုင်ပြီး ငွေကြေးချမ်းသာကြွယ်ဝသည့်သူဖြစ်ကြောင်း၊ မြေရှင် သူကောင်းမျိုးများ၏ အခွင့်အရေးများသည် မြို့နေလူတန်းစားများထံသို့ ရောက်ရှိခဲ့ပြီး ၎င်းတို့က အကျိုးစီးပွားကို ကာကွယ်နိုင်ရေးနှင့် အုပ်ချုပ်ရေးတွင် ပါဝင်စွက်ဖက်နိုင်ရေးအတွက် ဂီးလ်အသင်းများကို ဖွဲ့စည်းခဲ့ကြောင်း၊ ၎င်းအသင်းများသည် မြူနီစီပယ်လုပ်ငန်းများကိုပါ ဆောင်ရွက်လာကြသည့်အပြင် မြို့အုပ်ချုပ်ရေးဝန်ထမ်းများကိုပါ ခန့်ထားခွင့် ရရှိလာသဖြင့် ကုန်သည်များကို ကိုယ်စားပြုသော အုပ်ချုပ်ရေးဖြစ်လာခဲ့ကြောင်းကို ကျောင်းသားများအား ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၅)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ဂီးလ်အသင်း ပေါ်ပေါက်လာပုံနှင့် ဂီးလ်အသင်း ဆောင်ရွက်ချက်များကို အဖွဲ့အလိုက် ဆွေးနွေးပါစေ။ ဆွေးနွေးနေစဉ် ကျောင်းသားတိုင်း ပါဝင်ဆောင်ရွက်စေရန်နှင့် ဖြေဆိုနိုင်ရန် ဆရာက ကြီးကြပ်ပေးပါ။ ဆွေးနွေးချက် ရလဒ်များကို မှတ်တမ်းတင် ရေးသားပါစေ။ ဆွေးနွေးရရှိထားသော ရလဒ်များကို အတန်းသို့ တစ်ဖွဲ့တည်းသာ တင်ပြပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းကို မေးမြန်း၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။
၁။ ဂီးလ်အသင်းများ၏ ဆောင်ရွက်ချက်များကို ရှင်းပြပါ။ (၂.၁.၁)

ထို့နောက် အောက်ပါအဓိကအချက်များကို ကျောင်းသားများနှင့် အပြန်အလှန် ဆွေးနွေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ကုန်သည်များသည် ၎င်းတို့၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရေးနှင့် အုပ်ချုပ်ရေးပိုင်းတွင် စွက်ဖက်နိုင်ရေးအတွက် ဂီးလ်အသင်းများကို ဖွဲ့စည်းခဲ့သည်။
- ဂီးလ်အသင်းများသည် မြို့အုပ်ချုပ်ရေးဝန်ထမ်းများကိုပါ ခန့်ထားခွင့်ရရှိလာသဖြင့် ၎င်းမြို့၏ အုပ်ချုပ်ရေးမှာ ကုန်သည်များကို ကိုယ်စားပြုသော အုပ်ချုပ်ရေးဖြစ်လာခဲ့သည်။

DRE PDF

၂.၁.၁။ အမျိုးသားနိုင်ငံများပေါ်ပေါက်လာခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၆)

သင်ခန်းစာရည်ရွယ်ချက်

- ဘူဇွာများနှင့် အမျိုးသားဘုရင်များအကြား ဆက်ဆံရေးကို သုံးသပ်တတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက ယခင်သင်ခန်းစာတွင် ဂီးလ်အသင်း၏ ဆောင်ရွက်ချက်များကို သင်ယူပြီး၍ ယခု သင်ခန်းစာတွင် ဘူဇွာများနှင့် အမျိုးသားဘုရင်များအကြား ဆက်ဆံရေးအကြောင်းကို သင်ယူရမည် ဖြစ်ကြောင်း ကျောင်းသားများအား ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ကျောင်းသားများအား သင်ခန်းစာအကြောင်းအရာကို လေ့လာစေလျက် ဆရာက ဘူဇွာများသည် ကုန်သွယ်ရေးလုပ်ငန်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများမှ အကျိုးအမြတ်များစွာ ရရှိသဖြင့် ချမ်းသာကြွယ်ဝလာကြကြောင်း၊ ၎င်းတို့က အမျိုးသားစည်းလုံးညီညွတ်မှုကို ဦးဆောင်မှုပေးနိုင်သည့် အမျိုးသားဘုရင်များကို အားပေးထောက်ပံ့ခဲ့ကြကြောင်း ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ဆက်လက်ပြီး ဘူဇွာများနှင့် အမျိုးသားဘုရင်များအကြား ဆက်ဆံရေးကို အုပ်စုအလိုက် ရေးသားပါစေ။ ဆွေးနွေးနေစဉ် ကျောင်းသားတိုင်း ပါဝင်ဆောင်ရွက်စေရန်နှင့် ဖြေဆိုနိုင်ရန် ဆရာက ကြီးကြပ်ပေးပါ။ ထို့နောက် ဆွေးနွေးချက် ရလဒ်များကို မှတ်တမ်းတင် ရေးသားပါစေ။ ဆွေးနွေးရရှိထားသော ရလဒ်များကို အတန်းသို့ တစ်ဖွဲ့တည်းသာ တင်ပြပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းကို မေးမြန်း၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ဘူဇွာများက အမျိုးသားဘုရင်များအား မည်သို့အားပေးထောက်ပံ့ခဲ့သနည်း။ (၂.၁.၁)

ထို့နောက် အောက်ပါအဓိကအချက်များကို ကျောင်းသားများနှင့် အပြန်အလှန် ဆွေးနွေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဘူဇွာတို့က အမျိုးသားစည်းလုံးညီညွတ်မှုကို ဦးဆောင်မှုပေးနိုင်သည့် အမျိုးသားဘုရင်များကို အားပေးထောက်ပံ့ခဲ့ကြသည်။
- အမျိုးသားဘုရင်များသည် ပင်လယ်ရပ်ခြားဌာ နေရာသစ်များ တိုးချဲ့ရှာဖွေရေးအတွက် အကူအညီပေးခဲ့ကြသည်။

၂.၁.၁။ အမျိုးသားနိုင်ငံများပေါ်ပေါက်လာခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၇)

သင်ခန်းစာရည်ရွယ်ချက်

- မြေရှင်စနစ် အဘယ်ကြောင့် ချုပ်ငြိမ်းခဲ့ရကြောင်း ရှင်းပြတတ်ရန်။
- ဥရောပဌ အမျိုးသားဘုရင်စနစ်နှင့် အမျိုးသားနိုင်ငံများ ပေါ်ပေါက်ခဲ့ပုံကို ဆွေးနွေးတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

ဆရာက ကျောင်းသားများအား ယခင်သင်ခန်းစာတွင် ဘူဇွာများနှင့် အမျိုးသားဘုရင်များအကြား ဆက်ဆံရေးကို လေ့လာသင်ယူပြီးဖြစ်၍ ယခုသင်ခန်းစာတွင် မြေရှင်စနစ် ချုပ်ငြိမ်းခဲ့ရကြောင်းနှင့် ဥရောပဌ အမျိုးသားဘုရင်စနစ်နှင့် အမျိုးသားနိုင်ငံများ ပေါ်ပေါက်ခဲ့ပုံကို လေ့လာသင်ယူရမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း (၁၅)မိနစ်

ဆရာက ကျောင်းသားများအား အမျိုးသားနိုင်ငံများ ပေါ်ပေါက်လာခြင်း သင်ခန်းစာကို ဖတ်ရှုလေ့လာပါစေ။ ထို့နောက် အရှေ့တိုင်းနှင့် အနောက်တိုင်းကြား ကုန်သွယ်မှု တိုးတက်လာခြင်း၊ မြို့များပေါ်ထွန်းလာခြင်း၊ ဘူဇွာလူတန်းစား ပေါ်ထွန်းလာခြင်း၊ ဘုရင်စနစ်ကို ထောက်ခံသော အတွေးအခေါ်များ ပေါ်ထွန်းလာခြင်းနှင့်အတူ မြေရှင်စနစ်တဖြည်းဖြည်း ချုပ်ငြိမ်းခဲ့ရကြောင်းကို ကျောင်းသားများအား ရှင်းပြပါ။

လေ့ကျင့်ခြင်း (၂၀)မိနစ်

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ အဖွဲ့အလိုက် အောက်ပါအချက် နှစ်ချက်ကို မဲနှိုက်၍ ဆွေးနွေးရေးသားပါစေ။

❖ မြေရှင်စနစ် အဘယ်ကြောင့် ချုပ်ငြိမ်းခဲ့ရသည့် အကြောင်းရင်း။

❖ ဥရောပ၌ အမျိုးသားဘုရင်စနစ်နှင့် အမျိုးသားနိုင်ငံများပေါ်ပေါက်ခဲ့ခြင်း။

ဆွေးနွေးနေစဉ် ကျောင်းသားတိုင်း ပါဝင်ဆောင်ရွက်စေရန်နှင့် ဖြေဆိုနိုင်ရန် ဆရာက ကြိုးကြပ်ပေးပါ။ ထို့နောက် ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက် ဆွေးနွေးပေးပါ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းများကို မေးမြန်း၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ မြေရှင်စနစ် အဘယ်ကြောင့် ချုပ်ငြိမ်းခဲ့ရကြောင်း ရှင်းပြပါ။ (၂.၁.၁)

၂။ ဥရောပ၌ အမျိုးသားဘုရင်စနစ်နှင့် အမျိုးသားနိုင်ငံများ ပေါ်ပေါက်ခဲ့ပုံကို ဆွေးနွေးပါ။ (၂.၁.၁)

ထို့နောက် အောက်ပါအဓိကအချက်များကို ကျောင်းသားများနှင့် အပြန်အလှန် ဆွေးနွေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- အမျိုးသားဘုရင်များသည် သွေးစည်းညီညွတ်သော အမျိုးသားရေးစိတ်ဓာတ်၏ အဓိကမဏ္ဍိုင်ဖြစ်လာသည်။
- ဘူဇွာတို့၏ အားပေးထောက်ပံ့မှု၊ မြေရှင်တို့၏ သြဇာအာဏာကျဆင်းလာမှု၊ နိုင်ငံရေးအတွေးအခေါ် ပြောင်းလဲလာမှု စသည်တို့ကြောင့် ဥရောပ၌ အမျိုးသားဘုရင်စနစ်နှင့် အမျိုးသားနိုင်ငံများ ပေါ်ထွန်းလာခဲ့သည်။

၂.၁.၂။ နည်းပညာတိုးတက်လာခြင်း **စာသင်ချိန် (၈)**

သင်ခန်းစာရည်ရွယ်ချက်

♦ ရီနေဆန်းခေါ် ဉာဏ်သစ်လောင်းခေတ်အကြောင်း ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဦးစွာ ဆရာက ယခင်သင်ခန်းစာတွင် အလယ်ခေတ်ဥရောပ၌ အမျိုးသားဘုရင်စနစ်နှင့် အမျိုးသားနိုင်ငံများပေါ်ပေါက်ခဲ့ကြောင်း လေ့လာသင်ယူပြီးဖြစ်၍ ယခုစာသင်ချိန်တွင် ၁၃၀၁ ခုနှစ်မှ ၁၆၅၀ ပြည့်နှစ်ကာလ ရီနေဆန်း ခေါ် ဉာဏ်သစ်လောင်းခေတ်အကြောင်းကို လေ့လာသင်ယူကြမည် ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ကျောင်းသားများအား သင်ခန်းစာကို ဖတ်ရှုလေ့လာပါစေ။ ထို့နောက် ဆရာက ကျောင်းသား အချို့အား သင်ခန်းစာကို ၎င်းတို့ နားလည်သလို ပြောပြပါစေ။ တင်ပြချက်အပြီးတွင် ဆရာက ဥရောပတိုက်၏ ဉာဏ်သစ်လောင်းခေတ်သည် အီတလီနိုင်ငံ၌ စတင်ခဲ့ပြီး ဉာဏ်သစ်လောင်းကာလကို ရီနေဆန်းခေတ်ဟု ခေါ်ဆိုကြောင်း၊ ရီနေဆန်းသည် ပြင်သစ်စကားဖြစ်ပြီး အသစ်တစ်ဖန် ပြန်လည် မွေးဖွားခြင်းဟု အဓိပ္ပာယ်ရကြောင်း ကျောင်းသားများအား ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ရီနေဆန်းကာလ အခြေအနေကို လေ့လာဆွေးနွေးပါစေ။ ဆွေးနွေး နေစဉ် ကျောင်းသားတိုင်း ပါဝင်ဆောင်ရွက်စေရန် ဆရာက ကြီးကြပ်ပေးပါ။ ၎င်းရလဒ်များကို ကျောင်းသားအချို့က အတန်းသို့ တင်ပြပါစေ။ တင်ပြချက်များအပေါ် ဆရာက ဖြည့်စွက်ဆွေးနွေး ပေးပါ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းများကိုမေးမြန်း၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ရီနေဆန်း ခေါ် ဉာဏ်သစ်လောင်းခေတ်အကြောင်း ရှင်းပြပါ။ (၂.၁.၂)

၂။ နိုင်ငံတိုးတက်ပြောင်းလဲရန် မည်သည်တို့ကို အားပေးရမည်ဟု သင်ထင်မြင်ယူဆသနည်း။ (၂.၁.၂)

ထို့နောက် အောက်ပါအဓိကအချက်များကို ကျောင်းသားများနှင့် အပြန်အလှန် ဆွေးနွေးပြီး သင်ခန်း စာကို နိဂုံးချုပ်ပါ။ ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ရီနေဆန်း ဟူသောဝေါဟာရသည် ပြင်သစ်စကားဖြစ်ပြီး အသစ်တစ်ဖန် ပြန်လည် မွေးဖွားခြင်းဟု အဓိပ္ပာယ်ရသည်။
- ရီနေဆန်းခေတ်ကာလတွင် ဥရောပတိုက်သားများသည် ဂရိနှင့် ရောမစာပေတို့ကို လေ့လာခဲ့ကြပြီး သိပ္ပံပညာရပ်များကို လက်တွေ့စူးစမ်းတီထွင်ခဲ့ကြသည်။

၂.၁. ၂။နည်းပညာတိုးတက်လာခြင်း (သင်ခန်းစာအဆက်) စာသင်ချိန် (၉)

သင်ခန်းစာရည်ရွယ်ချက်

- ရီနေဆန်းခေတ်တွင် ဥရောပ၏ တိုးတက်ပြောင်းလဲမှုများကို ရှင်းပြတတ်ရန်။
- မိမိပတ်ဝန်းကျင်၌ နည်းပညာတိုးတက်လာခြင်းကြောင့် ပြောင်းလဲမှု အခြေအနေများကို ဆွေးနွေးတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

ဆရာက ကျောင်းသားများအား ရီနေဆန်း ခေါ် ဉာဏ်သစ်လောင်းခေတ်အကြောင်း သင်ယူပြီးဖြစ်၍ ယခုစာသင်ချိန်တွင် ရီနေဆန်းခေတ်တွင် ဥရောပ၏ တိုးတက်ပြောင်းလဲမှုများအကြောင်း သင်ယူရမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း (၁၅)မိနစ်

ဆရာက ကျောင်းသားများအား ရီနေဆန်းခေတ်တွင် ဥရောပ၏ တိုးတက်ပြောင်းလဲမှုများအကြောင်း သင်ခန်းစာကို ဖတ်ရှုပါစေ။ ထို့နောက် ဆရာက ကျောင်းသားများအား ရီနေဆန်းခေတ် ဥရောပ၏ တီထွင်ဆန်းသစ်မှုများ၊ လေ့လာကြံဆမှုများနှင့် တိုးတက်ပြောင်းလဲမှုများကို ရှင်းပြပါ။

လေ့ကျင့်ခြင်း (၂၀)မိနစ်

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ကျောင်းသားများအား အဖွဲ့အလိုက် မိမိပတ်ဝန်းကျင်၌ နည်းပညာ တိုးတက်လာခြင်းကြောင့် ပြောင်းလဲမှု အခြေအနေများကို ရီနေဆန်းခေတ် ဥရောပ၏ တိုးတက်ပြောင်းလဲမှုများနှင့် ဆက်စပ်၍ ဆွေးနွေးဖော်ထုတ်ပါစေ။ ဆွေးနွေးနေစဉ် ကျောင်းသားတိုင်း ပါဝင်ဆောင်ရွက်စေရန်နှင့် အဖြေမှန်ကန်စေရန် ဆရာက ကြီးကြပ်ပေးပါ။ ထို့နောက် ဆွေးနွေးချက် ရလဒ်များကို နီးစပ်ရာ နံရံတွင်ကပ်လျက် အဖွဲ့တိုင်းမှ တစ်ယောက်စီက ရှင်းပြပါစေ။ ကျောင်းသားအားလုံးက လေ့လာကြည့်ရှုပြီး ကျန်အုပ်စုများ၏ အကြံပြုချက်များကိုလည်း ဖြည့်စွက်ရေးသားပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၅)မိနစ်

❖ ဆရာက အောက်ပါမေးခွန်းကို နှုတ်မေး၊ နှုတ်ဖြေ ပြုလုပ်၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ရီနေဆန်းခေတ်တွင် ဥရောပ၏ တိုးတက်ပြောင်းလဲမှုများကို ရှင်းပြပါ။ (၂. ၁. ၁)

ထို့နောက် အောက်ပါအဓိကအချက်များကို ကျောင်းသားများနှင့် အပြန်အလှန် ဆွေးနွေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ရိုနေဆန်းခေတ် ဥရောပ၌ စာပေ၊ အနုပညာ၊ ဂီတ၊ အတွေးအခေါ်ဒဿန၊ ဗိသုကာနှင့် သိပ္ပံပညာရပ် စသည့် နယ်ပယ်အသီးသီး၌ တီထွင်ဆန်းသစ်မှုများ ပေါ်ထွန်းလာခဲ့သည်။
- ရိုနေဆန်းခေတ်တွင် အသိပညာ၊ အတတ်ပညာဖွံ့ဖြိုးရေးကို အားပေးခဲ့သဖြင့် တက္ကသိုလ်များ၏ အခန်းကဏ္ဍမှာ ထင်ရှားခဲ့သည်။

၂.၁. ၂။ နည်းပညာတိုးတက်လာခြင်း (သင်ခန်းစာအဆက်) **စာသင်ချိန် (၁၀)**

သင်ခန်းစာရည်ရွယ်ချက်

- ရိုနေဆန်းခေတ် သိပ္ပံပညာရှင်များ၏ တွေ့ရှိတီထွင်မှုများအကြောင်းကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက ရိုနေဆန်းခေတ်တွင် ဥရောပ၏ တိုးတက်ပြောင်းလဲမှုများကို ယခင်စာသင်ချိန်တွင် လေ့လာသင်ယူခဲ့ပြီးဖြစ်၍ ယခုစာသင်ချိန်တွင် သိပ္ပံပညာရှင်များ၏ တွေ့ရှိတီထွင်မှုများအကြောင်းကို လေ့လာသင်ယူရမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ကျောင်းသားများအား သင်ခန်းစာကို ဖတ်ရှုလေ့လာပါစေ။ ထို့နောက် ဆရာက ကျောင်းသားအချို့အား သင်ခန်းစာကို နားလည်သလို ပြောပါစေ။ တင်ပြချက်အပြီးတွင် ဆရာက သိပ္ပံပညာရပ်ဆိုင်ရာ အယူအဆသစ်တစ်ရပ်ဖြစ်သော စကြဝဠာနေဗဟိုပြု သီအိုရီကို နီကိုလပ်ကိုပါနီကပ်စ်က ဖော်ထုတ်ခဲ့ကြောင်း၊ ဂယ်လီလီယိုသည် နက္ခတ်တာရာကြည့်မှန်ပြောင်းကို တီထွင်ပြီး နေဗဟိုပြု အယူအဆ မှန်ကန်ကြောင်း တင်ပြခဲ့ခြင်းကို ကျောင်းသားများအား ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ဆက်လက်ပြီး ဆရာက အောက်ပါမေးခွန်းများကို သင်ပုန်းပေါ်တွင် ရေးသားပါ။

- ❖ ဥရောပတိုက်သားတို့သည် ဆေးပညာနှင့်ပတ်သက်၍ မည်သည့်အကြောင်းကို ပို၍သိရှိနားလည်ခဲ့ကြသနည်း။
- ❖ မည်သည့်နည်းပညာများ တိုးတက်လာခြင်းကြောင့် စက်ကိရိယာများကို တီထွင်ထုတ်လုပ်နိုင်သည်ကို ရှင်းပြပါ။
- ❖ စာအုပ်များ မြောက်မြားစွာ ထုတ်ဝေလာနိုင်ခဲ့ခြင်းသည် အဘယ်ကြောင့်နည်း။

အထက်ပါ မေးခွန်းများကို ကျောင်းသားများ ဖြေဆိုရန် အုပ်စုလိုက် ဆွေးနွေးပါစေ။ ဆွေးနွေးချက်ရလဒ်များကို ရေးမှတ်၍ အတန်းသို့ တင်ပြပါစေ။ ကျန်အဖွဲ့များက လိုအပ်ချက်များကို ဖြည့်စွက်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၅)မိနစ်

- ❖ ဆရာက အောက်ပါမေးခွန်းကို မေးမြန်း၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။
  ၁။ ရီနေဆန်းခေတ် သိပ္ပံပညာရှင်များ၏ တွေ့ရှိတီထွင်မှုများကို ရှင်းပြပါ။ (၂.၁.၁)

ထို့နောက် အောက်ပါအဓိကအချက်များကို ကျောင်းသားများနှင့် အပြန်အလှန် ဆွေးနွေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- နီကိုလပ်ကိုပါနီကပ်စ်က စကြဝဠာ နေဗဟိုပြု သီအိုရီကို ဖော်ထုတ်ခဲ့သည်။
- ဂယ်လီလီယိုသည် နက္ခတ်တာရာကြည့်မှန်ပြောင်းကို တီထွင်ပြီး နေဗဟိုပြု အယူအဆမှန်ကန်ကြောင်း တင်ပြခဲ့သည်။
- ဥရောပတွင် စာပုံနှိပ်စက် တီထွင်နိုင်ခဲ့သောကြောင့် စာအုပ်များ မြောက်မြားစွာ ထုတ်ဝေလာနိုင်ခဲ့သည်။

၂.၁.၂။ နည်းပညာတိုးတက်လာခြင်း (သင်ခန်းစာအဆက်) စာသင်ချိန် (၁၁)

သင်ခန်းစာရည်ရွယ်ချက်

- ♦ ၁၄ ရာစုတွင် ဥရောပတိုက်သားတို့ အာရှနှင့် အာဖရိကတိုက် ပင်လယ်ရပ်ခြားဒေသများသို့ နယ်ပယ်ချဲ့ထွင်မှု ပြုလုပ်လာနိုင်ခြင်းကို ဆွေးနွေးတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက "ပင်လယ်ရပ်ခြား နယ်ပယ်ချဲ့ထွင်မှုကို မည်သို့သဘောပေါက်ပါသလဲ" ဟု ကျောင်းသားများအား မေးပါ။ ဆက်လက်ပြီး ယခုစာသင်ချိန်တွင် ၁၄ ရာစုဌ် ဥရောပတိုက်သားတို့ အာရှနှင့် အာဖရိကတိုက် ပင်လယ်ရပ်ခြားဒေသများသို့ နယ်ပယ်ချဲ့ထွင်မှု ပြုလုပ်လာနိုင်ခြင်းကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ကျောင်းသားများအား ဆရာက ၁၄ ရာစုတွင် နည်းပညာတိုးတက်လာခြင်းကြောင့် ဥရောပ တိုက်သားတို့ ယမ်းမှုန့်သုံးသေနတ်အမျိုးအစားများနှင့် အဝေးပစ်အမြောက်များ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ၎င်းလက်နက်များကို ပိုင်ဆိုင်လာကြသဖြင့် ပင်လယ်ရပ်ခြား နယ်မြေချဲ့ထွင်မှုကို ပြုလုပ်နိုင်ခဲ့ကြောင်း၊ အာရှနှင့် အာဖရိကတိုက်သို့ ရေကြောင်းခရီးဖြင့် သွားရောက်၍ ကုန်သွယ်ရေးကို လက်ဝါးကြီး အုပ်နိုင်လာကြောင်းကို ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် အုပ်စုအလိုက် ၁၄ ရာစုတွင် အာရှတိုက်နှင့် အာဖရိက တိုက်၏ ပင်လယ်ရပ်ခြား ဒေသများသို့ နယ်ပယ်ချဲ့ထွင်မှု ပြုလုပ်လာနိုင်ပုံကို ဆွေးနွေးဖော်ထုတ်ပါစေ။ ဆွေးနွေးနေစဉ် ကျောင်းသားတိုင်း ပါဝင်ဆောင်ရွက်စေရန် ဆရာက ကြီးကြပ်ပေးပါ။ ဆွေးနွေးချက် ရလဒ်များကို အုပ်စုအလိုက် အတန်းသို့ တင်ပြပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းများကိုမေးမြန်း၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ၁၄ ရာစုတွင် ဥရောပတိုက်သားတို့က အဘယ်ကြောင့် နယ်မြေချဲ့ထွင်မှုကို ပြုလုပ်နိုင်ခဲ့ သနည်း။ (၂.၁.၂)

၂။ နယ်မြေချဲ့ထွင်မှုကြောင့် မည်သည့်ဒေသများ၏ ကုန်သွယ်မှုကို လက်ဝါးကြီးအုပ်လာ နိုင်သနည်း။ (၁.၁.၁)

ထို့နောက် အောက်ပါအဓိကအချက်များကို ကျောင်းသားများနှင့် အပြန်အလှန် ဆွေးနွေးပြီး သင်ခန်း စာကို နိဂုံးချုပ်ပါ။ ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ၁၄ ရာစုတွင် ဥရောပတိုက်သားတို့သည် ပင်လယ်ရပ်ခြား နယ်မြေသစ် ရှာဖွေမှုကို ပြုလုပ်နိုင်ခဲ့သည်။
- ဥရောပတိုက်သားတို့သည် အာရှနှင့် အာဖရိက သို့ ရေကြောင်းခရီးဖြင့် သွားရောက်၍ ကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်နိုင်လာကြသည်။

၂.၁.၂။ နည်းပညာတိုးတက်လာခြင်း (သင်ခန်းစာအဆက်) စာသင်ချိန် (၁၂)

သင်ခန်းစာရည်ရွယ်ချက်

- ရိနေဆန်းခေတ်၌ ရေကြောင်းသွားလာမှုဆိုင်ရာပညာရပ် တိုးတက်လာကြောင်း ရှင်းပြရန်။
- အာရှနှင့် အာဖရိကနိုင်ငံငယ်များ၏ နိုင်ငံရေးတွင် ဥရောပတိုက်သားတို့ ဝင်ရောက်ခြယ်လှယ်နိုင်ခဲ့ကြောင်း ဆန်းစစ်တတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

ဆရာက ကျောင်းသားများအား ဥရောပတိုက်သားတို့၏ ပင်လယ်ရပ်ခြား နယ်မြေချဲ့ထွင်မှုကြောင့် မည်သည့်ဒေသများ၏ ကုန်သွယ်မှုကို လက်ဝါးကြီးအုပ်နိုင်ကြောင်းကို မေးမြန်း၍ သင်ခန်းစာကို အစပျိုးမိတ်ဆက်ပါ။ ယခုစာသင်ချိန်တွင် ရိနေဆန်းခေတ်၌ ရေကြောင်းသွားလာမှုဆိုင်ရာပညာရပ် တိုးတက်လာခဲ့ကြောင်း၊ အာရှနှင့် အာဖရိက နိုင်ငံငယ်များ၏ နိုင်ငံရေးတွင် ဥရောပတိုက်သားတို့ ဝင်ရောက်ခြယ်လှယ်နိုင်ခဲ့ကြောင်း လေ့လာသင်ယူရမည်ဟု ပြောပြပါ။

သင်ကြားခြင်း (၁၅)မိနစ်

ဆရာက ကျောင်းသားများအား ရိနေဆန်းခေတ်တွင် တိုးတက်လာသော သိပ္ပံပညာနှင့် သချိၤပညာကြောင့် ရေကြောင်းပြကိရိယာများကို ပိုမိုကောင်းမွန်စွာ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ သင်္ဘောတည်ဆောက်မှု နည်းပညာရပ် တိုးတက်လာပြီး ကုန်တင်သင်္ဘောများကို တီထွင်နိုင်ခဲ့ကြောင်း၊ ဥရောပတိုက်သားတို့သည် ကုန်သွယ်မှုကို အကြောင်းပြု၍ အာရှနှင့် အာဖရိက နိုင်ငံငယ်များ၏ နိုင်ငံရေးတွင် ဝင်ရောက်ခြယ်လှယ်နိုင်ခဲ့ကြောင်းကို ရှင်းပြပါ။

PDF Box

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအား အုပ်စုအလိုက် အာရှနှင့် အာဖရိက နိုင်ငံငယ်များ၏ နိုင်ငံရေးတွင် ဥရောပတိုက်သားတို့ အဘယ်ကြောင့် ခြယ်လှယ်နိုင်ခဲ့ကြောင်း ဆွေးနွေးဖော်ထုတ်ပါစေ။ ဆွေးနွေးနေစဉ် ကျောင်းသားတိုင်း ပါဝင်ဆောင်ရွက်စေရန် ဆရာက ကြီးကြပ်ပေးပါ။ ကျောင်းသားကိုယ်စားလှယ် တစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းကို မေးမြန်း၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ရီနေဆန်းခေတ်၌ ရေကြောင်းသွားလာမှုဆိုင်ရာပညာရပ် တိုးတက်လာပုံကို ရှင်းပြပါ။ (၂.၁.၂)

ထို့နောက် အောက်ပါအဓိကအချက်များကို ကျောင်းသားများနှင့် အပြန်အလှန် ဆွေးနွေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ရေကြောင်းပြကိရိယာများကို တီထွင်နိုင်ခဲ့ပြီး ကုန်တင်သင်္ဘောများကိုလည်း တည်ဆောက်နိုင်ခဲ့သည်။
- ဥရောပတိုက်သားတို့သည် အာရှနှင့် အာဖရိကရှိ နိုင်ငံငယ်များ၏ နိုင်ငံရေးတွင် ဝင်ရောက်ခြယ်လှယ်နိုင်ခဲ့ကြသည်။

၂.၁.၃။ အီတလီမြို့ပြနိုင်ငံများပေါ်ပေါက်လာခြင်း **စာသင်ချိန် (၁၃)**

သင်ခန်းစာရည်ရွယ်ချက်

♦ အီတလီမြို့ပြနိုင်ငံများ ပေါ်ပေါက်လာပုံကို ဆွေးနွေးတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ကျောင်းသားများအား "မိမိနေထိုင်တဲ့အရပ်မှာ ဒေသထွက်ကုန်ပစ္စည်းတွေ ရှိသလား၊ ဒါမှမဟုတ် အိမ်တွင်းမှလုပ်ငန်းရှိရင် ပြောပြပါ" ဟု ဆရာက မေးပါ။ ဆက်လက်ပြီး "အဲဒီကုန်ပစ္စည်း

တွေ့ ဘယ်အရပ်ဒေသကို တင်ပို့ရောင်းချတာလဲ"ဟုထပ်ဆင့်မေးခွန်းမေးပါ။ ထို့နောက် ယခုစာသင်ချိန်တွင် အရှေ့တိုင်းနှင့် အနောက်တိုင်းထွက် ကုန်ပစ္စည်းများကို အပြန်အလှန် တင်ပို့ရာနေရာဖြစ်သည့် အီတလီမြို့ပြနိုင်ငံများ ပေါ်ပေါက်လာပုံအကြောင်းကို လေ့လာသင်ယူရမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဆရာက ကျောင်းသားများအား အီတလီမြို့ပြနိုင်ငံများသည် အရှေ့တိုင်းနှင့် အနောက်တိုင်း ထွက်ကုန်ပစ္စည်းများကို အပြန်အလှန်တင်ပို့ရာ နေရာဖြစ်ကြောင်း၊ အီတလီမြောက်ပိုင်းရှိ မီလန်၊ ဂျီနိုဝါ၊ ဖလောရင့်စ်၊ ဗင်းနစ်တို့သည် အီတလီ၏ ဗဟိုအချက်အချာကျသော မြို့ပြနိုင်ငံများဖြစ်ကြောင်း၊ မီလန်သည် ဥရောပအကောင်းဆုံး ကတ္တီပါထည်များနှင့် လက်နက်ပစ္စည်းထုတ်လုပ်ရာမြို့တော်ဖြစ်ကြောင်းကို ကျောင်းသားများအား ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ကျောင်းသားများအား အီတလီမြို့ပြနိုင်ငံများ ပေါ်ပေါက်ခဲ့ပုံကို အုပ်စုအလိုက် ဆွေးနွေးဖော်ထုတ်ပါစေ။ ဆွေးနွေးနေစဉ် ကျောင်းသားတိုင်း ပါဝင်ဆောင်ရွက်စေရန် ဆရာက ကြီးကြပ်ပေးပါ။ ကျောင်းသားကိုယ်စားလှယ် တစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းကို မေးမြန်း၍ ကျောင်းသားများ၏ တတ်မြောက်မှုကိုစစ်ဆေးပါ။

၁။ အီတလီမြို့ပြနိုင်ငံများ ပေါ်ပေါက်ခဲ့ပုံကို ဆွေးနွေးပါ။ (၂. ၁. ၃)

ထို့နောက် အောက်ပါအဓိကအချက်များကို ပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- မီလန်၊ ဂျီနိုဝါ၊ ဖလောရင့်စ်၊ ဗင်းနစ်တို့သည် အီတလီနိုင်ငံ၏ ဗဟိုအချက်အချာကျသော မြို့ပြနိုင်ငံများဖြစ်လာသည်။
- မီလန်သည် ဥရောပ၏ အကောင်းဆုံးကတ္တီပါအထည်များနှင့် လက်နက်ပစ္စည်းထုတ်လုပ်ရာ မြို့တော်ဖြစ်သည်။

DBE Box

၂.၁.၃။ အီတလီမြို့ပြနိုင်ငံများပေါ်ပေါက်လာခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၁၄)

သင်ခန်းစာရည်ရွယ်ချက်

- အီတလီမြို့ပြနိုင်ငံများ၏ ကုန်သွယ်ရေးလုပ်ငန်းကို ဆွေးနွေးတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက ကျောင်းသားများအား "အီတလီမြို့ပြနိုင်ငံများကို သိပါသလား"ဟု မေးမြန်းပြီး ယခုစာသင်ချိန်တွင် အီတလီမြို့ပြနိုင်ငံများ၏ ကုန်သွယ်ရေးလုပ်ငန်းကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း ပြောပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဆရာက ကျောင်းသားများအား အီတလီမြို့ပြနိုင်ငံသည် ဥရောပ၏ ဉာဏ်သစ်လောင်းခေတ်ကို ဦးဆောင်နိုင်ခဲ့ကြောင်း၊ ဖလောရင့်စ်မြို့ရှိ ဘူဇွာများသည် ရေလမ်းကြောင်းဖြင့် ကုန်သွယ်မှုလုပ်ငန်း၊ သိုးမွေးထည်လုပ်ငန်းနှင့် ဘဏ်လုပ်ငန်းများကို လုပ်ကိုင်ကြကြောင်း၊ ဂျီနိုဝါမြို့နှင့် ဗင်းနစ်မြို့တို့သည် မြေထဲပင်လယ်ဒေသ၏ ကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်ထားကြောင်း၊ ဗင်းနစ်မြို့သည် ဟင်းခတ်အမွှေးအကြိုင် ရောင်းဝယ်ရေး၏ အဓိကစျေးကွက်ဖြစ်ပြီး အရှေ့အနောက် ကုန်သွယ်ရေးမှ အကျိုးစီးပွားများစွာ ရရှိခဲ့ကြောင်းကို အီတလီမြို့ပြနိုင်ငံများပြမြေပုံကို အသုံးပြု၍ ကျောင်းသားများအား ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများကို မျှတစွာ ဖွဲ့ပေးပါ။ ကျောင်းသားများအား အီတလီမြို့ပြနိုင်ငံများ၏ ကုန်သွယ်ရေးလုပ်ငန်းကို အုပ်စုအလိုက် ဆွေးနွေးဖော်ထုတ်ပါစေ။ ဆွေးနွေးနေစဉ် ကျောင်းသားတိုင်း ပါဝင်ဆောင်ရွက်စေရန် ဆရာက ကြီးကြပ်ပေးပါ။ ကျောင်းသားကိုယ်စားလှယ် တစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ ဆရာက အောက်ပါမေးခွန်းကို မေးမြန်း၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ အီတလီမြို့ပြနိုင်ငံများ၏ အဓိကကုန်သွယ်ရေးလုပ်ငန်းများကို ဆွေးနွေးပါ။ (၂.၁.၃)

ထို့နောက် အောက်ပါအဓိကအချက်များကို ကျောင်းသားများနှင့် အပြန်အလှန် ဆွေးနွေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဖလောရင့်စ်မြို့ရှိ ဘူဇွာများသည် ရေလမ်းကြောင်းဖြင့် ကုန်သွယ်မှုလုပ်ငန်း၊ သိုးမွေးထည်လုပ်ငန်းနှင့် ဘဏ်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။
- ဂျီနိုဝါမြို့နှင့် ဗင်းနစ်မြို့သည် မြေထဲပင်လယ်ဒေသ၏ ကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်ထားသည်။
- ဗင်းနစ်မြို့သည် ဟင်းခတ်အမွှေးအကြိုင် ရောင်းဝယ်ရေး၏ အဓိကစျေးကွက်ဖြစ်သည်။

၂.၁.၃။ အီတလီမြို့ပြနိုင်ငံများပေါ်ပေါက်လာခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၁၅)

သင်ခန်းစာရည်ရွယ်ချက်

- အီတလီမြို့ပြနိုင်ငံများ၏ ကုန်သွယ်ရေးလုပ်ငန်းကို ဆွေးနွေးတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက ကျောင်းသားများအား မိမိတို့ ဒေသပတ်ဝန်းကျင်ရှိ ကုန်သွယ်ရေးလုပ်ငန်းများကို ပြောပြပါစေ။ ကျောင်းသားအချို့ ဖြေဆိုပြီးနောက် ယခုစာသင်ချိန်တွင် အီတလီမြို့ပြနိုင်ငံများ၏ ကုန်သွယ်ရေးလုပ်ငန်းအကြောင်းကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဆရာက အီတလီမြို့ပြနိုင်ငံများပြမြေပုံရှိ ဗင်းနစ်မြို့ကိုပြသ၍ ရေလမ်းကြောင်းဖြင့် ဗင်းနစ်ကုန်သည်တို့သည် ခရူးဆိတ်စစ်သားများကို အဂျစ်၊ ဆီးရီးယားနိုင်ငံအထိ ပို့ဆောင်ပေးခဲ့ကြကြောင်း၊ ဆက်လက်ပြီး ကမ္ဘာ့မြေပုံကို အသုံးပြု၍ ကုန်သဘော်များဖြင့် ပင်လယ်နက်၊ ဆီးရီးယား၊ အီဂျစ်၊ စပိန်နှင့် ဥရောပမြောက်ပိုင်းအထိ သွားရောက်ကုန်သွယ်နိုင်ခဲ့ကြကြောင်းကို ကျောင်းသားများအား ရှင်းပြပါ။

PREBOX

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ကျောင်းသားများအား အတန်းတွင်းရှိ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ကျား၊ မ အရေအတွက် ညီမျှစွာပါဝင်သော အုပ်စုများကို သင့်လျော်သလို ဖွဲ့ပါစေ။ ဆက်လက်ပြီး အုပ်စုအလိုက် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ တင်ပို့သည့် ကုန်ပစ္စည်းအမည်များကို ဆွေးနွေးရေးသားပါစေ။ ဆွေးနွေးနေစဉ် ကျောင်းသားတိုင်း ပါဝင်ဆောင်ရွက်စေရန် ဆရာက ကြိုးကြပ်ပေးပါ။ အုပ်စုအလိုက် ရေးသားဖော်ပြချက်များအပေါ် မူတည်၍ မတူညီသော အချက်များကိုသာ အတန်းသို့ တင်ပြပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ဗင်းနစ်ကုန်သည်တို့သည် ( )များကို ရိက္ခာအပြည့်အစုံဖြင့် အီဂျစ်၊ ဆီးရီးယားနိုင်ငံအထိ ပို့ဆောင်ပေးခဲ့ကြသည်။ (၂၊ ၁၊ ၃)

(ခ) ဗင်းနစ်ကုန်သည်တို့သည် ကုန်သင်္ဘောများဖြင့် ပင်လယ်နက်၊ ဆီးရီးယား၊ အီဂျစ်၊ စပိန်နှင့် ဥရောပမြောက်ပိုင်းအထိ သွားရောက် ( )နိုင်ခဲ့ကြသည်။ (၂၊ ၁၊ ၃)


(ဂ) အီတလီမြို့ပြနိုင်ငံများသည် ၁၅ ရာစုဌ် အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းမရှိ၍ ( )များ၏ ဩဇာလွှမ်းမိုးမှုကို ခံခဲ့ရသည်။ (၂၊ ၁၊ ၃)

ထို့နောက် အောက်ပါအဓိကအချက်များကို ကျောင်းသားများနှင့် အပြန်အလှန် ဆွေးနွေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဗင်းနစ်ကုန်သည်တို့သည် ခရူးဆိတ်စစ်သားများကို ရိက္ခာအပြည့်အစုံဖြင့် အီဂျစ်၊ ဆီးရီးယားနိုင်ငံအထိ ပို့ဆောင်ပေးခဲ့ကြသည်။
- အီတလီမြို့ပြနိုင်ငံများသည် အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်း မရှိ၍ ၁၅ ရာစုဌ် ပြည်ပနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှုကို ခံခဲ့ရသည်။

သင်ခန်းစာ ၂.၁။ ဥရောပ၌ ပြောင်းလဲမှုများ ပေါ်ပေါက်လာခြင်းတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။



ဆရာမှတ်စု

- ခရူးဆိတ်စစ်ပွဲဆိုသည်မှာ အလယ်ခေတ်ကာလတွင် ဖြစ်ပွားသော ဘာသာရေးစစ်ပွဲကို ဆိုလိုသည်။
- ဂီးလ်အသင်းဆိုသည်မှာ ကုန်သည်များ၊ အလုပ်သမားတို့ဖြင့် ဖွဲ့စည်းထားသည့် အစည်းအရုံးဖြစ်သည်။
- မြူနီစီပယ်ဆိုသည်မှာ မြို့တော်ဆိုင်ရာ စည်ပင်သာယာလုပ်ငန်း ဆောင်ရွက်သည့်အဖွဲ့ဖြစ်သည်။
- အမျိုးသားဘုရင်ဆိုသည်မှာ အမျိုးသားရေးစိတ်ဓာတ်ရှိသော၊ အမျိုးသားစည်းလုံးညီညွတ်မှုကို ဦးဆောင်မှုပေးနိုင်သည့် ဘုရင်ဖြစ်သည်။
- အမျိုးသားဘုရင်စနစ်ဆိုသည်မှာ အမျိုးသားစည်းလုံးညီညွတ်မှုကို ဦးဆောင်မှုပေးနိုင်သည့် ဘုရင်အုပ်ချုပ်သော စနစ်ဖြစ်သည်။
- အမျိုးသားနိုင်ငံများဆိုသည်မှာ အမျိုးသားစည်းလုံးညီညွတ်မှုကို ဦးဆောင်မှုပေးနိုင်သည့်ဘုရင်က အုပ်ချုပ်သော နိုင်ငံများဖြစ်သည်။

DBE BOX

References

1. Craig, Albert M, et. al, The Heritage of World Civilizations, New York: Mac Millan Publishing Co., 1990.
2. Davies, H.A, An Outline History of the World, London: Oxford University Press, 1969.
3. Skinner, Carol, Ann and Karen Kazarosiam, World History: Perspectives on the Past, Massachusetts: D.C. Heath & Co., 1998.
4. Weech, W.N, History of the World, London: Odhams Press Ltd. 1960.

DBE Box

၂.၂။ ဥရောပတိုက်သားတို့၏ ပထမအဆင့်နယ်ချဲ့ခြင်း

စုစုပေါင်းစာသင်ချိန် (၁၅) ချိန်၊ တစ်ချိန်(၄၅)မိနစ်

သင်ယူမှုရလဒ်များ

- ဤအခန်းကို သင်ယူပြီးပါက ကျောင်းသားများအနေဖြင့် ကမ္ဘာ့သမိုင်းတွင် ဥရောပတိုက်သားတို့ လက်နက်အသုံးပြုမှုနှင့် ရေကြောင်းသွားလာမှုနည်းပညာ တိုးတက်လာခြင်းသည် နယ်ချဲ့စနစ်ကို တွန်းအားပေးသည့်အချက်ဖြစ်ကြောင်း၊ နယ်ချဲ့ခြင်းနှင့် နိုင်ငံရေး၊ ကုန်သွယ်ရေး၊ ဘာသာရေးတို့သည် ဆက်နွယ်လျက်ရှိကြောင်းကို သုံးသပ်တတ်မည်။

သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

- ကမ္ဘာ့မြေပုံ၊ ဥရောပတိုက်သားတို့၏ ပထမအဆင့်နယ်ချဲ့ခြင်းနှင့်သက်ဆိုင်သော ရုပ်ပုံကားချပ်များကို (ရနိုင်ပါက) စုဆောင်းပါ။

ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ

- ကမ္ဘာ့သမိုင်းတွင် ဥရောပတိုက်သားတို့ ပထမအဆင့်နယ်ချဲ့ခြင်း၏ အခြေခံအကြောင်းရင်း၊ ပေါ်တူဂီတို့ အာရှတွင် နယ်ချဲ့ခြင်း၊ စပိန်တို့ အမေရိကတွင် နယ်ချဲ့ခြင်းအကြောင်းကို အုပ်စုဖွဲ့ကာ ဆွေးနွေးခြင်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်တတ်လာမည်။
- ထို့ပြင် ကျောင်းသားအချင်းချင်းသော်လည်းကောင်း၊ ဆရာနှင့်သော်လည်းကောင်း မေးမြန်းဆွေးနွေးပြောဆိုခြင်းအားဖြင့် ဆက်သွယ်ပြောဆိုတတ်လာမည်။
- ကျောင်းသားများအနေဖြင့် ကမ္ဘာ့သမိုင်းတွင် ဥရောပတိုက်သားတို့ လက်နက်အသုံးပြုမှုနှင့် ရေကြောင်းသွားလာမှုနည်းပညာ တိုးတက်လာခြင်းသည် နယ်ချဲ့စနစ်ကို တွန်းအားပေးသည့်အချက်ဖြစ်ကြောင်း၊ နယ်ချဲ့ခြင်းနှင့် နိုင်ငံရေး၊ ကုန်သွယ်ရေး၊ ဘာသာရေးတို့သည် ဆက်နွယ်လျက်ရှိကြောင်းကို စဉ်းစားဆွေးနွေးခြင်းမှတစ်ဆင့် ရှင်းပြတတ်လာမည်။ သုံးသပ်တတ်လာမည်။

၂.၂.၁။ ဥရောပတိုက်သားတို့ ပထမအဆင့်နယ်ချဲ့ခြင်း၏ အခြေခံအကြောင်းရင်း

စာသင်ချိန် (၁)

သင်ခန်းစာရည်ရွယ်ချက်

- ပိုးလမ်းမကြီးကိုအသုံးပြုပြီး တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံများ ကုန်သွယ်ရေးလုပ်ဆောင်ခဲ့ပုံကို ဆွေးနွေးတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

သင်ကြားခဲ့ပြီးသော ဥရောပတွင် ပြောင်းလဲမှုများပေါ်ပေါက်လာခြင်း သင်ခန်းစာမှ မေးခွန်းများကို ဆရာက မေးမြန်းမည်။ ယခုစာသင်ချိန်တွင် ပိုးလမ်းမကြီးကို အသုံးပြုပြီး တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံများသို့ ကုန်သွယ်ရေးလုပ်ဆောင်ခဲ့ပုံကို သင်ယူမည်ဖြစ်ကြောင်းပြောပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

တရုတ်ပြည်တွင် မွန်ဂိုတို့ ကြီးစိုးစဉ်အခါက တရုတ်နိုင်ငံနှင့် အနှေဥရောပနိုင်ငံများသို့ ပိုးလမ်းမကိုအသုံးပြု၍ကုန်သွယ်မှုပြုလုပ်ကြောင်း၊ အနောက်နိုင်ငံသားမာကိုပိုလို၏ပြောကြားမှုကြောင့် တရုတ်ပြည်၏ထွက်ကုန်များဖြစ်သော ပိုးထည်များ၊ ကြွေထည်များ၊ လက်ဖက်ခြောက်နှင့် ရတနာပစ္စည်းများအကြောင်းကို ဥရောပတိုက်သားတို့ သိရှိလာကြောင်း၊ ထို့ကြောင့် ဥရောပတိုက်သားများသည် တရုတ်ပြည်နှင့် ကုန်သွယ်ရေးကို ပိုမိုလုပ်ဆောင်ကြောင်း ရှင်းပြမည်။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ ပြောပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်ပေါ် မူတည်၍ အုပ်စု ၂ စု ဖွဲ့ပေးပါ။ ထို့နောက် အုပ်စုအလိုက် ကျောင်းသားများအား (၁) ယနေ့ခေတ် ဥရောပတိုက်သားတို့ဘက်မှ တင်ပို့သောပစ္စည်းများ၊ (၂) ယနေ့ခေတ် တရုတ်တို့ဘက်မှ တင်ပို့သောပစ္စည်းများစသည့် အချက်အလက်များကို စဉ်းစားဆွေးနွေးစေမည်။ အုပ်စုအလိုက်ဆွေးနွေးချက်များမှ ရရှိသောအချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ယနေ့ခေတ် ဥရောပတိုက်မှ တင်ပို့သော ပစ္စည်းများနှင့် တရုတ်မှ တင်ပို့သော ပစ္စည်းများ နှိုင်းယှဉ်ပြဇယား

ဥရောပတိုက်မှ တင်ပို့သောပစ္စည်းများ	တရုတ်မှ တင်ပို့သောပစ္စည်းများ
♦ သိုးမွေး ♦ ကတ္တီပါ ♦ ---------- ♦ ---------- ♦ ----------	♦ ပိုးထည် ♦ ကြွေထည် ♦ လက်ဖက်ခြောက် ♦ ---------- ♦ ----------

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၅)မိနစ်

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံများသည် ( ) ကို အသုံးပြု၍ ကုန်သွယ်မှု ပြုလုပ်ခဲ့သည်။ (၂.၂.၁)

(ခ) ၁၃ ရာစုနှောင်းပိုင်းတွင် အနောက်နိုင်ငံသား ခရီးသွားပုဂ္ဂိုလ် ( )သည် တရုတ်ပြည်သို့ ရောက်ရှိခဲ့သည်။ (၂.၂.၁)

၂။ ဥရောပတိုက်သားတို့ ပိုးလမ်းမကြီးကိုအသုံးပြုပြီး ကုန်သွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပုံကို ဆွေးနွေးပါ။ (၂.၂.၁)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- မွန်ဂိုတို့က တရုတ်နိုင်ငံမှ အရှေ့ဥရောပနိုင်ငံများသို့ ပိုးလမ်းမကြီးကို အသုံးပြု၍ ကုန်သွယ်မှုပြုလုပ်ခဲ့သည်။
- အနောက်နိုင်ငံသား ခရီးသွား မာကိုပိုလိုသည် ၁၃ ရာစုနှောင်းပိုင်းတွင် တရုတ်ပြည်သို့ ရောက်ရှိခဲ့သည်။

၂.၂.၁။ ဥရောပတိုက်သားတို့ ပထမအဆင့်နယ်ချဲ့ခြင်း၏ အခြေခံအကြောင်းရင်း (သင်ခန်းစာအဆက်) စာသင်ချိန် (၂)

သင်ခန်းစာရည်ရွယ်ချက်

- ♦ ပိုးလမ်းမကြီးကို အသုံးပြုမှုနည်းပါးသွားခြင်းကြောင့် ပင်လယ်ရေကြောင်းလမ်းမှ အာရှသို့ ကုန်သွယ်နိုင်ရန် ကြိုးပမ်းလာပုံကို တင်ပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

ပိုးလမ်းမကြီးကို အသုံးပြုပြီး တရုတ်နိုင်ငံမှ အရှေ့ဥရောပနိုင်ငံများသို့ ကုန်သွယ်ရေးလုပ်ဆောင်ခဲ့ပုံကို ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း ပြောပြမည်။ ဆရာက ကျောင်းသားများအား မာကိုပိုလို၏ ပြောကြားမှုကြောင့် ဥရောပသားတို့ တရုတ်နိုင်ငံနှင့်ပတ်သက်သော မည်သည့်အရာများကို သိရှိခဲ့သနည်းဟု မေးပါ။ ယခုစာသင်ချိန်တွင် ပိုးလမ်းမကြီးကို အသုံးပြုမှုနည်းပါးသွားခြင်းကြောင့် ပင်လယ်

ရေကြောင်းလမ်းမှ အာရှသို့ကုန်သွယ်နိုင်ရန် ကြိုးပမ်းလာပုံကို လေ့လာသင်ယူမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

မွန်ဂိုတို့ အင်အားကျဆင်းသွားခြင်း၊ ခရီးသွားကုန်သည်များအတွက် အန္တရာယ်များလာခြင်း နှင့် ကပ်ရောဂါများကျရောက်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပိုးလမ်းမကြီးကို အသုံးပြုမှု နည်းသွားကြောင်း ရှင်းပြပါ။ ထို့ကြောင့် ပင်လယ်ရေကြောင်းလမ်းမှ ကုန်သွယ်နိုင်ရန် ကြိုးပမ်းလာကြောင်း ပိုးလမ်းမကြီး မြေပုံနှင့် ရုပ်ပုံကားချပ်တို့ကို အသုံးပြု၍ ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ကျား၊ မ အုပ်စုဖွဲ့ပေးပါ။ ထို့နောက် ပိုးလမ်းမကြီးကို အသုံးပြုမှုနည်းပါးသွားခြင်းကြောင့် ပင်လယ်ရေကြောင်းလမ်းမှ အာရှသို့ ကုန်သွယ်နိုင်ရန် ကြိုးပမ်းလာပုံကို အုပ်စုအလိုက် ကျောင်းသားများအား စဉ်းစားဆွေးနွေးစေမည်။ အုပ်စုအလိုက် ဆွေးနွေးချက်များမှ ရရှိသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ၁၄ ရာစု အလယ်ပိုင်းတွင် ( )တို့ အင်အားကျဆင်းသွားခြင်းကြောင့် ပိုးလမ်းမကြီးမှာ ကုန်သည်များအတွက် အန္တရာယ်များလာသည်။ (၂၊ ၂၊ ၁)

(ခ) ဥရောပနှင့် အာရှကုန်းတွင်းပိုင်းတွင်လည်း ( )များ ကျရောက်သဖြင့် ပိုးလမ်းမကြီးကို အသုံးပြုမှု နည်းပါးသွားသည်။ (၂၊ ၂၊ ၁)

၂။ ပိုးလမ်းမကြီးအသုံးပြုမှု နည်းသွားရခြင်း အကြောင်းရင်းများကို ဖော်ပြပါ။ (၂၊ ၂၊ ၁)

ထို့နောက် အောက်ပါအဓိကအချက်ကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်

- အာရှတိုက်မှ ကုန်စည်များ ဥရောပသို့ မရောက်နိုင်တော့သဖြင့် ပင်လယ်ရေကြောင်းလမ်းမှ ကုန်သွယ်နိုင်ရန် ကြိုးပမ်းလာကြသည်။

DBE Box

၂.၂.၁။ ဥရောပတိုက်သားတို့ ပထမအဆင့်နယ်ချဲ့ခြင်း၏ အခြေခံအကြောင်းရင်း (သင်ခန်းစာအဆက်) စာသင်ချိန် (၃)

သင်ခန်းစာရည်ရွယ်ချက်

- ပင်လယ်ရေကြောင်းသွားလာရေးဆိုင်ရာနည်းပညာများ တိုးတက်လာပုံကို ဆန်းစစ်တတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ပိုးလမ်းမကြီးကို အသုံးပြုမှုနည်းပါးသွားခြင်းကြောင့် ပင်လယ်ရေကြောင်းလမ်းမှ အာရှသို့ ကုန်သွယ်နိုင်ရန် ကြိုးပမ်းလာပုံကို သင်ကြားခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ကျောင်းသားများအား ပိုးလမ်းမကြီး အသုံးပြုမှုနည်းပါးရခြင်းအကြောင်းရင်းကို မေးမြန်းမည်။ ယခုစာသင်ချိန်တွင် ဥရောပတိုက်သားများသည် ပင်လယ်ရေကြောင်းသွားလာရေးဆိုင်ရာနည်းပညာများ တိုးတက်လာပုံကို သင်ယူမည်ဖြစ်ကြောင်းပြောပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

သံလိုက်အိမ်မြှောင်ကို တရုတ်နိုင်ငံမှ ဦးစွာတီထွင်ခဲ့ကြောင်း၊ ၁၄ ရာစု နောက်ပိုင်းကာလများတွင် ဥရောပတိုက်သားတို့ အမြောက်ကို တွင်ကျယ်စွာ အသုံးပြုခဲ့ကြောင်း၊ ၁၆ ရာစု အစောပိုင်းတွင် ပြောင်းရှည်သေနတ်များ အသုံးပြုနေပြီဖြစ်ကြောင်း ရှင်းပြပါ။ ဆက်လက်၍ ကျောင်းသုံးစာအုပ်ကို ရည်ညွှန်း၍လည်းကောင်း၊ ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍လည်းကောင်း ပြောပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်ပေါ်မူတည်၍ ကျား၊ မ အုပ်စုဖွဲ့ပေးပါ။ ထို့နောက် အောက်တွင်ပေးထားသော ပင်လယ်ရေကြောင်းသွားလာရာမှ ဥရောပတိုက်သားတို့ နည်းပညာများ တိုးတက်လာပုံကို ဇယားကွက်တွင်ဖြည့်ရန် အုပ်စုအလိုက် ကျောင်းသားများအား စဉ်းစားဆွေးနွေးစေမည်။ ဆွေးနွေးချက်များမှ ရရှိသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပင်လယ်ရေကြောင်းသွားလာရာမှ ဥရောပတိုက်သားတို့၏ နည်းပညာများ တိုးတက်လာပုံပြဇယား

အချိန်ကာလ	တိုးတက်လာသည့်နည်းပညာများ
၁၂ ရာစု	သံလိုက်အိမ်မြှောင်
၁၄ ရာစု	အမြောက်
၁၆ ရာစု	ပြောင်းရှည်သေနတ်

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ပင်လယ်ရေကြောင်းသွားလာရာတွင် အသုံးပြုနိုင်သော ( )ကို တရုတ်နိုင်ငံက ဦးစွာတီထွင်ခဲ့သည်။ (၂ မှတ်)

(ခ) ၁၆ ရာစုအစောပိုင်းတွင် နယ်မြေစူးစမ်းရှာဖွေသွားလာရာမှ ( ) တည်ဆောက်သည့် အတတ်ပညာ တိုးတက်လာသည်။ (၂ မှတ်)

၂။ အောက်ပါတို့ကို မှန်လျှင် (မှန်)၊ မှားလျှင် (မှား) ဟုရေးပါ။

(က) ၁၂ ရာစု အလယ်ပိုင်းတွင် အာရှတိုက်သားများက သံလိုက်အိမ်မြှောင်ကို သုံးစွဲတတ်လာခဲ့သည်။ ( ) (၂ မှတ်)

(ခ) ၁၆ ရာစု အစောပိုင်းတွင် ဥရောပတိုက်သားတို့သည် ပြောင်းရှည်သေနတ်များကို အသုံးပြုနေပြီဖြစ်သည်။ ( ) (၂ မှတ်)

၃။ မှား၊ မှန် ရောထွေးအမှန်ရွေးပါ။

(က) ၁၄ ရာစု နှောင်းပိုင်းကာလများတွင် ဥရောပတိုက်သားတို့သည်( )ကို တွင်ကျယ်စွာအသုံးပြုနိုင်ခဲ့ကြသည်။ ( ) (၂ မှတ်)

(၁) မား (၂) ပြောင်းရှည်သေနတ် (၃) အမြောက်

၄။ ဥရောပတိုက်သားများသည် နယ်မြေသစ်များ စူးစမ်းရှာဖွေသွားလာရာမှ မည်သည့်အတတ်ပညာ တိုးတက်လာသနည်း။ (၂ မှတ်)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအားလုံးတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ၁၂ ရာစု အလယ်ပိုင်းတွင် ဥရောပတိုက်သားများက သံလိုက်အိမ်မြှောင်ကို သုံးစွဲတတ်လာခဲ့သည်။
- ၁၄ ရာစုနှောင်းပိုင်းကာလများတွင် ဥရောပတိုက်သားတို့သည် အမြောက်ကို တွင်ကျယ်စွာအသုံးပြုနိုင်ခဲ့ကြပြီး ၁၆ ရာစုအစောပိုင်းတွင် ပြောင်းရှည်သေနတ်များ အသုံးပြုနေပြီဖြစ်သည်။

DBE BOX

၂.၂.၁။ ဥရောပတိုက်သားတို့ ပထမအဆင့်နယ်ချဲ့ခြင်း၏ အခြေခံအကြောင်းရင်း (သင်ခန်းစာအဆက်) **စာသင်ချိန် (၄)**

သင်ခန်းစာရည်ရွယ်ချက်

- ဥရောပတိုက်သားများသည် နယ်ပယ်သစ်ရှာဖွေခြင်းနှင့် နယ်ချဲ့ခြင်းတို့တွင် အင်အားကြီးမားလာကြောင်းကို သုံးသပ်တတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက သင်ကြားခဲ့ပြီးသော သင်ခန်းစာမှ (၁) သံလိုက်အိမ်မြောင်ကို မည်သည့်နိုင်ငံမှ စတင်တီထွင်ခဲ့သနည်း။ (၂) ဥရောပတိုက်သား များသည် ရေကြောင်းဖြင့် ကုန်သွယ်ရာမှနည်းပညာများ တိုးတက်လာပုံကို ပြောပြပါ စသည့် မေးခွန်းများ မေးခြင်းဖြင့် သင်ခန်းစာကို စတင်မည်။ ယခုစာသင်ချိန်တွင် ဥရောပတိုက်သားများသည် နယ်ပယ်သစ်ရှာဖွေခြင်းနှင့် နယ်ချဲ့ရာတွင် အင်အားကြီးမားလာကြောင်းကို သင်ယူရမည်ဖြစ်ကြောင်း ပြောပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

အာရပ်သဘော်သားတို့ထံမှ သဘော်တည်နေရာကို ရှာဖွေနိုင်သော နည်းပညာကို ဥရောပသားတို့ရရှိခဲ့ကြောင်း၊ ရာသီအလိုက် တိုက်ခတ်သောလေကြောင်းနှင့် သမုဒ္ဒရာရေစီးကြောင်းတို့၏ သဘောသဘာဝကို ဥရောပတိုက်သားတို့ ကောင်းစွာနားလည်လာကြကြောင်း ရှင်းပြပါ။ ထို့ပြင် ဥရောပတိုက်သားများသည် နည်းပညာများ တိုးတက်လာခြင်းကြောင့် ကုန်သွယ်ရေး၊ နယ်ပယ်သစ်ရှာဖွေခြင်းနှင့် နယ်ချဲ့ရာတွင် အင်အားကြီးမားလာကြောင်းကို ကျောင်းသုံးစာအုပ်အား ရည်ညွှန်းကာ ရုပ်ပုံကားချပ်နှင့် မြေပုံတို့ကို အသုံးပြု၍ ရှင်းလင်းပြောပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားများအား အုပ်စု ၂ စုဖွဲ့စေမည်။ ထို့နောက် နည်းပညာများ တိုးတက်လာခြင်းကြောင့် လူမှုအဖွဲ့အစည်းအပေါ် အကျိုးသက်ရောက်မှုကို အုပ်စုအလိုက် ကျောင်းသားများအား စဉ်းစားဆွေးနွေးစေမည်။ အုပ်စုအလိုက် ဆွေးနွေးချက်များမှ ရရှိသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၅)မိနစ်

၁။ အောက်ပါတို့ကို မှန်လျှင် (မှန်)၊ မှားလျှင် (မှား) ဟုရေးပါ။

(က) သဘော်တည်နေရာကို ရှာဖွေနိုင်သော နည်းပညာကို အာရှတိုက်သားတို့ ရရှိခဲ့သည်။ ( ) (၂.၂.၁)

(ခ) တိုးတက်လာသောနည်းပညာများကို အသုံးပြုလာနိုင်၍ အင်အားကြီးမားလာသော ဥရောပတိုက်သားတို့သည် အာရှတိုက်သို့ နယ်ချဲ့လာကြသည်။ ( ) (၂.၂.၁)

၂။ ဥရောပတိုက်သားများသည် နည်းပညာများတိုးတက်လာခြင်းကြောင့် နယ်ပယ်သစ်ရှာဖွေခြင်းနှင့် နယ်ချဲ့ခြင်းတို့တွင် အင်အားကြီးမားလာကြောင်းကို သုံးသပ်ပြပါ။ (၂.၂.၁)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဥရောပတိုက်သားတို့သည် ရာသီအလိုက် တိုက်ခတ်သော လေကြောင်းနှင့် သမုဒ္ဒရာရေစီးကြောင်းတို့၏ သဘောသဘာဝကို ကောင်းစွာနားလည်လာကြပြီဖြစ်သည်။
- သဘော်တည်ဆောက်ခြင်းပညာ၊ ရေကြောင်းသွားလာရေးနည်းပညာများနှင့် သေနတ်၊ အမြောက်တို့ကို ကောင်းစွာပြုလုပ်သုံးစွဲနိုင်ခြင်းကြောင့် ဥရောပတိုက်သားများသည် နယ်ပယ်သစ်ရှာဖွေခြင်းနှင့် နယ်ချဲ့ရာတွင် အင်အားကြီးမားလာသည်။

၂.၂.၁။ ဥရောပတိုက်သားတို့ ပထမအဆင့်နယ်ချဲ့ခြင်း၏ အခြေခံအကြောင်းရင်း (သင်ခန်းစာအဆက်) စာသင်ချိန် (၅)

သင်ခန်းစာရည်ရွယ်ချက်

- ဥရောပနိုင်ငံသားများ ပင်လယ်ရပ်ခြားသို့ အပြိုင်အဆိုင် စွန့်စားသွားလာခြင်းနှင့် နယ်မြေချဲ့ထွင်ခြင်း လုပ်ဆောင်သော နိုင်ငံများကို ဖော်ပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

သင်ခန်းစာမိတ်ဆက်တွင် သင်ကြားခဲ့ပြီးသော သင်ခန်းစာမှ နည်းပညာများ၏ အကျိုးသက်ရောက်မှုများကို ပြောပြစေမည်။ ယခုစာသင်ချိန်တွင် ဥရောပနိုင်ငံသားများ ပင်လယ်ရပ်ခြားသို့ အပြိုင်အဆိုင် စွန့်စားသွားလာခြင်းနှင့် နယ်မြေချဲ့ထွင်ခြင်း လုပ်ဆောင်သော နိုင်ငံများကို သင်ယူမည်ဖြစ်ကြောင်း ပြောပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဥရောပနိုင်ငံများအနက် ပေါ်တူဂီနိုင်ငံသည် နယ်မြေသစ်ရှာဖွေခြင်းနှင့် နယ်ချဲ့ခြင်းကို ဦးစွာလုပ်ဆောင်ခဲ့သော နိုင်ငံဖြစ်ကြောင်း၊ ပေါ်တူဂီတို့၏ အောင်မြင်မှုကိုအားကျသော စပိန်၊ ဒတ်ချ်၊ ပြင်သစ်နှင့် အင်္ဂလိပ်တို့သည်လည်း ပင်လယ်ရပ်ခြား စွန့်စားသွားလာခြင်းနှင့် နယ်မြေချဲ့ထွင်ခြင်းကို လုပ်ဆောင်လာကြကြောင်း မြေပုံ၊ ရုပ်ပုံကားချပ်များကို အသုံးပြုပြီး ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာကအတန်းရှိ ကျောင်းသားအရေအတွက်ပေါ် မူတည်၍ အုပ်စုဖွဲ့ပေးပါ။ ထို့နောက် အုပ်စုအလိုက် ကျောင်းသားများအား ဥရောပနိုင်ငံသားများ အပြိုင်အဆိုင် ပင်လယ်ရပ်ခြား စွန့်စားသွားလာခြင်းနှင့် နယ်မြေချဲ့ထွင်ခြင်း လုပ်ဆောင်ကြပုံကို မြေပုံတွင် ထောက်ပြစေမည်။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ မှား၊ မှန် ရောထွေးအမှန်ရွေးပါ။

(က) ဥရောပနိုင်ငံများအနက် နယ်မြေသစ်ရှာဖွေခြင်း၊ နယ်ချဲ့ခြင်းကို ဦးစွာလုပ်ဆောင်သောနိုင်ငံမှာ ( ) ဖြစ်သည်။ ( ) (၂၊ ၂၊ ၁)

(၁) စပိန် (၂) ပေါ်တူဂီ (၃) ပြင်သစ်

၂။ ဥရောပနိုင်ငံသားများ အပြိုင်အဆိုင် ပင်လယ်ရပ်ခြား စွန့်စားသွားလာခြင်းနှင့် နယ်မြေချဲ့ထွင်ခြင်းကို လုပ်ဆောင်လာသော နိုင်ငံများကို ဖော်ပြပါ။ (၂၊ ၂၊ ၁)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဥရောပနိုင်ငံများအနက် နယ်မြေသစ်ရှာဖွေခြင်းနှင့် နယ်ချဲ့ခြင်းကို ဦးစွာလုပ်ဆောင်သော နိုင်ငံမှာ ပေါ်တူဂီနိုင်ငံ ဖြစ်သည်။
- ပေါ်တူဂီတို့၏ အောင်မြင်မှုများကို တွေ့မြင်လာသော စပိန်၊ ဒတ်ချ်၊ ပြင်သစ်နှင့် အင်္ဂလိပ်တို့သည်လည်း ပင်လယ်ရပ်ခြား စွန့်စားသွားလာခြင်းနှင့် နယ်မြေချဲ့ထွင်ခြင်းကို လုပ်ဆောင်လာကြသည်။

DBE BOX

၂.၂.၂။ ပေါ်တူဂီတို့အာရှတိုက်တွင်နယ်ချဲ့ခြင်း **စာသင်ချိန် (၆)**

သင်ခန်းစာရည်ရွယ်ချက်

- ပေါ်တူဂီတို့သည် ရေကြောင်းသွားလာမှုမှ စီးပွားရေး၊ ဘာသာရေးနှင့် ဩဇာအာဏာ ဖြန့်ကြက်နိုင်ရန် လုပ်ဆောင်ခဲ့ပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

သင်ခန်းစာမိတ်ဆက်တွင် သင်ကြားခဲ့ပြီးသောသင်ခန်းစာမှ ဥရောပနိုင်ငံသားများသည် အာဘယ်ကြောင့် ပင်လယ်ရပ်ခြားသို့ အပြိုင်အဆိုင် စွန့်စားသွားလာကြသနည်းဟု မေးပါ။ ယခုစာသင်ချိန်တွင် ပေါ်တူဂီတို့သည် ရေကြောင်းသွားလာမှုမှ စီးပွားရေး၊ ဘာသာရေးနှင့် ဩဇာအာဏာ ဖြန့်ကြက်နိုင်ရန် လုပ်ဆောင်ခဲ့ပုံကို သင်ယူမည်ဖြစ်ကြောင်း ပြောပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ပေါ်တူဂီနိုင်ငံသည် စိုက်ပျိုးရန်နယ်မြေ ကျဉ်းမြောင်းကြောင်း၊ သို့သော်လည်း ပေါ်တူဂီတို့သည် ပင်လယ်ရေကြောင်းသွားလာမှုတွင် ကျွမ်းကျင်ကြောင်း၊ ရှာဖွေတွေ့ရှိသော ကနေရီကျွန်းစုတွင် ကြံစိုက်ပျိုးပြီး ဥရောပသို့ သကြားတင်ပို့ရောင်းချခဲ့ကြောင်း၊ ဟင်နရီ၏ ရည်ရွယ်ချက်မှာ ခရစ်ယာန်ဘာသာပြန့်ပွားစေရန်နှင့် ပေါ်တူဂီတို့၏ အာဏာကို ဖြန့်ကြက်ရန်ဖြစ်ကြောင်း ကမ္ဘာ့မြေပုံကို အသုံးပြုပြီး ရှင်းပြပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ ရှင်းလင်းပြောပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုဖွဲ့ပေးပါ။ ထို့နောက် ပေါ်တူဂီတို့သည် ရေကြောင်းသွားလာမှုမှ စီးပွားရေး၊ ဘာသာရေးနှင့် ဩဇာအာဏာ ဖြန့်ကြက်နိုင်ရန် လုပ်ဆောင်ခဲ့ပုံကို အုပ်စုအလိုက် ကျောင်းသားများအား စဉ်းစားဆွေးနွေးပါစေ။ အုပ်စုအလိုက် ဆွေးနွေးချက်များမှ ရရှိသောအချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) စိုက်ပျိုးရေးမထွန်းကားသော်လည်း ပေါ်တူဂီတို့သည် ( )သွားလာရေးတွင် ကျွမ်းကျင်သည်။ (၂.၂.၂)

(ခ) ဟင်နရီ၏ ရည်ရွယ်ချက်မှာ ခရစ်ယာန်ဘာသာ ပြန့်ပွားစေရန်နှင့် ( ) တို့၏ အာဏာကို ဖြန့်ကြက်ရန်ဖြစ်သည်။ (၂. ၂. ၂)

၂။ အောက်ပါတို့ကို မှန်လျှင် (မှန်)၊ မှားလျှင် (မှား) ဟုရေးပါ။

(က) ကနေရီကျွန်းစုတွင် စပါးစိုက်ပျိုးပြီး ဥရောပသို့ တင်ပို့ရောင်းချသည်။ ( ) (၂. ၂. ၂)

(ခ) ပေါ်တူဂီမင်းသား ဟင်နရီက ရေကြောင်းသွားလာမှုကို အထူးအားပေးသည်။ ( ) (၂. ၂. ၂)

၃။ ပေါ်တူဂီမင်းသား ဟင်နရီက ရေကြောင်းသွားလာမှုကို အဘယ်ကြောင့် အထူးအားပေးခဲ့သနည်း။ (၂. ၂. ၂)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ပေါ်တူဂီတို့သည် ရေကြောင်းသွားလာမှုတွင် ကျွမ်းကျင်သည်။
- ဟင်နရီ၏ ရည်ရွယ်ချက်မှာ ခရစ်ယာန် ဘာသာပြန့်ပွားစေရန်နှင့် ပေါ်တူဂီတို့၏ အာဏာကို ဖြန့်ကြက်ရန် ဖြစ်သည်။

၂.၂.၂။ ပေါ်တူဂီတို့အာရှတိုက်တွင်နယ်ချဲ့ခြင်း (သင်ခန်းစာအဆက်)

သင်ခန်းစာရည်ရွယ်ချက် **စာသင်ချိန် (၇)**

- ၁၅ ရာစုအစောပိုင်းတွင် ပေါ်တူဂီတို့ မြေထဲပင်လယ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာရှိ ကျွန်းများအား ကိုလိုနီချဲ့ထွင်ခဲ့ပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

သင်ကြားခဲ့ပြီးသော သင်ခန်းစာပါ အကြောင်းအရာများကို ဆရာက လိုရင်းတိုရှင်း မေးခွန်းများ မေးမြန်းပါ။ ယခုစာသင်ချိန်တွင် ၁၅ ရာစုအစောပိုင်း၌ ပေါ်တူဂီတို့ မြေထဲပင်လယ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာရှိ ကျွန်းများအား ကိုလိုနီချဲ့ထွင်ခဲ့ပုံကို သင်ယူရမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ပေါ်တူဂီတို့သည် ၁၄၁၅ ခုနှစ်တွင် မြေထဲပင်လယ်၏ အချက်အချာကျသောနေရာများကို ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများကို သိမ်းယူ၍ ကိုလိုနီအဖြစ် ချဲ့ထွင်ခဲ့ကြောင်း ကမ္ဘာ့မြေပုံကို အသုံးပြုပြီး ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျား၊ မ ကျောင်းသားအရေအတွက်အပေါ် မူတည်၍ လူမှုရေးရှုထောင့်အရ မျှတအောင် အုပ်စုဖွဲ့ပေးပါ။ ထို့နောက် အုပ်စုအလိုက် ကမ္ဘာ့မြေပုံ၊ ပေါ်တူဂီတို့ အာရှတိုက်တွင် နယ်ချဲ့ခြင်းလမ်းကြောင်းပြမြေပုံကိုကြည့်စေပြီး မြေထဲပင်လယ်၏ အချက်အချာကျသော နေရာ၊ အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများ၏ အနေအထားကို မြေပုံတွင် ထောက်ပြပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ အောက်ပါမေးခွန်းကိုမေး၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ပေါ်တူဂီတို့သည် မြေထဲပင်လယ်၏ အချက်အချာကျသောနေရာနှင့် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများကို ကိုလိုနီအဖြစ် ချဲ့ထွင်ခဲ့ပုံကို ပြောပြပါ။ (၂.၂.၂)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ၁၄၁၅ ခုနှစ်တွင် မြေထဲပင်လယ်၏ အချက်အချာကျသော ဂျီဘရော်တာရေလက်ကြား (The Strait of Gibraltar) ကို ထိန်းချုပ်နိုင်ခဲ့သည်။
- ပေါ်တူဂီတို့သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများကို သိမ်းယူ၍ ကိုလိုနီနယ်ချဲ့ထွင်ခဲ့သည်။

၂.၂.၂။ ပေါ်တူဂီတို့အာရှတိုက်တွင်နယ်ချဲ့ခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၈)

သင်ခန်းစာရည်ရွယ်ချက်

♦ ပေါ်တူဂီတို့သည် အိန္ဒိယသမုဒ္ဒရာအတွင်းသို့ ဝင်ရောက်နိုင်ခဲ့ပြီး အိန္ဒိယဒေသထွက်ကုန်များကို သယ်ယူရောင်းဝယ်ခဲ့ကြောင်းကို ဆွေးနွေးတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

သင်ကြားခဲ့ပြီးသော သင်ခန်းစာပါ ပေါ်တူဂီတို့ မြေထဲပင်လယ် အချက်အချာကျသောနေရာနှင့် ကျွန်းများအား ကိုလိုနီချဲ့ထွင်ခဲ့ပုံကို ဆရာက လိုရင်းတိုရှင်း မေးခွန်းများ မေးမြန်းပါ။ ယခု စာသင်ချိန်တွင် ပေါ်တူဂီတို့သည် အိန္ဒိယသမုဒ္ဒရာအတွင်းသို့ ဝင်ရောက်နိုင်ခဲ့ပြီး အိန္ဒိယ ဒေသထွက်ကုန်များကို သယ်ယူရောင်းဝယ်ခဲ့ကြောင်းကို သင်ယူမည်ဖြစ်ကြောင်း ပြောပါ။

DBE BOX

သင်ကြားခြင်း **(၁၅)မိနစ်**

ပေါ်တူဂီတို့သည် ၁၄၈၈ ခုနှစ်တွင် အာဖရိကတောင်ပိုင်း ဂွတ်ဟုတ်အင်္ဂူကို ပတ်၍ အိန္ဒိယသမုဒ္ဒရာအတွင်းသို့ ဝင်ရောက်နိုင်ခဲ့ကြောင်း၊ ၁၄၉၈ ခုနှစ်တွင် ဗာစကိုဒဂါးမားသည် အိန္ဒိယနိုင်ငံ ကာလီကတ်မြို့သို့ ရောက်ရှိပြီး ဒေသထွက်ကုန်များဖြစ်သော ငရုတ်ကောင်းနှင့် ဟင်းခတ်အမွှေးအကြိုင် အမြောက်အများကို သယ်ယူခဲ့ကြောင်း ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုဖွဲ့ပေးပါ။ ထို့နောက် ပေါ်တူဂီတို့သည် အိန္ဒိယသမုဒ္ဒရာအတွင်းသို့ ဝင်ရောက်နိုင်ခဲ့ပြီး အိန္ဒိယရှိ မည်သည့်ဒေသထွက်ကုန်များကို နှစ်သက်ကြောင်းကို အုပ်စုအလိုက် ကျောင်းသားများအား စဉ်းစားဆွေးနွေးပါစေ။ ဆွေးနွေးချက်များမှရရှိသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ အောက်ပါမေးခွန်းကိုမေး၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ပေါ်တူဂီတို့သည် အိန္ဒိယဒေသထွက်ကုန်များကို မည်သို့သယ်ယူရောင်းဝယ်ခဲ့ကြသနည်း။ (၂.၂.၂)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ပေါ်တူဂီတို့သည် ၁၄၈၈ ခုနှစ်တွင် အာဖရိကတိုက်တောင်ပိုင်း ဂွတ်ဟုတ် (Good Hope) အင်္ဂူကိုပတ်၍ အိန္ဒိယသမုဒ္ဒရာအတွင်းသို့ ဝင်ရောက်နိုင်ခဲ့သည်။
- ၁၄၉၈ ခုနှစ်တွင် ဗာစကိုဒဂါးမားသည် အိန္ဒိယနိုင်ငံ ကာလီကတ် (Calicut) မြို့ကို ရောက်ရှိခဲ့သည်။
- အိန္ဒိယနိုင်ငံမှ ထွက်ရှိသော ငရုတ်ကောင်းနှင့် ဟင်းခတ်အမွှေးအကြိုင် အမြောက်အများကို သယ်ယူခဲ့သည်။

DBE BOX

၂.၂.၂။ ပေါ်တူဂီတို့အာရှတိုက်တွင်နယ်ချဲ့ခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၉)

သင်ခန်းစာရည်ရွယ်ချက်

- ဗာစကိုဒဂါးမားသည် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် ကုန်သွယ်ရေးအခြေစိုက်စခန်း ဖွင့်လှစ်ပြီး ကူးသန်းရောင်းဝယ်ရေး တွင်ကျယ်စွာ ပြုလုပ်ပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

သင်ကြားခဲ့ပြီးသော သင်ခန်းစာပါ ပေါ်တူဂီတို့ အိန္ဒိယဒေသထွက်ကုန်များ သယ်ယူရောင်းဝယ်ခဲ့ပုံကို ဆရာက လိုရင်းတိုရှင်း မေးခွန်းများ မေးမြန်းပါ။ ယခုစာသင်ချိန်၌ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် ဗာစကိုဒဂါးမားသည် ကုန်သွယ်ရေးအခြေစိုက်စခန်း ဖွင့်လှစ်ပြီး ကူးသန်းရောင်းဝယ်ရေး တွင်ကျယ်စွာ ပြုလုပ်ပုံကို သင်ယူမည်ဖြစ်ကြောင်း ပြောပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဗာစကိုဒဂါးမားသည် လက်နက်တပ်ဆင်ထားသော သင်္ဘော ၂၁ စီးဖြင့် အိန္ဒိယသို့ ထပ်မံရောက်ရှိခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံ မလဘာကမ်းခြေ ဂိုအာမြို့တွင် ခံတပ် အခိုင်အမာပြုလုပ်၍ ကုန်သွယ်ရေးအခြေစိုက်စခန်း ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၅၁၇ ခုနှစ်တွင် တရုတ်ပြည်တောင်ပိုင်း ကန်တုံမြို့အနီး မကာအိုတွင် ကုန်တိုက်ဖွင့်၍ တရုတ်ပြည်နှင့် ကူးသန်းရောင်းဝယ်မှုများ ပြုလုပ်ခဲ့ကြောင်း ကျောင်းသုံးစာအုပ်ကို ရည်ညွှန်း၍လည်းကောင်း၊ ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍လည်းကောင်း ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက အတန်းရှိ ကျောင်းသားအရေအတွက်ပေါ်မူတည်၍ ကျား၊ မ အုပ်စုဖွဲ့ပေးပါ။ ထို့နောက် ဗာစကိုဒဂါးမား၏ ကူးသန်းရောင်းဝယ်မှုပြုလုပ်ပုံကို အုပ်စုအလိုက် ကျောင်းသားများအားစဉ်းစားဆွေးနွေးစေမည်။ အုပ်စုအလိုက် ဆွေးနွေးချက်များမှရရှိသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ဗာစကိုဒဂါးမားသည် အိန္ဒိယနိုင်ငံ မလဘာကမ်းခြေ ( )မြို့တွင် ခံတပ်အခိုင်အမာပြုလုပ်၍ ကုန်သွယ်ရေးအခြေစိုက်စခန်း ဖွင့်ခဲ့သည်။ (၂၀၂၀)

DBE BOX

(ခ) ၁၅၀၉ ခုနှစ်တွင် ပေါ်တူဂီတို့သည် သီဟိုဠ်ကျွန်းနှင့် မလေးကျွန်းဆွယ်ရှိ ( )မြို့ကို သိမ်းယူခဲ့သည်။ (၂. ၂. ၂)

(ဂ) ၁၅၁၇ ခုနှစ်တွင် ပေါ်တူဂီတို့သည် မကာအိုတွင် ကုန်တိုက်ဖွင့်၍ ( )နှင့် ကူးသန်းရောင်းဝယ်မှုများ ပြုလုပ်ခဲ့သည်။ (၂. ၂. ၂)

၂။ ဗာစကိုဒဂါးမားသည် တရုတ်နိုင်ငံရှိ မည်သည့်ဒေသတွင် ကုန်တိုက်ဖွင့်လှစ်ခဲ့သနည်း။ (၂. ၂. ၂)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအားဂင်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဗာစကိုဒဂါးမားသည် အိန္ဒိယနိုင်ငံ မလဘာကမ်းခြေရှိ ဂိုအာမြို့တွင် ခံတပ် အခိုင်အမာပြုလုပ်၍ ကုန်သွယ်ရေး အခြေစိုက်စခန်း ဖွင့်လှစ်ခဲ့သည်။
- ၁၅၀၉ ခုနှစ်တွင် ပေါ်တူဂီတို့သည် သီဟိုဠ်ကျွန်းနှင့် မလေးကျွန်းဆွယ်ရှိ မလက္ကာမြို့ကို သိမ်းယူခဲ့သည်။
- ၁၅၁၇ ခုနှစ်တွင် ပေါ်တူဂီတို့သည် မကာအိုတွင် ကုန်တိုက်ဖွင့်၍ တရုတ်ပြည်နှင့် ကူးသန်းရောင်းဝယ်မှုများ ပြုလုပ်ခဲ့သည်။

၂.၂.၂။ ပေါ်တူဂီတို့အာရှတိုက်တွင်နယ်ချဲ့ခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၁၀)

သင်ခန်းစာရည်ရွယ်ချက်

- ပေါ်တူဂီတို့ ၁၆ ရာစုနှောင်းပိုင်းတွင် အင်အားကျဆင်းလာပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက ဗာစကိုဒဂါးမားသည် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် ကုန်သွယ်ရေးအခြေစိုက်စခန်းဖွင့်လှစ်ပြီး ကူးသန်းရောင်းဝယ်ရေးပြုလုပ်ပုံကို သင်ယူခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ထို့နောက် ဆရာကပြီးခဲ့သည့်သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်ပြောပြပါစေ။ ယခုစာသင်ချိန်တွင် ပေါ်တူဂီတို့သည် အကြောင်းအမျိုးမျိုးကြောင့် ၁၆ ရာစုနှောင်းပိုင်းတွင် အင်အားကျဆင်းလာပုံကို လေ့လာသင်ယူမည်ဖြစ်ကြောင်းပြောပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ပေါ်တူဂီနိုင်ငံသည် ၁၅ ရာစုတွင် လူဦးရေနည်းပါးခြင်း၊ ကုန်သွယ်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု လျော့ကျလာခြင်း၊ ကုန်သွယ်ရေကြောင်းတွင် ဒတ်ချ်နှင့် အင်္ဂလိပ်တို့ကို မယှဉ်ပြိုင်နိုင်ခြင်းကြောင့် ၁၆ ရာစုနှောင်းပိုင်းတွင် အိန္ဒိယသမုဒ္ဒရာကို စိုးမိုးထားနိုင်ခြင်းမရှိကြောင်း ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ကျောင်းသားများအား အုပ်စုအလိုက် ဖွဲ့စေ၍ ပေါ်တူဂီတို့ ၁၆ ရာစုနှောင်းပိုင်းတွင် မည်သည့် အကြောင်းကြောင့် အိန္ဒိယသမုဒ္ဒရာကို စိုးမိုးနိုင်ခြင်းမရှိကြောင်း စဉ်းစားဆွေးနွေးပါစေ။ အုပ်စုအလိုက် ဆွေးနွေးချက်များမှရရှိသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည် တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ အောက်ပါမေးခွန်းကိုမေး၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ၁၆ ရာစုနှောင်းပိုင်း ပေါ်တူဂီတို့ အင်အားကျဆင်းလာသည့်အကြောင်း ဆွေးနွေးပါ။ (၂.၂.၂)

ထို့နောက် အောက်ပါအဓိကအချက်ကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်

- ပေါ်တူဂီနိုင်ငံသည် ၁၅ ရာစုတွင် လူဦးရေနည်းပါးခြင်း၊ ကုန်သွယ်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုလျော့ကျလာခြင်း၊ ကုန်သွယ်ရေကြောင်းတွင် ဒတ်ချ်နှင့် အင်္ဂလိပ်တို့ကို မယှဉ်ပြိုင်နိုင်ခြင်းတို့ကြောင့် ၁၆ ရာစုနှောင်းပိုင်းတွင် အိန္ဒိယသမုဒ္ဒရာကို စိုးမိုးနိုင်ခြင်းမရှိတော့ပေ။

၂.၂.၃။ စပိန်တို့အမေရိကတိုက်တွင်နယ်ချဲ့ခြင်း **စာသင်ချိန် (၁၁)**

သင်ခန်းစာရည်ရွယ်ချက်

♦ ခရစ္စတိုဖာကိုလံဘတ်စ်သည် စပိန်ဘုရင်၏ အကူအညီဖြင့် နယ်မြေသစ်ရှာဖွေခဲ့ပုံကို တင်ပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက ကျောင်းသားများအား ဥရောပနိုင်ငံများအနက် နယ်မြေသစ်ရှာဖွေခြင်းနှင့် နယ်ချဲ့ခြင်းကို ဦးစွာလုပ်ဆောင်သော နိုင်ငံကို မေးမြန်းပါ။ ယခုစာသင်ချိန်တွင် ခရစ္စတိုဖာကိုလံဘတ်စ်သည် စပိန်ဘုရင်၏ အကူအညီဖြင့် နယ်မြေသစ်ရှာဖွေခဲ့ပုံကို သင်ယူမည်ဖြစ်ကြောင်း ပြောပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ခရစ္စတိုဖာ ကိုလံဘတ်စ်သည် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သွားပြီးလျှင် အာရှတိုက်သို့ရောက်နိုင်မည်ဟု ယုံကြည်ခဲ့ကြောင်း၊ စပိန်ဘုရင်၏ အကူအညီ အထောက်အပံ့ဖြင့် စပိန်နိုင်ငံမှ သင်္ဘော ၃ စင်းဖြင့် နယ်မြေသစ်ရှာဖွေခဲ့ကြောင်း၊ ကျွန်းစုများကို အနောက်အိန္ဒိယကျွန်းစုဟူ၍ ခေါ်ဆိုပြီး ထိုကျွန်းများပေါ်တွင် နေထိုင်သူများကို အင်ဒီးယန်းဟု ခေါ်ဆိုကြောင်း ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ကျောင်းသားများအား အုပ်စုအလိုက်ခွဲ၍ ခရစ္စတိုဖာကိုလံဘတ်စ်၏ နယ်မြေသစ်ရှာဖွေခဲ့ပုံကို စဉ်းစားဆွေးနွေးပါစေ။ အုပ်စုအလိုက် ဆွေးနွေးချက်များမှ ရရှိသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ အောက်ပါမေးခွန်းကိုမေး၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ခရစ္စတိုဖာကိုလံဘတ်စ်၏ နယ်မြေသစ်ရှာဖွေခဲ့ပုံကို ဆွေးနွေးပါ။ (၂. ၂. ၃)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- အီတလီလူမျိုး ခရစ္စတိုဖာကိုလံဘတ်စ်သည် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သွားပြီးလျှင် အာရှတိုက်သို့ ရောက်နိုင်မည်ဟု ယုံကြည်သည်။
- စပိန်ဘုရင်၏ အကူအညီဖြင့် ၁၄၉၂ ခုနှစ်တွင် စပိန်နိုင်ငံမှ သင်္ဘောသုံးစင်းဖြင့် နယ်မြေသစ်ရှာဖွေရန် ဘဟားမားကျွန်းစုသို့ ရောက်ရှိခဲ့သည်။

၂.၂.၃။ စပိန်တို့အမေရိကတိုက်တွင်နယ်ချဲ့ခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၁၂)

သင်ခန်းစာရည်ရွယ်ချက်

- ♦ ကိုလံဘတ်စ်သည် အနောက်အိန္ဒိယကျွန်းစုသို့ ထပ်မံသွားရောက်ခဲ့ပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက ကျောင်းသားများအား ကိုလံဘတ်စ် နယ်မြေသစ်ရှာဖွေခဲ့ပုံအား သိရှိသမျှ ပြောပြပါ။ ယခုစာသင်ချိန်တွင် ကိုလံဘတ်စ်သည် အနောက်အိန္ဒိယကျွန်းစုသို့ ထပ်မံသွားရောက်ခဲ့ပုံကို သင်ယူမည်ဖြစ်ကြောင်း ပြောပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ကိုလံဘတ်စ်သည် ၁၄၉၃ ခုနှစ်တွင် စပိန်ပြည်သို့ ပြန်လည်ရောက်ရှိပြီး စပိန်ဘုရင်အတွက် ရွှေ၊ ငွေ၊ ဝါဂွမ်းနှင့် ထူးဆန်းသော တိရစ္ဆာန်များကို လက်ဆောင်အဖြစ် ဆက်သခဲ့ကြောင်း၊ ကိုလံဘတ်စ်ကို စပိန်ဘုရင်က သင်္ဘော ၁၇ စင်း၊ လူအင်အား ၁၅၀၀ ဖြင့် အနောက်အိန္ဒိယကျွန်းစုသို့ ထပ်မံစေလွှတ်ကြောင်း ဆရာက ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ကျောင်းသားများအား အုပ်စုအလိုက်ဖွဲ့၍ ကိုလံဘတ်စ်သည် အနောက်အိန္ဒိယကျွန်းစုသို့ ထပ်မံသွားရောက်ခဲ့ပုံကို စဉ်းစားဆွေးနွေးပါစေ။ အုပ်စုအလိုက် ဆွေးနွေးချက်များမှ ရရှိသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ အောက်ပါမေးခွန်းကိုမေး၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ကိုလံဘတ်စ်သည် ၁၄၉၃ ခုနှစ်တွင် စပိန်သို့ ပြန်လည်ရောက်ရှိခဲ့ပြီး အနောက်အိန္ဒိယကျွန်းစုသို့ ထပ်မံသွားရောက်ခဲ့ပုံကို ဆွေးနွေးပါ။ (၂.၂.၃)

ထို့နောက် အောက်ပါအဓိကအချက်ကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်

- ၁၄၉၃ ခုနှစ်တွင် စပိန်သို့ ပြန်လည်ရောက်ရှိပြီး ကိုလံဘတ်စ်အား စပိန်ဘုရင်က အနောက်အိန္ဒိယကျွန်းစုသို့ ထပ်မံစေလွှတ်သည်။

၂.၂.၃။ စပိန်တို့အမေရိကတိုက်တွင်နယ်ချဲ့ခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၁၃)

သင်ခန်းစာရည်ရွယ်ချက်

- ♦ ပေါ်တူဂီလူမျိုး မက်ဂျလန်သည် စပိန်ဘုရင်၏ အကူအညီဖြင့် ရေကြောင်းသွားလာမှုများမှ အရှေ့တောင်အာရှတွင် ကိုလိုနီနယ်မြေသစ် ထူထောင်ခဲ့ပုံကို ဆန်းစစ်တတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

ကျောင်းသားများအား ဆရာက မိမိပတ်ဝန်းကျင်တွင် ချောင်း၊ မြစ်၊ ပင်လယ်ကို အသုံးပြုပြီး သွားလာမှု ရှိ မရှိကို မေးမြန်းပါ။ ယခုစာသင်ချိန်တွင် ရေကြောင်းသွားလာမှုများမှ အရှေ့တောင်အာရှတွင် ပေါ်တူဂီလူမျိုး မက်ဂျလန်သည် ကိုလိုနီနယ်မြေသစ် ထူထောင်ခဲ့ပုံကို သင်ယူမည်ဖြစ်ကြောင်း ပြောပါ။

သင်ကြားခြင်း (၁၅)မိနစ်

ရေကြောင်းသွားလာသူ ပေါ်တူဂီလူမျိုး မက်ဂျလန်က အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာကိုဖြတ်၍ အနောက်ဘက်မှ ကမ္ဘာကိုပတ်နိုင်သော ရေကြောင်းလမ်းကို ရှာဖွေတွေ့ရှိနိုင်မည်ဟု ယုံကြည်ခဲ့ကြောင်း၊ တောင်အမေရိကတိုက် တောင်ဘက်အစွန်းတွင် ကျဉ်းမြောင်းသော ရေလက်ကြားကို နောင်တွင် မက်ဂျလန်ရေလက်ကြားဟု ဂုဏ်ပြုပြီး အမည်ပေးခဲ့ကြောင်း၊ ပစိဖိတ်သမုဒ္ဒရာကို ဖြတ်ကျော်၍ အရှေ့တောင်အာရှရှိ ဖိလစ်ပိုင်ကျွန်းစုကို ရောက်ရှိပြီး ကိုလိုနီနယ်မြေသစ် ထူထောင်ခဲ့ပုံကို ကျောင်းသုံးစာအုပ်အား ရည်ညွှန်းပြီး ရှုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ ရှင်းပြပါ။

လေ့ကျင့်ခြင်း (၂၀)မိနစ်

ကျောင်းသားများအား အုပ်စုအလိုက်ဖွဲ့၍ ပေါ်တူဂီလူမျိုး မက်ဂျလန်သည် စပိန်ဘုရင်၏ အကူအညီဖြင့် ရေကြောင်းသွားလာမှုများကို ကမ္ဘာ့မြေပုံတွင် ရောင်စုံပင်အပ်များ ထိုးစိုက်၍ ပြသစေပြီး အရှေ့တောင်အာရှတွင် ကိုလိုနီနယ်မြေသစ် ထူထောင်ခဲ့ပုံကို စဉ်းစားဆွေးနွေးပါစေ။ အုပ်စု

အလိုက် ဆွေးနွေးချက်များမှရရှိသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၅)မိနစ်

❖ အောက်ပါမေးခွန်းကိုမေး၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ပေါ်တူဂီလူမျိုး မက်ဂျလန်သည် စပိန်ဘုရင်၏ အကူအညီဖြင့် ရေကြောင်းသွားလာမှုများမှ အရှေ့တောင်အာရှတွင် ကိုလိုနီနယ်မြေသစ် ထူထောင်ခဲ့ပုံကို ဆွေးနွေးပါ။ (ပ. ပ. ၃)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ရေကြောင်းသွားလာသူ ပေါ်တူဂီလူမျိုး မက်ဂျလန်က စပိန်ဘုရင်၏ အကူအညီဖြင့် အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာကိုဖြတ်၍ အနောက်ဘက်မှ ကမ္ဘာကိုပတ်နိုင်သော ရေကြောင်းလမ်းကို ရှာဖွေတွေ့ရှိနိုင်မည်ဟု ယုံကြည်ခဲ့သည်။
- တောင်အမေရိကတိုက် တောင်ဘက်အစွန်းတွင် ကျဉ်းမြောင်းသော ရေလက်ကြားကို နောင်တွင် မက်ဂျလန်ရေလက်ကြားဟု အမည်ပေးခဲ့ကြသည်။
- ပစိဖိတ်သမုဒ္ဒရာကို ဖြတ်ကျော်၍ အရှေ့တောင်အာရှရှိ ဖိလစ်ပိုင်ကျွန်းစုကို ရောက်ရှိပြီး စပိန်တို့သည် ကိုလိုနီနယ်မြေသစ် ထူထောင်ခဲ့သည်။

၂.၂.၃။ စပိန်တို့အမေရိကတိုက်တွင်နယ်ချဲ့ခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၁၄)

သင်ခန်းစာရည်ရွယ်ချက်

♦ ကိုလံဘတ်စ်နှင့် မက်ဂျလန်တို့ ရောက်ရှိခဲ့သော နေရာများ၌ စပိန်ကိုလိုနီတည်ထောင်ခဲ့ပုံကို ဖော်ပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ကျောင်းသားများအား ဆရာက ပေါ်တူဂီလူမျိုး မက်ဂျလန်သည် စပိန်ဘုရင်၏ အကူအညီဖြင့် ရေကြောင်းသွားလာမှုများမှ အရှေ့တောင်အာရှတွင် ကိုလိုနီနယ်မြေသစ် ထူထောင်ခဲ့ပုံကို ပြန်လည်ပြောပြပါစေ။ ယခုစာသင်ခန်းတွင် ကိုလံဘတ်စ်နှင့် မက်ဂျလန်တို့ ရောက်ရှိခဲ့သော နေရာများကို စပိန်ကိုလိုနီတည်ထောင်ခဲ့ပုံကို သင်ယူမည်ဖြစ်ကြောင်း ပြောပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ကိုလံဘတ်စ်နှင့် မက်ဂျလန်တို့ ရောက်ရှိခဲ့သော အနောက်အိန္ဒိယကျွန်းစုနှင့် အမေရိကတိုက် အလယ်ပိုင်းကုန်းမြေတို့ကို စပိန်ကိုလိုနီနယ်များအဖြစ် တည်ထောင်ကြောင်း၊ ထပ်မံ၍ ကရစ်ဘီယန်ပင်လယ်အတွင်းရှိ ဟေတီ၊ ကျူးဘား စသော ကျွန်းများတွင် နယ်မြေချဲ့ထွင်ခဲ့ကြောင်း၊ ၁၅၁၉ ခုနှစ်တွင် မက္ကဆီကို၊ ၁၅၃၂ ခုနှစ်တွင် ပီရူး တို့ကို သိမ်းယူခဲ့ကြောင်း မြေပုံနှင့်တကွ ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ကျောင်းသားများအား ကျား၊ မ အုပ်စုအလိုက် ကိုလံဘတ်စ်နှင့် မက်ဂျလန်တို့ ရောက်ရှိခဲ့သော နေရာများအား စပိန်ကိုလိုနီတည်ထောင်ခဲ့ပုံကို ကမ္ဘာ့မြေပုံတွင် မှတ်သားပြစေပြီး စဉ်းစားဆွေးနွေးပါစေ။ အုပ်စုအလိုက်ဆွေးနွေးချက်များမှ ရရှိသောအချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ အောက်ပါမေးခွန်းများကိုမေး၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ကိုလံဘတ်စ်နှင့် မက်ဂျလန်တို့ နယ်မြေချဲ့ထွင်ခဲ့သောနေရာများကို ဖော်ပြပြီး စပိန်ကိုလိုနီ တည်ထောင်ခဲ့ပုံကို တင်ပြဆွေးနွေးပါ။ (၂. ၂. ၃)

၂။ ဥရောပတိုက်သားတို့ ပထမအဆင့် နယ်မြေချဲ့ထွင်မှုများကို အောက်ပါဇယားတွင် ဖြည့်စွက်၍ နှိုင်းယှဉ်ပါ။ (၂. ၂. ၃)

	ဗာစကိုဒဂါးမား	ကိုလံဘတ်စ်	မက်ဂျလန်
လူမျိုး	ပေါ်တူဂီ		
ခုနှစ်	၁၄၈၈		
ချဲ့ထွင်နယ်မြေ	အိန္ဒိယ		
နည်းလမ်း	ကုန်သွယ်ရေး		

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- အနောက်အိန္ဒိယကျွန်းစုနှင့် အမေရိကတိုက်အလယ်ပိုင်းကုန်းမြေတို့ကို စပိန်ကိုလိုနီနယ်များအဖြစ် တည်ထောင်လိုက်သည်။
- ကရစ်ဘီယန်ပင်လယ်အတွင်းရှိ ဟေတီ၊ ကျူးဘား စသော ကျွန်းများတွင် နယ်မြေချဲ့ထွင်ခဲ့သည်။
- ၁၅၁၉ ခုနှစ်တွင် မက္ကဆီကိုနှင့် ၁၅၃၂ ခုနှစ်တွင် ပီရူးတို့ကို သိမ်းယူနယ်ချဲ့ခဲ့ကြသည်။

၂.၂.၃။ စပိန်တို့အမေရိကတိုက်တွင်နယ်ချဲ့ခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၁၅)

သင်ခန်းစာရည်ရွယ်ချက်

- စပိန်တို့ တောင်အမေရိကတိုက်တွင် နယ်ချဲ့ခြင်းဖြင့် ကြွယ်ဝချမ်းသာလာပုံကို တင်ပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

ကျောင်းသားများအား ဆရာက ကိုလံဘတ်စ်နှင့် မက်ဂျလန်တို့ ရောက်ရှိခဲ့သော နေရာများကို စပိန်ကိုလိုနီတည်ထောင်ခဲ့ပုံအကြောင်း ပြန်လည်ပြောပြပါ။ ယခုစာသင်ချိန်တွင် စပိန်တို့ တောင်အမေရိကတိုက်တွင် နယ်ချဲ့ခြင်းဖြင့် ကြွယ်ဝချမ်းသာလာပုံကို သင်ယူမည်ဖြစ်ကြောင်း ပြောပါ။

သင်ကြားခြင်း (၁၅)မိနစ်

စပိန်တို့ ပီရူးနိုင်ငံရှိ သတ္တုတွင်းများမှ နှစ်စဉ် ရွှေနှင့် ငွေ အမြောက်အမြား ထုတ်ယူရရှိကြောင်း၊ ပီရူးမှ ရရှိသော ရွှေနှင့် ငွေများကို ဖိလစ်ပိုင်ကျွန်းစု မနီလာဆိပ်ကမ်းမြို့သို့ တင်ပို့ကြောင်း၊ တရုတ်နိုင်ငံထွက် ပစ္စည်းများဖြစ်သော ပိုးထည်၊ ကြွေထည်နှင့် အာရှတိုက်ထွက်ကုန် ဟင်းခတ်အမွှေးအကြိုင်နှင့် ဆင်စွယ်များကို ကုန်သွယ်ရောင်းချခြင်းဖြင့် စပိန်နိုင်ငံသည် ကြွယ်ဝချမ်းသာလာကြောင်း မြေပုံနှင့်တကွ ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ကျောင်းသားများအား ကျား၊ မ အုပ်စုအလိုက် စပိန်တို့ အမေရိကတိုက်တွင် နယ်ချဲ့ခြင်းဖြင့် ကြွယ်ဝချမ်းသာလာပုံကို ကမ္ဘာ့မြေပုံအားကြည့်၍ စဉ်းစားဆွေးနွေးပါစေ။ အုပ်စုအလိုက် ဆွေးနွေးချက်များမှ ရရှိသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ စူးစမ်းလေ့လာထားသော အချက်များကို ဆရာက သင်ပုန်းပေါ်တွင် ရေးသားပါ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ အောက်ပါမေးခွန်းကိုမေး၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ စပိန်တို့ တောင်အမေရိကတိုက်တွင် နယ်ချဲ့ခြင်းဖြင့်ရရှိလာသော အကျိုးဆက်ကို ဝေဖန်သုံးသပ်ပါ။ (၂.၂.၃)


ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ပီရူးမှရရှိသော ရွှေနှင့် ငွေများကို ဖိလစ်ပိုင်ကျွန်းစု မနီလာဆိပ်ကမ်းမြို့သို့ တင်ပို့ခဲ့သည်။
- တရုတ်နိုင်ငံထွက်ပစ္စည်းများဖြစ်သော ပိုးထည်၊ ကြွေထည်နှင့် အာရှတိုက်ထွက်ကုန်ဟင်းခတ်အမွှေးအကြိုင်နှင့် ဆင်စွယ်များကို ကုန်သွယ်ရောင်းချခြင်းဖြင့် စပိန်နိုင်ငံသည် ကြွယ်ဝချမ်းသာလာခဲ့သည်။

DEP BOX

သင်ခန်းစာ ၂.၂။ ဥရောပတိုက်သားတို့၏ ပထမအဆင့် နယ်ချဲ့ခြင်းတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။



References

1. Bentley, Jerry H., Herbert F.Ziegler, Heather E.Street, Traditions & Encounters A Brief Global History, New York, Mc Graw-Hill, 2006.
2. Palmer, R.R., Joel Colton, Lloyd Kramer, A History of the Modern World, New York, Mc Graw-Hill, 2006.
3. Tarling, Nicholas, (Edt.) The Cambridge History of Southeast Asia, Volume one, Part two from c.1500 to c.1800, Cambridge, United Kingdom, Cambridge University Press, 1994.

DBE BOX

၂.၃။ ဥရောပတိုက်သားတို့၏ ဒုတိယအဆင့်နယ်ချဲ့ခြင်း

စုစုပေါင်းစာသင်ချိန် (၁၂) ချိန်၊ တစ်ချိန်(၄၅)မိနစ်

သင်ယူမှုရလဒ်များ

- ဤအခန်းကို သင်ယူပြီးပါက ကျောင်းသားများအနေနှင့် ကမ္ဘာ့သမိုင်းတွင် ဥရောပတိုက်သားတို့ ဒုတိယအဆင့်နယ်ချဲ့ခြင်း၏ အခြေခံအကြောင်းရင်းဖြစ်သော ဒတ်ချ်၊ အင်္ဂလိပ်နှင့် ပြင်သစ်စသည့် အင်အားကြီးနိုင်ငံများ၏ အပြိုင်အဆိုင်နယ်ချဲ့မှုနှင့် ကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်ရန် ကြိုးပမ်းမှုသည် နယ်ချဲ့စနစ်၏ တွန်းအားဖြစ်ကြောင်း သုံးသပ်တတ်လာမည်။

သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

- ကမ္ဘာ့မြေပုံ၊ ဥရောပတိုက်သားတို့၏ ဒုတိယအဆင့်နယ်ချဲ့ခြင်းနှင့်သက်ဆိုင်သော ရုပ်ပုံကားချပ်များကို (ရနိုင်ပါက) စုဆောင်းပါ။

ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ

- ကမ္ဘာ့သမိုင်းတွင် ဥရောပတိုက်သားတို့ ဒုတိယအဆင့် နယ်ချဲ့ခြင်း၏အခြေခံအကြောင်းရင်းဖြစ်သော ဒတ်ချ်၊ အင်္ဂလိပ်နှင့် ပြင်သစ် စသည့် အင်အားကြီးနိုင်ငံများ၏ အပြိုင်အဆိုင်နယ်ချဲ့ခြင်းကို အုပ်စုဖွဲ့ကာ ဆွေးနွေးခြင်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်တတ်လာမည်။
- ထို့ပြင် ကျောင်းသား အချင်းချင်းသော်လည်းကောင်း၊ ဆရာနှင့်သော်လည်းကောင်း မေးမြန်းဆွေးနွေးပြောဆိုခြင်းအားဖြင့် ဆက်သွယ်ပြောဆိုတတ်လာမည်။
- ကျောင်းသားများအနေဖြင့် ကမ္ဘာ့သမိုင်းတွင် ဥရောပတိုက်သားတို့ ဒုတိယအဆင့်နယ်ချဲ့ခြင်း၏ အခြေခံအကြောင်းရင်း၊ အင်အားကြီးနိုင်ငံများ၏ အပြိုင်အဆိုင်နယ်ချဲ့မှုနှင့် ကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်ရန် ကြိုးပမ်းမှုသည် နယ်ချဲ့စနစ်၏ တွန်းအားဖြစ်ကြောင်း သုံးသပ်တတ်လာမည်။

၂.၃.၁။ ဥရောပတိုက်သားတို့ဒုတိယအဆင့်နယ်ချဲ့ခြင်း၏အခြေခံအကြောင်းရင်း

စာသင်ချိန် (၁)

သင်ခန်းစာရည်ရွယ်ချက်

- ♦ ဥရောပတိုက်သားတို့ ဒုတိယအဆင့် နယ်ချဲ့ခြင်း၏အခြေခံအကြောင်းရင်းမှ ပင်လယ်ရပ်ခြားဒေသများသို့ ဩဇာချဲ့ထွင်ခဲ့ပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဥရောပတိုက်သားတို့ ပထမအဆင့်နယ်ချဲ့ခြင်း သင်ခန်းစာနှင့် ပတ်သက်သော မေးခွန်းများကို မေးမြန်းပါ။ ယခုစာသင်ချိန်တွင် ဥရောပတိုက်သားတို့ ပင်လယ်ရပ်ခြားဒေသများသို့ ဩဇာချဲ့ထွင်ခဲ့ပုံကို သင်ယူမည်ဖြစ်ကြောင်း ပြောပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ပေါ်တူဂီနှင့် စပိန်နိုင်ငံတို့သည် ပထမအဆင့်နယ်ချဲ့မှုတွင် ဦးဆောင်သော နိုင်ငံများဖြစ်ကြောင်း၊ ဒုတိယအဆင့်နယ်ချဲ့မှုတွင် ဒတ်ချ်၊ အင်္ဂလိပ်နှင့် ပြင်သစ်တို့ ယှဉ်ပြိုင်သည့် နိုင်ငံများအဖြစ် ထင်ရှားခဲ့ကြောင်း၊ အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် အာရှတိုက်နှင့် အမေရိကတိုက်တို့တွင် ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ အရှေ့အိန္ဒိယကျွန်းစုတွင် ကိုလိုနီနယ် ပိုင်ဆိုင်ခွင့်ရရန် ဒတ်ချ်တို့က ကြိုးပမ်းခဲ့ကြကြောင်း ရှင်းပြပါ။ ထို့နောက် ကမ္ဘာ့မြေပုံ၊ ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်များကို အသုံးပြု၍ ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ကျောင်းသားများအား အုပ်စုဖွဲ့စေ၍ ဒုတိယအဆင့်နယ်ချဲ့ခြင်း၏ အခြေခံအကြောင်းရင်းတွင် ဥရောပတိုက်သားများ ပင်လယ်ရပ်ခြားဒေသများသို့ ဩဇာချဲ့ထွင်ခဲ့ပုံကို ကမ္ဘာ့မြေပုံအား ကြည့်၍ စဉ်းစားဆွေးနွေးပါစေ။ အုပ်စုအလိုက် ဆွေးနွေးချက်များမှ ရရှိသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ အောက်ပါမေးခွန်းကိုမေး၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ဒုတိယအဆင့်နယ်ချဲ့မှုတွင် အချင်းချင်းပြိုင်ဆိုင်လာသည့် နိုင်ငံများကိုဖော်ပြပါ။(၂. ၃. ၁)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဒတ်ချ်တို့သည် ဥရောပတွင် ပေါ်တူဂီ၊ စပိန်တို့နှင့် ယှဉ်ပြိုင်ရုံသာမက ပင်လယ်ရပ်ခြားဒေသများသို့ပါ ဩဇာချဲ့ထွင်ခဲ့ကြသည်။
- အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် အာရှတိုက်နှင့် အမေရိကတိုက်တို့တွင် ယှဉ်ပြိုင်ခဲ့ကြသည်။

၂.၃.၂။ ဒတ်ချ်တို့ အရှေ့အိန္ဒိယကျွန်းစုတွင် နယ်ချဲ့ခြင်း **စာသင်ချိန် (၂)**

သင်ခန်းစာရည်ရွယ်ချက်

- ဒတ်ချ်တို့ အရှေ့တိုင်းကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်နိုင်ရန် ကြိုးပမ်းခဲ့ပုံအား ဆွေးနွေးတတ်စေရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက သင်ကြားခဲ့ပြီးသော ဥရောပတိုက်သားတို့ ဒုတိယအဆင့်နယ်ချဲ့ခြင်း၏အခြေခံအကြောင်းရင်းတွင် ဒတ်ချ်တို့ ပင်လယ်ရပ်ခြားဒေသများကို သြဇာချဲ့ထွင်ခဲ့ခြင်းအကြောင်းနှင့် ပတ်သက်သည့် မေးခွန်းများကို ပြန်လည်မေးမြန်းပါ။ ယခုစာသင်ချိန်တွင် ဒတ်ချ်တို့ အရှေ့တိုင်းကုန်သွယ်ရေးတွင် လက်ဝါးကြီးအုပ်နိုင်ရန် ကြိုးပမ်းခဲ့ပုံကို သင်ယူရမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဒတ်ချ်တို့သည် အရှေ့တိုင်းဒေသများနှင့် ရောင်းဝယ်ဖောက်ကားရန် ကြိုးပမ်းလာကြောင်း၊ ၁၇ ရာစုတွင် အင်္ဂလိပ်နှင့် ဒတ်ချ်တို့သည် အရှေ့အိန္ဒိယကျွန်းစု၏ ဟင်းခတ်အမွှေးအကြိုင် ကုန်သွယ်ရေးတွင် ပါဝင်ယှဉ်ပြိုင်လာခဲ့ကြောင်း၊ ၁၆၀၀ ပြည့်နှစ်တွင် အင်္ဂလိပ်အရှေ့အိန္ဒိယ ကုမ္ပဏီကို လည်းကောင်း၊ ၁၆၀၂ ခုနှစ်တွင် ဒတ်ချ်တို့သည် ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီကိုလည်းကောင်း ထူထောင်ခဲ့ကြကြောင်း၊ ဒတ်ချ်တို့သည် ပေါ်တူဂီလက်ထဲတွင်ရှိခဲ့သော ဟင်းခတ်အမွှေးအကြိုင် ကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်ရယူရန် ကြိုးပမ်းခဲ့ကြကြောင်းရှင်းပြပါ။ ထို့နောက် ကမ္ဘာ့မြေပုံ၊ အရှေ့အိန္ဒိယကျွန်းစုပြမြေပုံနှင့် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်များကို အသုံးပြု၍ ရှင်းပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ်မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအား အုပ်စုအလိုက် ဒတ်ချ်တို့ အရှေ့တိုင်းကုန်သွယ်ရေးကို လက်ဝါးကြီး အုပ်နိုင်ရန် ကြိုးပမ်းခဲ့ပုံကို အရှေ့အိန္ဒိယကျွန်းစုပြမြေပုံအားကြည့်၍ စဉ်းစားဆွေးနွေးပါစေ။ အုပ်စုအလိုက် ဆွေးနွေးချက်များမှ ရရှိသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က အတန်းသို့ ပြန်လည်တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ဒတ်ချ်တို့သည် ( )နှင့် စပိန်တို့ထက် နောက်ကျ၍ ပင်လယ်ရပ်ခြားဒေသများသို့ ရောက်ရှိကြသည်။ (၂.၃.၂)

(ခ) အင်္ဂလိပ်နှင့် ဒတ်ချ်တို့သည် အရှေ့အိန္ဒိယကျွန်းစု၏ ( ) ကုန်သွယ်ရေးတွင် ပါဝင်ယှဉ်ပြိုင်လာခဲ့သည်။ (၂.၃.၂)

(ဂ) ၁၆၀၂ ခုနှစ်တွင် ဒတ်ချ်တို့သည် ( ) ကုမ္ပဏီကို ထူထောင်ခဲ့ကြသည်။ (၂.၃.၂)

၂။ ဒတ်ချ်တို့ အရှေ့တိုင်းကုန်သွယ်ရေးတွင် လက်ဝါးကြီးအုပ်နိုင်ရန် ကြိုးပမ်းခဲ့ပုံကို ဖော်ပြပါ။ (၂.၃.၂)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအားလုံးတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဒတ်ချ်တို့သည် ပေါ်တူဂီနှင့် စပိန်တို့ထက် နောက်ကျ၍ ပင်လယ်ရပ်ခြားဒေသများသို့ ရောက်ရှိကြသည်။
- ၁၆၀၀ ပြည့်နှစ်တွင် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီကိုလည်းကောင်း၊ ၁၆၀၂ ခုနှစ်တွင် ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီကိုလည်းကောင်း ထူထောင်ခဲ့ကြသည်။
- ဒတ်ချ်တို့သည် ပေါ်တူဂီလက်ထဲတွင်ရှိသော ဟင်းခတ်အမွှေးအကြိုင် ကုန်သွယ်ရေးကို လက်ဝါးကြီးအုပ် ရယူရန် ကြိုးပမ်းလာကြသည်။

၂.၃.၂။ ဒတ်ချ်တို့ အရှေ့အိန္ဒိယကျွန်းစုတွင်နယ်ချဲ့ခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၃)

သင်ခန်းစာရည်ရွယ်ချက်

- ဒတ်ချ်နှင့် ပေါ်တူဂီတို့ စီးပွားရေးအရ ပြိုင်ဆိုင်မှုကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဒတ်ချ်တို့ အရှေ့တိုင်းကုန်သွယ်ရေးတွင် လက်ဝါးကြီးအုပ်နိုင်ရန် ကြိုးပမ်းခဲ့ပုံကို ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ကျောင်းသားများအား ပြီးခဲ့သည့်သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်

ပြောပြပါစေ။ ယခုစာသင်ချိန်တွင် ဒတ်ချ်နှင့် ပေါ်တူဂီတို့ စီးပွားရေးအရ ပြိုင်ဆိုင်မှုကို လေ့လာသင်ယူမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

အင်္ဂလိပ်နှင့် ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီများသည် ပေါ်တူဂီတို့ ကြီးစိုးနေသော အရှေ့တိုင်းဒေသများတွင် အခမဲ့ဝင်ရောက်ပြီး ကုန်ကူးသန်းရောင်းဝယ်ကြကြောင်း၊ ဒေသခံ တိုင်းရင်းသားအကြီးအကဲများနှင့် စာချုပ်ချုပ်ပြီး ဟင်းခတ်အမွှေးအကြိုင် ရောင်းဝယ်ရေးကို လက်ဝါးကြီးအုပ်ခွင့်ရလာကြောင်း၊ ဒတ်ချ်တို့၏ စီးပွားရေးတိုက်စစ်ကို ပေါ်တူဂီတို့ တွန်းလှန်နိုင်ခြင်း မရှိကြောင်း၊ ၁၆၁၉ ခုနှစ်တွင် ဘတေးဗီးယားကို ဂျာကာတာဟု အမည်ပြောင်း၍ ဒတ်ချ်တို့၏ အရှေ့ပိုင်းအင်ပါယာဌာနချုပ်အဖြစ် သတ်မှတ်လိုက်ကြောင်း ဆရာက ရှင်းလင်းသင်ကြားပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ ပြောပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ်မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများ အုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ ဒတ်ချ်နှင့် ပေါ်တူဂီတို့ စီးပွားရေးအရ ပြိုင်ဆိုင်မှုကို အောက်ပါမေးခွန်းများအရ စဉ်းစားဆွေးနွေးပါစေ။ (၁) ဒတ်ချ်တို့ ဟင်းခတ်အမွှေးအကြိုင် ရောင်းဝယ်ရေးတွင် လက်ဝါးကြီးအုပ်နိုင်ရန် မည်ကဲ့သို့ လုပ်ဆောင်ခဲ့သနည်း။ (၂) ဒတ်ချ်တို့၏ အရှေ့ပိုင်းအင်ပါယာဌာနချုပ်သည် မည်သည့်ဒေသဖြစ်ခဲ့သနည်း။ ဆွေးနွေးနေစဉ် ဆရာက အတန်းကို လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ပေါ်တူဂီတို့သည် ( ) တို့၏ စီးပွားရေးတိုက်စစ်ကို တွန်းလှန်နိုင်ခြင်းမရှိပေ။ (၂. ၃. ၂)

(ခ) ဒတ်ချ်တို့သည် ၁၆၁၉ ခုနှစ်တွင် ဂျာဗားကျွန်းပေါ်ရှိ ဘတေးဗီးယားကို ( )ဟု အမည်ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ (၂. ၃. ၂)

၂။ ဒတ်ချ်နှင့် ပေါ်တူဂီတို့ စီးပွားရေးအရ ပြိုင်ဆိုင်ပုံကို ဆွေးနွေးပါ။ (၂. ၃. ၂)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဒတ်ချ်တို့သည် ပေါ်တူဂီလက်ထဲတွင်ရှိခဲ့သော ဟင်းခတ်အမွှေးအကြိုင်ကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်ရယူရန် ကြိုးပမ်းလာကြသည်။
- ဒတ်ချ်တို့သည် ၁၆၁၉ ခုနှစ်တွင် ဂျာဗားကျွန်းပေါ်ရှိ ဘတေးဗီးယားကို ဂျာကာတာဟု အမည်ပြောင်း၍ ဒတ်ချ်တို့၏ အရှေ့တိုင်းအင်ပါယာဌာနချုပ်အဖြစ် သတ်မှတ်လိုက်သည်။

၂.၃.၂။ ဒတ်ချ်တို့ အရှေ့အိန္ဒိယကျွန်းစုတွင်နယ်ချဲ့ခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၄)

သင်ခန်းစာရည်ရွယ်ချက်

- ဒတ်ချ်တို့ အရှေ့အိန္ဒိယကျွန်းစုတွင် ကိုလိုနီထူထောင်ခဲ့ပုံကို ဆွေးနွေးတတ်စေရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက ဒတ်ချ်နှင့် ပေါ်တူဂီတို့ စီးပွားရေးအရ ပြိုင်ဆိုင်မှုကို ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ပြီးခဲ့သည့်သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်ပြောပြပါစေ။ ယခုစာသင်ချိန်တွင် ဒတ်ချ်တို့ အရှေ့အိန္ဒိယကျွန်းစုတွင် ကိုလိုနီထူထောင်ခဲ့ပုံကို လေ့လာသင်ယူမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဒတ်ချ်တို့သည် ဟင်းခတ်အမွှေးအကြိုင်များကို သယ်ယူပို့ဆောင်ရာတွင် သဘော်အုပ်စုများဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း၊ ပေါ်တူဂီတို့၏ ရောင်းဝယ်ရေးကို လက်ဝါးကြီးအုပ်နိုင်ခဲ့ရုံသာမက အရှေ့အိန္ဒိယကျွန်းစုတွင် ကိုလိုနီအင်ပါယာကို တည်ထောင်နိုင်ခဲ့ကြောင်း၊ ၁၆၄၁ ခုနှစ်တွင် ဒတ်ချ်တို့သည် မလက္ကာရေလက်ကြားနှင့် ဆွန်ဒါရေလက်ကြားကို ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ အချက်အချာကျသော ဘတေးဗီးယားကို ထိန်းသိမ်းထားနိုင်ခြင်းကြောင့် အရှေ့အိန္ဒိယကျွန်းစုသို့သွားသော ရေလမ်းကြောင်းကို ချုပ်ကိုင်နိုင်လာကြောင်း ဆရာက ရှင်းလင်းသင်ကြားပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ ပြောပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ်မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများ အုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ ဒတ်ချ်တို့၏ အရှေ့အိန္ဒိယကျွန်းစုတွင် ကိုလိုနီထူထောင်ခဲ့ပုံကို စဉ်းစားဆွေးနွေးပါစေ။ ဆွေးနွေးနေစဉ် ဆရာက

အတန်းကို လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့တင်ပြပါစေ။ ထို့နောက် ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၅)မိနစ်

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ဒတ်ချ်တို့သည် ဟင်းခတ်အမွှေးအကြိုင်များကို သယ်ယူပို့ဆောင်ရာတွင် ( )များဖြင့် ကြပ်မတ်ပို့ဆောင်ပေးခဲ့သည်။ (၂.၃.၂)

(ခ) ဒတ်ချ်တို့သည် ပေါ်တူဂီတို့၏ အခြေခံစခန်းဖြစ်သော ( )ကို ၁၆၄၁ ခုနှစ်တွင် သိမ်းပိုက်နိုင်ခဲ့သည်။ (၂.၃.၂)

၂။ ဒတ်ချ်တို့ အရှေ့အိန္ဒိယကျွန်းစုတွင် ကိုလိုနီထူထောင်ခဲ့ရာမှ ရရှိသော အကျိုးအမြတ်များကို ဆွေးနွေးပါ။ (၂.၃.၂)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ၁၆၄၁ ခုနှစ်တွင် ဒတ်ချ်တို့သည် ပေါ်တူဂီတို့၏ အခြေခံစခန်းဖြစ်သော မလက္ကာကို သိမ်းပိုက်နိုင်သဖြင့် မလက္ကာရေလက်ကြားနှင့် ဆွန်ဒါရေလက်ကြားတို့ကို ထိန်းချုပ်နိုင်ခဲ့သည်။
- ဒတ်ချ်တို့သည် ဘတေးဗီးယားကို ထိန်းသိမ်းထားနိုင်ခြင်းကြောင့် အရှေ့အိန္ဒိယကျွန်းစုသို့သွားသော ရေလမ်းကြောင်းကို ချုပ်ကိုင်နိုင်လာသည်။

၂.၃.၂။ ဒတ်ချ်တို့ အရှေ့အိန္ဒိယကျွန်းစုတွင်နယ်ချဲ့ခြင်း (သင်ခန်းစာအဆက်) စာသင်ချိန် (၅)

သင်ခန်းစာရည်ရွယ်ချက်

- တောင်အာဖရိကနှင့် အရှေ့အိန္ဒိယကျွန်းစုဒေသများ ဒတ်ချ်ကိုလိုနီဖြစ်ပေါ်လာပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

သင်ကြားခဲ့ပြီးသော ဒတ်ချ်တို့ အရှေ့အိန္ဒိယကျွန်းစုတွင် ကိုလိုနီထူထောင်ခဲ့ပုံ သင်ခန်းစာမှ မေးခွန်းများကို ဆရာက မေးမြန်းပါ။ ယခုစာသင်ချိန်တွင် တောင်အာဖရိကနှင့် အရှေ့အိန္ဒိယကျွန်းစု ဒေသများ ဒတ်ချ်ကိုလိုနီဖြစ်ပေါ်လာပုံကို သင်ယူမည်ဖြစ်ကြောင်း ပြောပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ဒတ်ချ်တို့သည် သီဟိုဠ်(သီရိလင်္ကာ)ကမ်းခြေဒေသရှိ ပေါ်တူဂီ၏ စခန်းများကိုလည်း သိမ်းယူခဲ့ကြောင်း၊ ၁၆၅၂ ခုနှစ်တွင် ကိပ်တောင်းမြို့ကို တည်ထောင်နိုင်ခဲ့သဖြင့် အရှေ့တိုင်းသို့သွားသော ရေလမ်းကြောင်းကို ချုပ်ကိုင်နိုင်ခဲ့ကြောင်း၊ ပြိုင်ဘက်များဖြစ်သော ပေါ်တူဂီနှင့် အင်္ဂလိပ်တို့ကို အရှေ့အိန္ဒိယကျွန်းစုမှ ဖယ်ရှားနိုင်ခဲ့ကြောင်း၊ ၁၇၇၂ ခုနှစ်တွင် ဂျာဗားကျွန်းကို သိမ်းပိုက်အုပ်ချုပ်ခဲ့ကြောင်း၊ ၁၇၉၅ ခုနှစ်တွင် ကုမ္ပဏီအုပ်ချုပ်ရေးကို ဖျက်သိမ်း၍ ဒတ်ချ်ကိုလိုနီအဖြစ် ထူထောင်နိုင်ခဲ့ကြောင်း ဆရာက ရှင်းပြပါ။ ထို့နောက် ကမ္ဘာ့မြေပုံ၊ ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်များကို အသုံးပြု၍ ပြောပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ်မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများ အုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ ဒတ်ချ်ကိုလိုနီဖြစ်ပေါ်လာပုံကို အောက်ပါအချက်များအရ စဉ်းစားဆွေးနွေးပါစေ။ (၁) အရှေ့တိုင်းသို့ သွားသော ရေကြောင်းလမ်းကို ထိန်းချုပ်နိုင်ခဲ့ခြင်း၊ (၂) ဟင်းခတ်အမွှေးအကြိုင်ရောင်းဝယ်ရေးကို ချုပ်ကိုင်နိုင်ခဲ့ခြင်း၊ (၃) အရှေ့အိန္ဒိယကျွန်းစု၌ ဒတ်ချ်ကိုလိုနီ ထူထောင်နိုင်ခဲ့ခြင်း၊ ဆွေးနွေးနေစဉ် ဆရာက အတန်းကို လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက်ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ အောက်ပါမေးခွန်းကိုမေး၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ တောင်အာဖရိကနှင့် အရှေ့အိန္ဒိယကျွန်းစုဒေသများ ဒတ်ချ်ကိုလိုနီ ဖြစ်ပေါ်လာပုံကို ရှင်းပြပါ။ (၂.၃.၂)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- သီဟိုဠ် (သီရိလင်္ကာ) ကမ်းခြေဒေသရှိ ပေါ်တူဂီ၏ စခန်းများကိုလည်း သိမ်းယူခဲ့သည်။
- ဒတ်ချ်တို့သည် ကိပ်တောင်းမြို့ကို တည်ထောင်နိုင်ခဲ့သဖြင့် အရှေ့တိုင်းသို့သွားသော ရေလမ်းကြောင်းကို ပိုင်နိုင်စွာ ချုပ်ကိုင်နိုင်ခဲ့သည်။
- ဒတ်ချ်တို့သည် ပြိုင်ဘက်များဖြစ်သော ပေါ်တူဂီနှင့် အင်္ဂလိပ်တို့ကို အရှေ့အိန္ဒိယကျွန်းစုမှ ဖယ်ရှားလိုက်ကြသည်။
- ၁၇၉၅ ခုနှစ်တွင် ကုမ္ပဏီအုပ်ချုပ်ရေးကို ဖျက်သိမ်း၍ အရှေ့အိန္ဒိယကျွန်းစုကို ဒတ်ချ် အစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့သဖြင့် ဒတ်ချ်ကိုလိုနီဖြစ်လာသည်။

၂.၃.၃။ အင်္ဂလိပ်တို့ အိန္ဒိယတွင်နယ်ချဲ့ခြင်း **စာသင်ချိန် (၆)**

သင်ခန်းစာရည်ရွယ်ချက်

- အင်္ဂလန်နိုင်ငံ ပင်လယ်ရပ်ခြားနယ်မြေသစ် ရှာဖွေခြင်းတွင် ပါဝင်လာခဲ့ပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

တောင်အာဖရိကနှင့် အရှေ့အိန္ဒိယကျွန်းစုတွင် ဒတ်ချ်ကိုလိုနီဖြစ်ပေါ်လာပုံအကြောင်းနှင့် ပတ်သက်သည့် မေးခွန်းများကို ဆရာက ပြန်လည်မေးမြန်းပါ။ ယခုစာသင်ချိန်တွင် အင်္ဂလန်နိုင်ငံ ပင်လယ်ရပ်ခြားနယ်မြေသစ် ရှာဖွေခြင်းတွင် ပါဝင်လာခဲ့ပုံကို သင်ယူမည်ဖြစ်ကြောင်းပြောပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

အင်္ဂလန်နိုင်ငံ၏ ရေတပ်အင်အား တောင့်တင်းခြင်းသည် ပင်လယ်ရပ်ခြားဒေသများ သိမ်းပိုက်ရာတွင် အရေးပါသော အထောက်အကူဖြစ်ခဲ့ကြောင်း၊ ၁၆ ရာစုနှောင်းပိုင်းအထိ နယ်မြေ သစ်ရှာဖွေမှုတွင် စိတ်မဝင်စားခဲ့ကြောင်း၊ စက်မှုတော်လှန်ရေး ပေါ်ပေါက်လာပြီးနောက် ဈေးကွက်များ လိုအပ်လာရာမှ ပင်လယ်ရပ်ခြားနယ်မြေသစ်များ ရှာဖွေခြင်းတွင် ပါဝင်လာခဲ့ကြောင်း ဆရာက ရှင်းပြပါ။ ထို့နောက် ကမ္ဘာ့မြေပုံ၊ ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်များကို အသုံးပြု၍ ပြောပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ်မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများ အုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ အင်္ဂလန်နိုင်ငံ ပင်လယ်ရပ်ခြားနယ်မြေသစ် ရှာဖွေခြင်းတွင် ပါဝင်လာပုံကို စဉ်းစားဆွေးနွေးပါစေ။ ဆွေးနွေးနေစဉ် ဆရာက အတန်းကို လှည့်လည် ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ အောက်ပါမေးခွန်းကိုမေး၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ အင်္ဂလန်နိုင်ငံ၏ နယ်မြေသစ်များ ရှာဖွေလိုသည့် အကြောင်းရင်းကို ရှင်းပြပါ။ (၂.၃.၃)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- အင်္ဂလန်နိုင်ငံသည် ရေတပ်အင်အား တောင့်တင်းသဖြင့် ပင်လယ်ရပ်ခြားဒေသများ သိမ်းပိုက်ရာတွင် အရေးပါသော အထောက်အကူဖြစ်ခဲ့သည်။
- အင်္ဂလန်တွင် စက်မှုတော်လှန်ရေးပေါ်ပေါက်လာပြီးနောက် ကုန်ကြမ်းရရှိရန်နှင့် ကုန်ချော ပြန်လည်ရောင်းချရန် စျေးကွက်များ လိုအပ်လာရာမှ ပင်လယ်ရပ်ခြားနယ်မြေသစ်များ ရှာဖွေခြင်းတွင် ပါဝင်လာခဲ့သည်။

၂.၃.၃။ အင်္ဂလိပ်တို့ အိန္ဒိယတွင်နယ်ချဲ့ခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၇)

သင်ခန်းစာရည်ရွယ်ချက်

♦ အင်္ဂလိပ်တို့ အိန္ဒိယတွင် ကူးသန်းရောင်းဝယ်ရေး ဆောင်ရွက်ခဲ့ပုံကို သုံးသပ်တတ်စေရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက သင်ကြားခဲ့ပြီးသော အင်္ဂလန်နိုင်ငံ ကိုလိုနီနယ်မြေသစ်များ ရှာဖွေခြင်းတွင် ပါဝင်လာပုံကို ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ပြီးခဲ့သည့် သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်ပြောပြ

ပါစေ။ ယခုစာသင်ချိန်တွင် အင်္ဂလိပ်တို့ အိန္ဒိယတွင် ကူးသန်းရောင်းဝယ်ရေးဆောင်ရွက်ခဲ့ပုံကို လေ့လာသင်ယူမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

၁၇ နှင့် ၁၈ ရာစုများတွင် အင်္ဂလိပ်-ပြင်သစ် ယှဉ်ပြိုင်မှုသည် ဥရောပတွင်သာမက ပင်လယ်ရပ်ခြားဒေသများတွင်လည်း ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီသည် အရှေ့တိုင်းတွင် နယ်မြေသစ်များ ရှာဖွေခွင့်နှင့် ကူးသန်းရောင်းဝယ်ခွင့်ရရှိခဲ့ကြောင်း၊ ၁၆၀၉ ခုနှစ်တွင် အိန္ဒိယသို့ ပထမဆုံးရောက်ရှိခဲ့ပြီး စူရတ်မြို့တွင် ပထမဆုံးကုန်တိုက်ကို ထူထောင်ခဲ့ကြောင်း၊ ဘုံဘေ (မွန်ဘိုင်း)၊ မဒရပ် (ချင်နိုင်း)နှင့် ကာလကတ္တား (ကိုးလ်ကတ္တား)တို့သည် အဓိကကုန်သွယ်ရေးအချက်အချာဒေသများ ဖြစ်လာခဲ့ကြောင်း ဆရာက ရှင်းလင်းသင်ကြားပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ ပြောပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ်မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ အင်္ဂလိပ်တို့ အိန္ဒိယတွင် နယ်ချဲ့ပုံကို အောက်ပါအချက်များအရ စဉ်းစားဆွေးနွေးပါစေ။ (၁) အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် ဥရောပတွင်သာမက ပင်လယ်ရပ်ခြားဒေသများတွင်လည်း ယှဉ်ပြိုင်ခဲ့ကြခြင်း၊ (၂) အရှေ့အိန္ဒိယကုမ္ပဏီ တည်ထောင်ခြင်း၊ (၃) ပထမဆုံးကုန်တိုက်ကို စူရတ်မြို့တွင် ဖွင့်လှစ်ခြင်း၊ (၄) ကုန်သွယ်ရေး အချက်အချာဒေသများဖြစ်လာခြင်းတို့အား ဆွေးနွေးပါစေ။ ဆွေးနွေးနေစဉ် ဆရာက အတန်းကို လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ၁၇ နှင့် ၁၈ ရာစုများတွင် အင်္ဂလိပ်နှင့် ( ) တို့သည် နယ်မြေသစ်များ ရှာဖွေကြသည်။ (၂. ၃. ၃)

(ခ) အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီကို ( )ပြည့်နှစ်တွင် တည်ထောင်ခဲ့သည်။ (၂. ၃. ၃)

(ဂ) ၁၆၀၉ ခုနှစ်တွင် အင်္ဂလိပ်တို့သည် ( )မြို့တွင် ပထမဆုံးကုန်တိုက်ကို ထူထောင်ခဲ့သည်။ (၂. ၃. ၃)

၂။ အင်္ဂလိပ်တို့ အိန္ဒိယတွင် ကူးသန်းရောင်းဝယ်ရေး ဆောင်ရွက်ခဲ့ပုံကို ဆွေးနွေးပါ။ (၂.၃.၃) ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအားလုံးတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီကို ၁၆၀၀ ပြည့်နှစ်တွင် တည်ထောင်ပြီး အရှေ့တိုင်းတွင် ကူးသန်းရောင်းဝယ်ခွင့် ရရှိခဲ့သည်။
- ၁၆၀၉ ခုနှစ်တွင် အင်္ဂလိပ်တို့သည် အိန္ဒိယသို့ ပထမဆုံး ရောက်ရှိခဲ့ပြီး စူရတ်မြို့တွင် ပထမဆုံးကုန်တိုက်ကို ထူထောင်ခဲ့သည်။
- ဘုံဘေ (မွန်ဘိုင်း)၊ မဒရပ် (ချင်နိုင်း)နှင့် ကာလကတ္တား (ကိုးလ်ကတ္တား)တို့သည် အဓိကကုန်သွယ်ရေး အချက်အချာဒေသများ ဖြစ်လာခဲ့သည်။

၂.၃.၃။ အင်္ဂလိပ်တို့ အိန္ဒိယတွင်နယ်ချဲ့ခြင်း (သင်ခန်းစာအဆက်) **စာသင်ချိန် (၈)**

သင်ခန်းစာရည်ရွယ်ချက်

- အင်္ဂလိပ်တို့ အိန္ဒိယတွင် နိုင်ငံရေးအာဏာရယူပုံကို ရှင်းပြတတ်စေရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက အရှေ့စာသင်ချိန်တွင် သင်ကြားခဲ့ပြီးသော အင်္ဂလိပ်တို့ အိန္ဒိယတွင် ကူးသန်းရောင်းဝယ်ပုံကို ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ပြီးခဲ့သည့် သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်ပြောပြပါစေ။ ယခုစာသင်ချိန်တွင် အင်္ဂလိပ်တို့ အိန္ဒိယတွင် နိုင်ငံရေးအာဏာ ရယူခဲ့ပုံအကြောင်းကို လေ့လာသင်ယူမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

၁၇ ရာစုနှောင်းပိုင်းတွင် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၏ မူဝါဒသည် နိုင်ငံရေးအာဏာရယူရေးအသွင်သို့ ကူးပြောင်းသွားကြောင်း၊ အိန္ဒိယတွင် နယ်မြေများ သိမ်းယူကြရာမှ အင်္ဂလိပ်-ပြင်သစ် ယှဉ်ပြိုင်မှုများ ပြင်းထန်လာခဲ့ကြောင်း၊ ၁၇၅၆-၁၇၆၃ ခုနှစ်တွင် အင်္ဂလိပ်-ပြင်သစ်တို့ ပါဝင်ခဲ့ကြသော ခုနစ်နှစ်စစ်ပွဲတွင် ပြင်သစ်တို့ ရှုံးနိမ့်ခဲ့ကြောင်း စသည်တို့ကို ဆရာက ရှင်းလင်းသင်ကြားပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ ပြောပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ်မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သောအုပ်စုများ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများ အုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ အင်္ဂလိပ်တို့ အိန္ဒိယတွင် နိုင်ငံရေးအာဏာရယူပုံကို စဉ်းစားဆွေးနွေးပါစေ။ ဆွေးနွေးနေစဉ် ဆရာက အတန်းကို လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၏ မူဝါဒသည် ငြိမ်းချမ်းစွာ ကုန်သွယ်ရေးလုပ်ရာမှ နယ်မြေများ သိမ်းပိုက်ပြီး ( )အသွင်သို့ ကူးပြောင်းသွားသည်။ (၂.၃.၃)

(ခ) ခုနစ်နှစ်စစ်ပွဲတွင် အင်္ဂလိပ်နှင့် ( )တို့ ပါဝင်ခဲ့ကြသည်။ (၂.၃.၃)

၂။ အင်္ဂလိပ်တို့ အိန္ဒိယတွင် နိုင်ငံရေးအာဏာရယူပုံကို ဆွေးနွေးပါ။ (၂.၃.၃)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ဥရောပတွင် ဖြစ်ပွားခဲ့သော သြစတြီးယား ထီးနန်းဆက်ခံရေးစစ်ပွဲ (၁၇၀၀-၁၇၀၈)နှင့် ခုနစ်နှစ်စစ်ပွဲ (၁၇၅၆-၁၇၆၃)တို့တွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့ ပါဝင်ခဲ့ကြသည်။
- ခုနစ်နှစ်စစ်ပွဲတွင် ပြင်သစ်တို့ ရှုံးနိမ့်ခဲ့သည်။

၂.၃.၃။ အင်္ဂလိပ်တို့ အိန္ဒိယတွင် နယ်ချဲ့ခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၉)

သင်ခန်းစာရည်ရွယ်ချက်

- အင်္ဂလိပ်တို့ အိန္ဒိယတွင် အောင်ပွဲခံနိုင်ခဲ့ပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

သင်ကြားခဲ့ပြီးသော အင်္ဂလိပ်တို့ အိန္ဒိယတွင် နိုင်ငံရေးအာဏာရယူပုံ သင်ခန်းစာမှ မေးခွန်းများကို ဆရာက လည်မေးမြန်းပါ။ ယခုစာသင်ချိန်တွင် အင်္ဂလိပ်တို့ အိန္ဒိယတွင် အောင်ပွဲခံနိုင်ခဲ့ပုံအကြောင်းကို သင်ယူမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

၁၇၅၇ ခုနှစ်တွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့၏ ပလာဆေးတိုက်ပွဲတွင် ပြင်သစ်တို့ ရှုံးနိမ့်ပြီး အိန္ဒိယသည် အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ကြောင်း၊ အိန္ဒိယတွင် အင်္ဂလိပ်တို့ အောင်ပွဲခံနိုင်ခဲ့ခြင်းသည် အင်္ဂလိပ်တို့၏ ရေတပ်အင်အားကြီးမားလာခြင်းကြောင့်ဖြစ်ပြီး ထိုအချက်သည် နေမဝင်အင်ပါယာ ထူထောင်နိုင်ရန် တွန်းပို့ခဲ့ကြောင်း၊ နယ်မြေများ အပြိုင်အဆိုင် နယ်ချဲ့ကြရာမှ ဥရောပနိုင်ငံများအချင်းချင်း ပဋိပက္ခများ ဖြစ်ပွားလာခဲ့ကြောင်း ဆရာက ရှင်းပြပါ။ ထို့နောက် ကမ္ဘာ့မြေပုံ၊ ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်များကို အသုံးပြု၍ ပြောပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ်မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သောအုပ်စုများ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများ အုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ အင်္ဂလိပ်တို့ အိန္ဒိယတွင် အောင်ပွဲခံနိုင်ခဲ့ပုံအကြောင်းကို စဉ်းစားဆွေးနွေးပါစေ။ ဆွေးနွေးနေစဉ် ဆရာက အတန်းကို လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက်ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ၁၇၅၇ ခုနှစ်တွင် ဖြစ်ပွားသော ( ) တိုက်ပွဲတွင် ပြင်သစ်တို့ ရှုံးနိမ့်ခဲ့သည်။ (၂. ၃. ၃)

(ခ) နယ်မြေများ အပြိုင်အဆိုင်နယ်ချဲ့ကြရာမှ ( )နိုင်ငံများ အချင်းချင်း ပဋိပက္ခများ ဖြစ်ပွားလာခဲ့သည်။ (၂. ၃. ၃)

၂။ အိန္ဒိယနိုင်ငံ အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ရခြင်းနှင့် အင်္ဂလန်ကို နေမဝင်အင်ပါယာ ထူထောင်နိုင်ရန် တွန်းပို့သည့်အချက်များကို ရေးပါ။

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ပလာဆေးတိုက်ပွဲတွင် ပြင်သစ်တို့ နှုံးနိမ့်ပြီး အိန္ဒိယသည် အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်ခဲ့သည်။
- အိန္ဒိယတွင် အင်္ဂလိပ်တို့ အောင်နိုင်ခဲ့ခြင်းသည် ရေတပ်အင်အား ကြီးမားလာခြင်းကြောင့် ဖြစ်ပြီး အင်္ဂလန်ကို နေမဝင်အင်ပါယာ ထူထောင်နိုင်ရန် တွန်းပို့နိုင်ခဲ့သည်။

၂.၃.၄။ ပြင်သစ်တို့ မြောက်အမေရိကတိုက်တွင်နယ်ချဲ့ခြင်း စာသင်ချိန် (၁၀)

သင်ခန်းစာရည်ရွယ်ချက်

- ပြင်သစ်တို့ မြောက်အမေရိကတွင် ကိုလိုနီနယ်ထူထောင်ခဲ့ပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်

ဆရာက သင်ကြားခဲ့ပြီးသော အင်္ဂလိပ်တို့ အိန္ဒိယတွင် အောင်ပွဲခံနိုင်ခဲ့ပုံအကြောင်းနှင့် ပတ်သက်သည့် မေးခွန်းများကို ပြန်လည်မေးမြန်းပါ။ ယခုစာသင်ချိန်တွင် ပြင်သစ်တို့ မြောက်အမေရိကတွင် ကိုလိုနီနယ်ထူထောင်ခဲ့ပုံကို သင်ယူမည်ဖြစ်ကြောင်းပြောပြပါ။

သင်ကြားခြင်း (၁၅)မိနစ်

ပြင်သစ်တို့ မြောက်အမေရိကတွင်နယ်ချဲ့ရခြင်းမှာ သားမွေးကုန်သွယ်ရေးမှ အမြတ်ရရန်နှင့် အနောက်မြောက်လမ်းကြောင်း ရှာဖွေရန်တို့ကြောင့်ဖြစ်ကြောင်း၊ မြောက်အမေရိကရှိ နယူးဖရန့်နှင့် ကွီးဗက်တို့သည် ပြင်သစ်ကိုလိုနီဖြစ်လာခဲ့ကြောင်း၊ လူဝီစီယားနားနှင့် မက္ကဆီကို ပင်လယ်ကွေ့သည် ပြင်သစ်တို့၏ ပိုင်နက်ဖြစ်လာကြောင်းကို ကမ္ဘာ့မြေပုံနှင့် ကျောင်းသုံးစာအုပ်တို့ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်များ အသုံးပြု၍ ဆရာက ပြောပြပါ။

လေ့ကျင့်ခြင်း (၂၀)မိနစ်

ဆရာက ကျောင်းသားအရေအတွက်ပေါ်မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများ အုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ ပြင်သစ်တို့

မြောက်အမေရိကတွင် ကိုလိုနီနယ်ထူထောင်ခဲ့ပုံအကြောင်းကို စဉ်းစားဆွေးနွေးပါစေ။ ဆွေးနွေးနေစဉ် ဆရာက အတန်းကို လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ အောက်ပါမေးခွန်းကိုမေး၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ပြင်သစ်တို့ မြောက်အမေရိကတွင် ကိုလိုနီနယ် ထူထောင်ခဲ့ပုံကို ရှင်းပြပါ။ (၂.၃.၄)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ပြင်သစ်တို့ မြောက်အမေရိကတိုက်တွင် နယ်ချဲ့ရခြင်းမှာ သားမွေးကုန်သွယ်ရေးမှ အမြတ်ရရန်နှင့် အနောက်မြောက်လမ်းကြောင်း ရှာဖွေရန်တို့ကြောင့် ဖြစ်သည်။
- နယူးဖရန့်နှင့် ကွီးဗက်တို့သည် ပြင်သစ်ကိုလိုနီ ဖြစ်လာခဲ့သည်။
- လူဝီစီယားနားနှင့် မက္ကဆီကို ပင်လယ်ကွေ့သည် ပြင်သစ်တို့၏ ပိုင်နက်ဖြစ်လာခဲ့သည်။

၂.၃.၄။ ပြင်သစ်တို့ မြောက်အမေရိကတိုက်တွင်နယ်ချဲ့ခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၁၁)

သင်ခန်းစာရည်ရွယ်ချက်

♦ ပြင်သစ်တို့ မြောက်အမေရိကနှင့် အိန္ဒိယရှိ ပိုင်နက်နယ်မြေများကို အင်္ဂလိပ်တို့အား ပေးအပ်လိုက်ရပုံကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက သင်ကြားခဲ့ပြီးသော ပြင်သစ်တို့ မြောက်အမေရိကတွင် ကိုလိုနီနယ်ထူထောင်ခဲ့ပုံကို ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ပြီးခဲ့သည့် သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်ပြောပြပါစေ။ ယခုစာသင်ချိန်တွင် ပြင်သစ်တို့ မြောက်အမေရိကနှင့် အိန္ဒိယရှိ ပိုင်နက်နယ်မြေများကို အင်္ဂလိပ်တို့အား ပေးအပ်လိုက်ရပုံအကြောင်းကို လေ့လာသင်ယူမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် မြောက်အမေရိကတိုက်တွင် ကိုလိုနီထူထောင်လာကြရာမှ ပဋိပက္ခဖြစ်ခဲ့ကြကြောင်း၊ ၁၇၀၁ ခုနှစ်မှ ၁၇၁၄ ခုနှစ်အထိ ဖြစ်ပွားခဲ့သော စပိန်ထီးနန်း ဆက်ခံရေးစစ်ပွဲအပြီး ချုပ်ဆိုသော စာချုပ်အရ ပြင်သစ်ထံမှ နယူးဖောင်လန်၊ အာကေးဒီးယား၊ နိုဗာစကိုးရှားနှင့် ဟဒ်ဆင်ပင်လယ်အော်တို့ကို အင်္ဂလိပ်တို့က ရရှိခဲ့ကြောင်း၊ ဩစတြီးယား ထီးနန်းဆက်ခံရေးစစ်ပွဲအပြီးတွင် ပြင်သစ်သည် အင်္ဂလိပ်တို့ကို အိန္ဒိယရှိ မဒရပ်ကို ပေးခဲ့ရကြောင်း ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ ဆရာက ပြောပြပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ်မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သော အုပ်စုများဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ ပြင်သစ်တို့ ၎င်းတို့ပိုင်နက်နယ်မြေများ လက်လွတ်ဆုံးရှုံးရပုံအကြောင်းကို စဉ်းစားဆွေးနွေးစေမည်။ ဆွေးနွေးနေစဉ် ဆရာက အတန်းကို လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် ( ) တွင် ကိုလိုနီထူထောင်ခဲ့ကြရာမှ ပဋိပက္ခဖြစ်ခဲ့ကြသည်။ (၂.၃.၄)

(ခ) ဩစတြီးယားထီးနန်းဆက်ခံရေးစစ်ပွဲအပြီးတွင် ပြင်သစ်သည် အင်္ဂလိပ်တို့ကို အိန္ဒိယရှိ ( ) ကို ပေးခဲ့ရသည်။ (၂.၃.၄)

၂။ ပြင်သစ်တို့ပိုင်နက်နယ်မြေများအား အင်္ဂလိပ်တို့ သိမ်းပိုက်ရရှိပုံကို ဆွေးနွေးပါ။ (၂.၃.၄)

ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- စပိန်ထီးနန်းဆက်ခံရေး စစ်ပွဲအပြီး ချုပ်ဆိုသော စာချုပ်အရ ပြင်သစ်ထံမှ နယူးဖောင်လန်၊ အာကေးဒီးယား၊ နိုဗာစကိုးရှားနှင့် ဟဒ်ဆင်ပင်လယ်အော်တို့ကို အင်္ဂလိပ်တို့က ရရှိခဲ့သည်။
- ဩစတြီးယားထီးနန်းဆက်ခံရေးစစ်ပွဲအပြီးတွင် ပြင်သစ်သည် အင်္ဂလိပ်တို့ကို အိန္ဒိယရှိ မဒရပ်ကို ပေးခဲ့ရသည်။

၂.၃.၄။ ပြင်သစ်တို့ မြောက်အမေရိကတိုက်တွင်နယ်ချဲ့ခြင်း (သင်ခန်းစာအဆက်)

စာသင်ချိန် (၁၂)

သင်ခန်းစာရည်ရွယ်ချက်

- ပြင်သစ်တို့ မြောက်အမေရိကတိုက်တွင် ကိုလိုနီပြိုင်ဆိုင်မှု နောက်ဆုံးအခြေအနေကို ရှင်းပြတတ်ရန်။

သင်ခန်းစာမိတ်ဆက်ခြင်း **(၅)မိနစ်**

ဆရာက အရှေ့သင်ခန်းစာမှ သင်ကြားခဲ့ပြီးသော ပြင်သစ်တို့ မြောက်အမေရိကနှင့် အိန္ဒိယရှိ ပိုင်နက်နယ်မြေများကို အင်္ဂလိပ်တို့အား ပေးအပ်လိုက်ရပုံကို ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ပြီးခဲ့သည့် သင်ခန်းစာကို မှတ်မိသမျှ ပြန်လည်ပြောပြပါစေ။ ယခုစာသင်ချိန်တွင် ပြင်သစ်တို့ မြောက်အမေရိကတိုက်တွင် ကိုလိုနီပြိုင်ဆိုင်မှု နောက်ဆုံးအခြေအနေကို လေ့လာသင်ယူမည်ဖြစ်ကြောင်း ပြောပြပါ။

သင်ကြားခြင်း **(၁၅)မိနစ်**

ခုနစ်နှစ်စစ်ပွဲသည် ဥရောပတွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့၏ နောက်ဆုံး ကိုလိုနီ ပြိုင်ဆိုင်မှု ဖြစ်ကြောင်း၊ ပဲရစ်စစ်ပြေငြိမ်းရေးစာချုပ်အရ အင်္ဂလိပ်တို့သည် ပြင်သစ်ထံမှ နယ်မြေများ ရရှိခဲ့ကြောင်း၊ အင်္ဂလိပ်နှင့် ပြင်သစ်တို့ ပြိုင်ဆိုင်မှုတွင် ပြင်သစ်သည် ဥရောပတွင် ဖြစ်ပွားသော စစ်ပွဲများကိုသာ အလေးထားပြီး အင်္ဂလိပ်ကမူ ပင်လယ်ရပ်ခြား နယ်မြေပိုင်ဆိုင်မှုများကို ပိုမိုအာရုံစိုက်ခဲ့ကြောင်း၊ မြောက်အမေရိကတိုက်သည် အင်္ဂလိပ်တို့၏ ဩဇာအောက်သို့ ကျရောက်ခဲ့ရကြောင်း ကျောင်းသုံးစာအုပ်ကို ရည်ညွှန်းပြီး ရုပ်ပုံကားချပ်နှင့် မြေပုံကို အသုံးပြု၍ ဆရာက ရှင်းလင်းသင်ကြားပါ။

လေ့ကျင့်ခြင်း **(၂၀)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်ပေါ်မူတည်၍ ကျား၊ မ ညီမျှစွာ ပါဝင်သောအုပ်စုများ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများ အုပ်စုအလိုက် ကျောင်းသုံးစာအုပ်ကိုဖတ်၍ ကားချပ်မြေပုံကို အသုံးပြု၍ ရှင်းပြပါ။ ထို့နောက် ဥရောပတွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့၏ မြောက်အမေရိကတိုက်တွင် ကိုလိုနီပြုဆိုင်မှု နောက်ဆုံးအခြေအနေအကြောင်းကို စဉ်းစားဆွေးနွေးစေမည်။ ဆွေးနွေးနေစဉ် ဆရာက အတန်းကို လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးချင်းစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း **(၅)မိနစ်**

❖ အောက်ပါမေးခွန်းကိုမေး၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

၁။ ပြင်သစ်တို့ မြောက်အမေရိကတိုက်တွင် ကိုလိုနီပြုဆိုင်မှု အခြေအနေကို ဆွေးနွေးပါ။ (၂.၃.၄)


ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

အဓိကအချက်များ

- ပဲရစ်စစ်ပြေငြိမ်းရေးစာချုပ်အရ အင်္ဂလိပ်တို့သည် ပြင်သစ်ထံမှ ကနေဒါ၊ အာကေးဒီးယား၊ နိုဗာစကိုးရှားနှင့် အနောက်အိန္ဒိယကျွန်းစုမှ ကျွန်းအချို့တို့ကို ရရှိခဲ့သည်။
- ပြင်သစ်သည် မြောက်အမေရိကတွင် ၎င်း၏ ပိုင်ဆိုင်မှုများအားလုံးကို စွန့်လွှတ်ခဲ့ရပြီး မြောက်အမေရိကသည် အင်္ဂလိပ်တို့၏ သြဇာအောက်သို့ ကျရောက်ခဲ့ရသည်။

DRE BOX

သင်ခန်းစာ ၂.၃။ ဥရောပတိုက်သားတို့၏ ဒုတိယအဆင့်နယ်ချဲ့ခြင်းတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။



ဆရာမှတ်စု

- **ဩစတြီးယားထီးနန်းဆက်ခံရေးစစ်ပွဲ (၁၇၄၀-၁၇၄၈)** - ဩစတြီးယားဧကရာဇ် ချားလ်(စ်)တွင် ထီးနန်းဆက်ခံမည့် သားမရှိသဖြင့် သမီးဖြစ်သူ မာရီယာထရီဇာက ထီးနန်းဆက်ခံနိုင်ရေးအတွက် ဥပဒေထုတ်ပြန်ခဲ့သည်။ သို့သော် ၁၇၄၀ ပြည့်နှစ်တွင် ချားလ်(စ်) နတ်ရွာစံသောအခါ မာရီယာထရီဇာ ထီးနန်းဆက်ခံမှုကို စပိန်၊ ဘာဗေးရီးယားနှင့် ဆက်ဆွန်နီနိုင်ငံများမှ ဘုရင်များက ကန့်ကွက်ခဲ့ကြသည်။ ပရပ်ရှားဘုရင် ဖရက်ဒရစ်သည် စပိန်၊ ဘာဗေးရီးယား၊ ပြင်သစ်နိုင်ငံတို့နှင့် မဟာမိတ်ပြုကာ ဩစတြီးယားပိုင် ဆိုင်လီးရှားဒေသကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ရာမှ စစ်ပွဲစတင်ဖြစ်ပွားခဲ့သည်။ ဩစတြီးယားဘက်မှ အင်္ဂလန်နှင့် နယ်သာလန်နိုင်ငံတို့က ပူးပေါင်းတိုက်ခိုက်ခဲ့သည်။ ၁၇၄၈ ခုနှစ်တွင် အက်(စ်)လာရှာပဲလ် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုပြီး စစ်ပွဲအဆုံးသတ်ခဲ့သည်။
- **ခုနစ်နှစ်စစ်ပွဲ (၁၇၅၆-၁၇၆၃)** - ဩစတြီးယားဘုရင်မ မာရီယာထရီဇာသည် ပရပ်ရှားလက်သို့ဆုံးရှုံးခဲ့ရသော ဆိုင်လီးရှားနယ်ကို ပြန်လည်ရယူရန်၊ ၁၇၅၆ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၊ ရုရှားနိုင်ငံ၊ ဆက်ဆွန်နီနိုင်ငံတို့နှင့် မဟာမိတ်ဖွဲ့ကာ တိုက်ခိုက်ရန်စီစဉ်ခဲ့သည်။ ပရပ်ရှားဘုရင် ဖရက်ဒရစ်သည် လက်ဦးမှုရယူကာ ၁၇၅၆ ခုနှစ် အောက်တိုဘာလတွင် ဩစတြီးယား၏

မဟာမိတ် ဆက်ဆွန်နီနယ်ကို စတင်တိုက်ခိုက်ခဲ့သည်။ ဤသို့ဖြင့် ခုနစ်နှစ်စစ်ပွဲ စတင်ခဲ့သည်။ ပရပ်ရှား၊ အင်္ဂလန်နှင့် ဟန်နိုဗာနိုင်ငံတို့ကတစ်ဖက်၊ ဩစတြီးယား၊ ပြင်သစ်၊ ရုရှား၊ ဆွီဒင်၊ စပိန်နှင့် ဆက်ဆွန်နီနိုင်ငံတို့ကတစ်ဖက် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသည်။ ၁၇၆၃ ခုနှစ်တွင် စစ်ပြေငြိမ်းစာချုပ်များ ချုပ်ဆိုခြင်းဖြင့် ခုနစ်နှစ်စစ်ပွဲ ပြီးဆုံးခဲ့သည်။

ပရပ်ရှား ။ ။ ယနေ့ ဂျာမနီနိုင်ငံတွင်ရှိသည်။ ဂျာမန်ပြည်နယ်များတွင် အရေးအပါဆုံးသော ပြည်နယ်ဖြစ်သည်။

ဟန်နိုဗာ ။ ။ တစ်ချိန်က လွတ်လပ်သော ဂျာမနီ၏ မင်းနိုင်ငံဖြစ်သည်။

ဆက်ဆွန်နီ (Saxony) ။ ။ ယနေ့ ဂျာမနီနိုင်ငံ၏ အနောက်မြောက်ဘက်တွင်ရှိသည်။

ဆိုင်လီးရှား ။ ။ ယနေ့ ဩစတြီးယားနိုင်ငံတွင်ရှိသည်။

ကျမ်းကိုးစာရင်း

၁။ သိန်းလှိုင်၊ ဦး၊ ခေတ်သစ်အရှေ့တောင်အာရှ၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်၊ ၂၀၁၅။

၂။ Hilton, P.B and Tate, D.J, South East Asia in World History: Course for Lower Secondary Schools, Kuala Lumpur, Oxford University Press, 1967.

DBE BOX